# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက် | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၂ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၀၂)


## အမျက်ဒေါသ မရှိ

အမျက်ဒေါသသည် ဆင်းရဲစေ၏။ စိုးရိမ်ပူပန်ရ၏။ ထို့ကြောင့် အမျက်ဒေါသကို ပယ်နိုင်ရန် သည်းခံတတ်သော စိတ်ကို မွေးမြူရာ၏။ အမျက်ဒေါသမရှိ သည်းခံခြင်းဂုဏ်နှင့် ပြည့်စုံတော်မူသော ရဟန္တာမြတ်တို့၏ ဂုဏ်ကျေးဇူးကို အောက်မေ့ကြည်ညိုရာ၏။ **ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၄၀၀)**

## နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဖိတ်ကြားချက်အရ လာအိုသမ္မတနှင့်ဇနီး ချစ်ကြည်ရေးခရီး လာရောက်မည်

**နေပြည်တော် ဩဂုတ် ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘွန်ညံ ဗိုရာချစ်နှင့် ဇနီး မစ္စစ် ခမ်းမွမ်းဂ် ဗိုရာချစ် တို့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ မကြာမီကာလတွင် တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

# အဆို၊ အက၊ အရေး၊ အတီး အပါအဝင် အနုသုခုမပညာရပ်များ အရှည်သဖြင့် တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်




**နေပြည်တော် ဩဂုတ် ၁**

မြန်မာ့တန်ဖိုးဆိုသည်မှာ မြန်မာနိုင်ငံ၏ ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုအမွေအနှစ်၊ အနုပညာနှင့် သုခုမလက်ရာများကို ကိုယ်စားပြုပါကြောင်း၊ မြန်မာလူမျိုး၊ မြန်မာနိုင်ငံဟု ဆိုလိုက်သည်နှင့် ယင်းတန်ဖိုးများကို အလိုအလျောက်မြင်ယောင်လာစေမည်ဖြစ်ပါကြောင်း၊ ထို့အတူ အဆိုပါယဉ်ကျေးမှုအထိမ်းအမှတ်များကို မြင်လိုက်သည်နှင့် မြန်မာဆိုသည်ကိုလည်း ယှဉ်တွဲသိမြင်လာစေမည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။ **(ဝဲပုံ)**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီတွင်ကျင်းပသည့် (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၄* ❀

**အများနှင့်သက်ဆိုင်သော နေရာများတွင် မြန်မာ-ဂျပန်အသင်း လစဉ်သန့်ရှင်းရေးပြုလုပ်ပေးမည်**

စာ-၉

**ရီယိုအိုလံပစ် အကြောင်း တစေ့တစောင်း**

စာ-၁၁

**ဆိပ်ဖြူမြို့နယ်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား ရေလွတ်ရာသို့ ကူညီပြောင်းရွှေ့ပေး**

စာ-၁၂






# လူငယ်နှင့် ပတ်ဝန်းကျင်

လူငယ်များဆိုးသွမ်းခြင်း၏ ခရီးအစသည် ၎င်းတို့၏အိမ်မှဖြစ်သည်။ ခိုးမှု၊ လုယက်မှု၊ မူးယစ်ဆေးသုံးစွဲမှု၊ သူတစ်ပါးကို နာကျင်စေမှုအပါအဝင် ပြစ်မှုအမျိုးမျိုးကိုကျူးလွန်သူ လူငယ်များ၏နောက်ကွယ်ရှိ မိသားစု၏ အခြေအနေအမျိုးမျိုးတို့က ဆိုးသွမ်းလူငယ်လေးများ ဖြစ်ပေါ်လာစေရန် ဖန်တီးပေးလိုက်ခြင်းဖြစ်သည်ဟု လူမှုရေးသုတေသီတို့ကဆိုကြသည်။

ခက်ခဲကြမ်းတမ်းသော မိသားစုဘဝတွင် ကြီးပြင်းလာရသူများ၊ ပတ်ဝန်းကျင်က နှိမ့်ချခြင်းကိုခံရသူများ၊ ပင်ကိုစရိုက်အားဖြင့် ရန်လိုတတ်သူများ၊ ဒုစရိုက်မှုထူပြောသည့် ပတ်ဝန်းကျင်၌ ကြီးပြင်းလာရသူများ၊ မိသားစုအတွင်းညှဉ်းပန်းနှိပ်စက်ခံကြရသူများ အစရှိသဖြင့် ဗီဇနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေအရပ်ရပ်တို့က လူဆိုးလေးများကို မွေးထုတ်ပေးလိုက်ခြင်းဖြစ်သည်ဟုလည်း ဆိုသည်။

မည်သို့ပင်ဆိုစေကာမူ လူဆိုးလူသွမ်းလေးများမှာ ၎င်းတို့ကျင်လည်ရာ လူမှုအသိုင်းအဝိုင်းနှင့်လည်းကောင်း၊ တရားဥပဒေနှင့်လည်းကောင်း ရင်ဆိုင်တွေ့ကြရသည့်အခါတွင် ၎င်းတို့ကျူးလွန်ခဲ့ရာ ပြစ်မှုအတိုင်းအတာအလျောက်အပြစ်ပေးခြင်းကို ခံကြရသည်။ ယင်းသို့ အပြစ်ပေးရာတွင် ပြစ်မှုကျူးလွန်သူလူငယ်များအား အကျင့်စာရိတ္တကောင်းမွန်ရေး၊ လူ့အသိုင်းအဝိုင်းအတွင်းသို့ပြန်လည်ဝင်ရောက်လာနိုင်ရေးစသောကောင်းသည့်ရည်ရွယ်ချက်များဖြင့် ပြုပြင်ပေးရန်သာဖြစ်သင့်ပြီး ၎င်းတို့၏ အနာဂတ်ဘဝတစ်လျှောက် လူလုံးမလှသည့်အဖြစ်သို့ မကျရောက်အောင်၊ လူသားတစ်ဦး၏ ဂုဏ်သိက္ခာကို ချိုးနှိမ်ပစ်ရာမရောက်အောင် ဂရုပြုကြရမည်ဖြစ်သည်။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းတွင် “မည်သူ့ကိုမျှညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ လူ့သိက္ခာ ညှိုးနွမ်းစေသော ပြုမူဆက်ဆံခြင်း သို့မဟုတ် အပြစ်ဒဏ်ပေးခြင်းမပြုရ။” ဟု ပြဋ္ဌာန်းထားသည်ကိုလည်း သတိမူကြရာသည်။ မိသားစုနှင့်ပတ်ဝန်းကျင်၏ ရိုက်ခတ်မှု အမျိုးမျိုးတို့ကြောင့် ပန်းကောင်းအညွန့်ကျိုးဘဝသို့ ရောက်ရှိကြရသော ကလေးသူငယ်များနှင့် လူငယ်များကို စေတနာ၊ အကြင်နာ၊ ဝါသနာစသော ကောင်းမြတ်သည့် စိတ်နှလုံးများနှင့် ပြုစုပျိုးထောင်ပေးပြီး အဖိုးတန်သောနိုင်ငံသားများအဖြစ် ပြန်လည်ပုံသွင်းနိုင်သည့် သာဓကကိုလည်း လတ်တလော တွေ့မြင်နိုင်ပါသည်။

ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်တန်းအောင်ခဲ့သော အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းကျ ကျောင်းသား ၁၁ ဦးနှင့် ၎င်းတို့အား သင်ကြားပေးခဲ့သည့် ဆရာဆရာမများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက်က ကျင်းပခဲ့သည်။ အကျဉ်းကျကျောင်းသားများ ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် အကျဉ်းဦးစီးဌာနက စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး အထက(၁)အင်းစိန်၊ အလက(၁၃) အင်းစိန်တို့မှ ကျောင်းအုပ်နှင့်ဆရာ ဆရာမများက စေတနာ၊ မေတ္တာကြီးမားစွာဖြင့် သင်ကြားပေးခဲ့ကြခြင်းဖြစ်ရာ အဆိုပါ ပညာသင်နှစ်အတွင်း အကျဉ်းကျကျောင်းသား ၁၉ ဦး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့်အနက် ၁၁ ဦးအောင်မြင်ခဲ့သည့်အပြင် ဂုဏ်ထူးပင်ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

“နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်။” ဟု ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသည်။ လူငယ်များ ဆိုးသွမ်းခြင်း၊ ပြစ်မှုကျူးလွန်ခြင်းဆိုသည်မှာ အထက်တွင်ဆိုခဲ့ပြီးသကဲ့သို့ ၎င်းတို့၏လူမှုဘဝပတ်ဝန်းကျင် အခြေအနေအမျိုးမျိုးနှင့် ဗီဇစရိုက်အမျိုးမျိုးတို့ကြောင့်ဖြစ်ရာ စေတနာ၊ မေတ္တာဖြင့် ပတ်ဝန်းကျင်ကောင်းတွင် ကောင်းစွာပုံသွင်းပြုပြင်ပေးခြင်းဖြင့် လူ့ဘောင်လောကကို အကျိုးပြုနိုင်သော လူတော်လူကောင်းကလေးများအဖြစ်သို့ ရောက်ရှိနိုင်ပါကြောင်း။ ။






## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အမ်းမြို့တွင် ဆောင်ရွက်

**အမ်း ဩဂုတ် ၁**

ကျောက်ဖြူခရိုင် အမ်းမြို့ရှိ မြို့ပေါ်(၅)ရပ်ကွက်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရန်နှင့် ဓာတ်အားအပြည့်အဝရရှိရေးအတွက် မြို့နယ်လျှပ်စစ်မှူး ဦးစိုးလွင်နှင့် ဝန်ထမ်းများက ဇူလိုင်လနောက်ဆုံးပတ်က ရပ်ကွက်များသို့ သွားရောက်ခဲ့ပြီး လူထုဟောပြောပွဲများပြုလုပ်ပေးခြင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ သစ်ပင်သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်း၊ ဟောင်းနွမ်းဆွေးမြည့်နေသော ဝိုင်ယာကြိုးများကို လဲလှယ်ပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ**

# လုပ်ငန်းလုပ်ဆောင်ရာတွင် နည်းပညာပိုင်းဆိုင်ရာအထက်၊ အောက် လက်ဆင့်ကမ်းလုပ်ဆောင်ရန် ပြည်ထောင်စုစာရင်းစစ်ချုပ်မှာကြား



**ရန်ကုန် ဩဂုတ် ၁**

ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်ကြားလုပ်ဆောင်ရာတွင် အသင်းအဖွဲ့ဖြင့် စည်းစည်းလုံးလုံးဆောင်ရွက်ရန်နှင့် နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းလုပ်ဆောင်ရာတွင် အထက်၊ အောက် လက်ဆင့်ကမ်းမျှဝေဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီး စာရင်းရုံးဝန်ထမ်းများအား ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက တွေ့ဆုံဆွေးနွေးပွဲတွင် မှာကြားခဲ့ကြောင်း သိရသည်။

ယနေ့နံနက် ၉ နာရီခွဲတွင် တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး မြပန်းအိုင်ခန်းမ၌ ပြုလုပ်သည့် ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီးအတွင်းရှိ စာရင်းရုံးဝန်ထမ်းများ တွေ့ဆုံပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

“လုပ်ငန်းခွင် နည်းပညာပိုင်းနဲ့ ပတ်သက်လို့ ဝန်ထမ်းတွေအနေနဲ့ လက်ဆင့်ကမ်းဖို့လိုပါတယ်။ ညွှန်ကြားရေးမှူးက ဒုတိယညွှန်ကြားရေးမှူး၊ ဦးစီးမှူးစသဖြင့် အဆင့်ဆင့်ကမ်းရမယ်။ ကျွန်တော်ခံယူထားတာက ကျွန်တော်ကိုယ်တိုင်ပင် အရာရာ မသိဘူး။ စာရင်းစစ်မှူးက ကျွန်တော့်ထက်သိတဲ့ အကြောင်းအရာတွေရှိမယ်။ ပြောရရင် လုပ်ငန်းခွင်အဆင်ပြေပျော်ရွှင်ဖို့ဆိုတာ အထက်၊ အောက် လက်ဆင့်ကမ်း လုပ်ဆောင်ဖို့လိုတယ်။ ဒါမှ အရည်အချင်းပြည့်ပြည့်ဝဝနဲ့ လုပ်ငန်းခွင်တစ်ခုလုံး အဆင်ပြေချောမွေ့မှာဖြစ်တယ်”ဟု ပြည်ထောင်စုစာရင်းစစ်ချုပ်က တိုင်းဒေသကြီးစာရင်းရုံးဝန်ထမ်းများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ဆက်လက်၍ပြည်ထောင်စုစာရင်းစစ်ချုပ်က တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အသင်းအဖွဲ့၏ စွမ်းရည်ပြည့်ဝစေရန်နှင့် စွမ်းဆောင်မှု အရည်အချင်းပြည့်ဝမှုရလဒ်ကောင်းရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်၌ ပျော်ရွှင်မှုရှိရန် လိုအပ်ကြောင်း၊ ပျော်ရွှင်မှုရှိပါကအလုပ်လုပ်နိုင်စွမ်းအားများ ပိုမိုရရှိလာမည်ဖြစ်ကြောင်းနှင့် ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်ရာတွင် အသင်းအဖွဲ့ဖြင့်စည်းစည်းလုံးလုံးလုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အစိုးရက ဏ္ဍာနိုင်ငံတကာစာရင်း စံကျင့်သုံးရေး၊ ငွေကြေးစီမံခန့်ခွဲမှု၊ ပိုင်ဆိုင်ပစ္စည်းများ ကောင်းမွန်ထိရောက်စွာ စီမံခန့်ခွဲအသုံးချနိုင်မှုတို့ကို စိစစ်ရေး၊ ပုဂ္ဂလိက ကဏ္ဍစာရင်းစံများ လိုက်နာကျင့်သုံးမှုအခြေအနေစိစစ်ရေး၊ အစိုးရကဏ္ဍ၊ အစိုးရစာရင်းထားနည်းကို ငွေသားအခြေခံမှ စေ့ရောက်မှုအခြေခံသို့ ပြောင်းလဲဆောင်ရွက်မည့်အပိုင်းနှင့် ပုံမှန်စစ်ဆေးရေးလုပ်ငန်းများတွင် ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်းမှ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းသို့ ဦးတည်ပြောင်းလဲဆောင်ရွက်ရေးနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ယင်း ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့်တိုင်းဒေသကြီးစာရင်းရုံးဝန်ထမ်းများ တွေ့ဆုံပွဲအခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စန်းဦး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ် ဒေါ်ခင်သန်းလှ၊ ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးညွှန်ကြားရေးမှူး ဒေါ်ခင်ရီ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများနှင့် စာရင်းစစ်-၁ ဝန်ထမ်းများ တက်ရောက်ကြောင်း သိရသည်။

**(သတင်း-စိန်လွင်အောင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၇·၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၆·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၅·၅၃ |
| ထိုင်း | တစ်ဘတ် | ၃၄·၁၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇·၈၀၈ |
| တရုတ် | တစ်ယွမ် | ၁၇၈·၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၄·၀၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဗြိတိန်သံအမတ်ကြီး လာရောက်တွေ့ဆုံ



**ရန်ကုန် ဩဂုတ် ၁**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ ဦးဆောင်သော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီး ၁၆ ပါးတို့အား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး H. E. Andrew Patrick သည် ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာနာယကကျောင်းဆောင်၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ရပ်တည်ချက်၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဗြိတိန်သံအမတ်ကြီး၏ မေးမြန်းမှုအပေါ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများက ဘာသာရေး၊ သာသနာရေးလုပ်ငန်းများကို ကျယ်ပြန့်စွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

# အိုင်တီပညာရှင်ကောင်းများ ပေါ်ထွက်လာစေရန် ပြည်ပပညာရှင်များနှင့် ပူးပေါင်းသင်ကြားပေးနေ



**ရန်ကုန် ဩဂုတ် ၁**

သတင်းအချက်အလက်နည်းပညာတက္ကသိုလ်အနေဖြင့် နိုင်ငံတော်အတွက် အနာဂတ်ကာလမှာ အားကိုးအားထားပြုလောက်သည့် အတတ်ပညာရှင်ကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး ကျောင်းသား ကျောင်းသူများအား အိုင်တီနည်းပညာများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး ပြည်တွင်း ပြည်ပ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းသင်ကြားပေးနေပြီဖြစ်ကြောင်း သတင်းအချက်အလက်နည်းပညာတက္ကသိုလ် တွဲဖက် ပါမောက္ခ ဒေါက်တာ ဆွေဇင်လှိုင်က ပြောသည်။

"ကျွန်မတို့တက္ကသိုလ်အနေနဲ့ ကျောင်းသား ကျောင်းသူတွေကို အနာဂတ်မှာ အိုင်တီနည်းပညာအတတ်ပညာရှင်ကောင်းတွေ ပေါ်ထွက်လာစေဖို့ရည်ရွယ်ပြီး ကျောင်းက ဆရာ ဆရာမတွေအနေနဲ့ သင်ကြားပေးရုံမက ပြည်ပကကျွမ်းကျင်ပညာရှင်တွေ၊ ကုမ္ပဏီတွေနဲ့ပါ ပူးပေါင်းဆောင်ရွက်မှုတွေ၊ သင်ကြားမှုတွေ၊ လုပ်ဆောင်နေတာဖြစ်ပါတယ်"ဟု ဒေါက်တာဆွေဇင်လှိုင်က ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်၌ ကျင်းပသော Open Campus Program ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။ ယင်းအစီအစဉ်သည် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ပြုလုပ်သည့် နည်းပညာလက်တွေ့စမ်းသပ်မှုများကို စုစည်းပြသခြင်းဖြစ်ပြီး သတင်းအချက်အလက်နှင့် နည်းပညာကို လူငယ်လူရွယ်များအကြား စိတ်ဝင်စားလာပြီး ကြိုးစားတီထွင်တတ်သော စိတ်ဓာတ်များ ပေါ်ထွန်းလာစေရန် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ယင်းပြပွဲကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ခင်းကျင်းပြသခြင်းဖြစ်ပြီး စိတ်ဝင်စားသူလူငယ်များနှင့် ပြည်သူများ လွတ်လပ်စွာလာရောက်ကြည့်ရှုကြကြောင်း သိရသည်။

အဆိုပါသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်သို့ တက်ရောက်လိုသော တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများသည် တက္ကသိုလ်ဝင်တန်းရမှတ် ၄၅၀ နှင့် အထက်ရရှိရမည်ဖြစ်ကြောင်း၊ နှစ်စဉ်ကျောင်းသား ကျောင်းသူ ၂၀၀ ခန့်သာ လက်ခံကြောင်း၊ ဘွဲ့များကို ရိုးရိုးဘွဲ့အတွက် ငါးနှစ်၊ မဟာဘွဲ့အတွက်နှစ်နှစ်၊ ပါရဂူဘွဲ့အတွက် အနည်းဆုံးသုံးနှစ်၊ ဒီပလိုမာဘွဲ့အတွက်တစ်နှစ် သို့မဟုတ် နှစ်နှစ်ဖြစ်ကြောင်း သိရသည်။

ယင်းတက္ကသိုလ်အနေဖြင့် နိုင်ငံတကာတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ပညာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် MoU များလက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် ဂျပန်၊ ထိုင်း၊ ကိုရီးယား၊ အမေရိကန်၊ ဂျာမနီနိုင်ငံတို့ရှိ တက္ကသိုလ်များ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်တွင် Ph.D ကျောင်းသားများအပါအဝင် ကျောင်းသား ကျောင်းသူ ၆၉၆ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

❀ *ရှေ့ဖုံးမှ*

ထို့ပြင် မြန်မာ့တန်ဖိုးထဲတွင် အဆို၊ အက၊ အရေး၊ အတီး အပါအဝင် အနုသုခုမပညာရပ်များ ပါဝင်ပါကြောင်း၊ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားသွေးရင်းသားရင်း အားလုံးတွင် သီးခြားစီထင်ရှားပေါ်လွင်သည့် အနုသုခုမတေးဂီတနှင့် အဆို၊ အကများစွာရှိကြပါကြောင်း၊ ထို့ကြောင့် အဆို၊ အက၊ အရေး၊ အတီး အပါအဝင် အနုသုခုမ ပညာရပ်များကို နောင်လာနောက်သားများ လက်ထက်အထိ အရှည်သဖြင့် တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် တိုင်းပြည်အတွက် မဖြစ်မနေဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်တစ်ရပ်ဟု ခံယူသည့်အတွက် စဉ်ဆက်မပြတ်ကျင်းပနိုင်ရန် လက်ဆင့်ကမ်းတာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အနုသုခုမသဘင်၊ ဂီတ စသည့် အနုပညာများသည် သက်ဆိုင်ရာ နိုင်ငံ၊ သက်ဆိုင်ရာလူမျိုးများ၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ညွှန်းနေပြီး တန်ဖိုးကို ကိုယ်စားပြုနေခြင်းဖြစ်သည့်အတွက် မူလအနှစ်သာရ၊ သမိုင်းအဆက်အစပ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး ပိုမိုကောင်းမွန်၊ ပိုမိုတင့်တယ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်းနှင့် ယခုကျင်းပမည့် ဆိုကရေးတီးပြိုင်ပွဲကြီး အဆင့်အတန်းမြင့်မားပြီး အနှစ်သာရပြည့်ဝစေရန် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ လုပ်ငန်းကော်မတီများဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဒေါက်တာဒေါ်နန္ဒာမွန်းက ဘဏ္ဍာရေးအခြေအနေနှင့် ဘဏ္ဍာငွေရရှိမှုကိုလည်းကောင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံက ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုလွှာ မှတ်တမ်းနှင့်ဆုများ ပေးအပ်ချီးမြှင့်ရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လုံခြုံရေးနှင့်စည်းကမ်း ထိန်းသိမ်းရေး၊ လှုံ့ဆော်ရေး၊ သတင်းထုတ်ပြန်ရေး၊ နေရေးထိုင်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် နေပြည်တော် ရေဆင်းနယ်မြေ၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲ၏ဦးတည်ချက်မှာ တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားရေးစရိုက် လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝရရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေးနှင့် ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် အနုသုခုမပညာဖြင့် ပါဝင်ဆောင်ရွက်ရေးတို့ ဖြစ်သည်။

**(သတင်းစဉ်)**



ရထားတပ်ဖွဲ့အမှတ်(၁၉)တပ်ခွဲ(လက်ပံတန်း)မှ တပ်ခွဲမှူး ဒုတိယရဲမှူး ဖိုးဆယ်ဦးဆောင်၍ ရထားတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၃၀ ရက်က လက်ပံတန်းမြို့ ဘီးလင်းတန်း အခြေခံပညာမူလတန်းလွန်ကျောင်းဝင်းအတွင်း သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများတူးဖော်စဉ် သန့်ဇော်(ပြန်/ဆက်)



ဝက်ထီးကန် တိုက်နယ်ပြည်သူ့ဆေးရုံပရဝဏ်အတွင်း ပေါင်းမြက်များ ရှင်းလင်းခြင်းကို ဇူလိုင် ၃၀ ရက်က အမှတ်(၂) လေ့ကျင့်ကျောင်းမှ ကျောင်းအုပ်ကြီး ဒုရဲမှူးကြီး မောင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ တိုက်နယ်ဆရာဝန် ဒေါက်တာ နေဝင်းလှိုင်နှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်စဉ်

(ခရိုင် ပြန်/ဆက်)

# ရေဝတီမြစ်ရေဝင်ရောက်သည့်ကျေးရွာများ၌ ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်

**တောင်သာ ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်၏ ရေဝတီမြစ်ရေ နှစ်စဉ်ပုံမှန်မြင့်တက်မှုကြောင့် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်သည့် အနေဖြင့် မြစ်လယ်ရွာတစ်ရွာဖြစ်သည့် သာယာအေးကျေးရွာ၊ ကျွန်းကြီး(မ)ကျေးရွာ၊ ကျွန်းကြီး(တ)ကျေးရွာရှိ ကျေးရွာနေပြည်သူများ၊ နွား၊ ကျွဲ၊ ဝက်၊ ဆိတ် အစရှိသည့် တိရစ္ဆာန်များကို ယနေ့နံနက်က ရေဘေးလွတ်ရာသို့ အချိန်မီပြောင်းရွှေ့ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဝင်များက စက်လှေများဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်း ဦးဆောင်မှုဖြင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များက ရေဘေးကင်းလွတ်ရာသို့ ပြောင်းရွှေ့သောသူများနှင့် ပြောင်းရွှေ့ခြင်းမရှိဘဲ နေထိုင်လျက်ရှိသောပြည်သူများအား ရေသန့်ဘူးများ လိုက်လံလှူဒါန်းခဲ့ပြီး အခြားကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ ကွပ်ကဲရေးရုံးများနှင့် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တောင်သာ(ပြန်/ဆက်)**

# ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ တာဝန်နှင့် အခွင့်အရေးများဆိုင်ရာအလုပ်ရုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၁

**လာမည့်ရွေးကောက်ပွဲများ၌ မဲစာရင်းတိကျမှန်ကန်ရေးအတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပတ်ရှိုင်ရယ်ဟိုတယ်၌ကျင်းပသည့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ တာဝန်နှင့် အခွင့်အရေးများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။** (ယာပုံ)




ထို့ပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲသည် နိုင်ငံ၏ အောင်မြင်သော၊ လွတ်လပ်မျှတသော သမိုင်းဝင်ရွေးကောက်ပွဲတစ်ခုဖြစ်ခဲ့ပါကြောင်း၊ သမိုင်းဝင် ရွေးကောက်ပွဲဖြစ်စေသည့် အကြောင်းရင်းများအနက် ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တရားဝင်ဖိတ်ကြားခဲ့ပြီး စောင့်ကြည့်လေ့လာမှုများကို ခွင့်ပြုခဲ့ပါကြောင်း၊ စောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲ၏ ပွင့်လင်းမြင်သာရှိမှုကို အကောင်းဆုံး ဖော်ညွှန်းပေးနိုင်သူများဖြစ်ပြီး စောင့်ကြည့်လေ့လာမှုသည်လည်း ရွေးကောက်ပွဲ၏ အရည်အသွေးကို မြှင့်တင်ပေးသည့် နည်းလမ်းတစ်ခုဖြစ်ပါကြောင်း။

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုကြောင့် ရွေးကောက်ပွဲ၏ ပွင့်လင်းမြင်သာမှုကို တိုးမြှင့်ပေးနိုင်ခြင်း၊ ရွေးကောက်ပွဲရလဒ်ကို အများပြည်သူလက်ခံမှု ပိုမိုမြင့်တက်လာခြင်း၊ မဲဆွယ်စည်းရုံးမှုနှင့် ကိုယ်စားလှယ်လောင်းများ၏ ငွေကြေးသုံးစွဲမှုကို ပိုမိုထိရောက်စွာ စောင့်ကြည့်နိုင်ခြင်း၊ နိုင်ငံသားများ၏ အခြေခံလူ့အခွင့်အရေးများကို ပိုမိုခိုင်မာစေခြင်းတို့ကို ရရှိနိုင်ပါကြောင်း၊ စောင့်ကြည့်လေ့လာသည့် အဖွဲ့အစည်းများ၏ အပြီးသတ်အစီရင်ခံစာများကို ရွေးကောက်ပွဲကော်မရှင်သို့ ပြန်လည်တင်ပြရပြီး ရွေးကောက်ပွဲလုပ်ငန်းအားလုံး၏ အားသာချက်၊ အားနည်းချက်များကို ပိုမိုကောင်းမွန်စွာ သိရှိနိုင်ကာ သုံးသပ်ပြင်ဆင်မှုများကိုလည်း ပြုလုပ်နိုင်ပါကြောင်း၊ အစီရင်ခံစာများမှ တွေ့ရှိရသည့် အားနည်းချက်၊ အားသာချက်များကို ရွေးကောက်ပွဲလုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်မှုများ ပြုလုပ်သည့်အခါ အလေးထားစဉ်းစားရမည်ဖြစ်ပါကြောင်း။

ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့် ပတ်သက်ပြီး ဥပဒေမူဘောင်ပြဋ္ဌာန်းထားရှိရေးနှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွင်း ရရှိခဲ့သည့် စောင့်ကြည့်လေ့လာသူများ၏ အတွေ့အကြုံများအရ အနာဂတ်ကာလ ရွေးကောက်ပွဲများကို ပိုမိုတိုးတက်ကောင်းမွန်အောင် မည်သို့ ပူးပေါင်းဆောင်ရွက်နိုင်သည်များကို အဓိကဦးတည်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရှိ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုများအပေါ် သုံးသပ်ချက်ကို ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာအကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (IDEA)မှ အကြီးတန်းအစီအစဉ်မန်နေဂျာ မစ္စတာ ဂရက် ခေအိုင်အီးလေးရာက လည်းကောင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ တာဝန်များနှင့် အခွင့်အရေးများ (နှိုင်းယှဉ်ရဥပမာများအားတင်ပြခြင်း)ကို အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီရီပို့တင်းအဖွဲ့မှ ဌာနေကိုယ်စားလှယ် မစ္စအီဗာဂျေးကလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများက ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်များ၊ တရားဝင်အသိအမှတ်ပြုခြင်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေရေးရာမူဘောင်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်းနှင့် စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်များ၊ မဲရုံတွင်းနှင့် မဲရုံပြင်ပအတွေ့အကြုံများ၊ ဥပဒေရေးရာမူဘောင်အား ပြန်လည်သုံးသပ်၍ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်း လုပ်ငန်းစဉ်အား ထည့်သွင်းဖော်ပြနိုင်မည့် နည်းလမ်းများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အစီရင်ခံစာထုတ်ပြန်ရမည့် အချိန်ကာလနှင့် ၎င်းအစီရင်ခံစာများအား အသုံးပြုနိုင်မှုများ၊ ကြားဖြတ်ရွေးကောက်ပွဲများတွင် စောင့်ကြည့်လေ့လာရာ၌ ဖြစ်နိုင်ခြေရှိသည့် လုပ်ငန်းစဉ်များ၊ အခြားဆောင်ရွက်နိုင်သည့် အဆင့်များနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြရာ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ပြန်လည်ဆွေးနွေးခဲ့သည်။

၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာရန် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ ၁၁၄၄၅ ဦးနှင့် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ ၁၁၅၃ ဦးကို တရားဝင်အသိအမှတ်ပြုခဲ့ပြီး နောင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတို့တွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကို ပိုမိုဖိတ်ခေါ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရေးဆွေးနွေး



**နေပြည်တော် ဩဂုတ် ၁**

လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီအစည်းအဝေးကို ဇူလိုင် ၂၈ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် စစ်တွေမြို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ပြည်နယ်အတွင်း ယာယီသက်သေခံလက်မှတ်အပ်နှံသူများအား နိုင်ငံသား စိစစ်ခံရမည့်သူ၏ သက်သေခံလက်မှတ် (NV Card)များ ထုတ်ပေးနိုင်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ NV Card သည် ပြည်နယ်အတွင်းတွင်သာ ထုတ်ပေးခြင်းမဟုတ်ဘဲ အခြား တိုင်းဒေသကြီး/ပြည်နယ်များရှိ နယ်စပ်ဒေသများ၌ပါ ထုတ်ပေး၍ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ယင်း NV Card ရရှိပြီးသူများအား မြို့နယ်နှင့် ပြည်နယ်အဆင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များက ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသား စိစစ်ရေးလုပ်ငန်းများဆောင်ရွက်ပြီး ဗဟိုအဖွဲ့သို့ ပြုစုတင်ပြကြရန်လိုကြောင်း၊ ဗဟိုအဖွဲ့မှ ခွင့်ပြုချက်ရရှိပြီးပါက စိစစ်ခံ ကာယကံရှင်များသို့ သက်ဆိုင်ရာ ကတ်တစ်မျိုးမျိုး အမြန်ဆုံး ထုတ်ပေးနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေအရ NV Card ထုတ်ပေးမှုနှင့် စိစစ်မှုလုပ်ငန်းများ အားနည်းနေသေးသဖြင့် လုပ်ငန်းများ သွက်လက်မြန်ဆန်အောင် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရန်နှင့် ယခုအစည်းအဝေးတွင် လုပ်ငန်းဆိုင်ရာ အားနည်းချက်၊ အားသာချက်များကို ပွင့်ပွင့်လင်းလင်း ရှင်းလင်းဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ NV Card များထုတ်ပေးရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ပြည်နယ်အတွင်း မြို့နယ်အလိုက် NV Card ထုတ်ပေးပြီးစီးမှုလုပ်ငန်းအတွေ့အကြုံနှင့် အခက်အခဲများ၊ လုပ်ငန်းဆိုင်ရာ အကြံပြုချက်များကို လည်းကောင်း၊ တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေး လုပ်ငန်းဆောင်ရွက်မှုနှင့် လုပ်ငန်းလိုအပ်ချက်များကို လည်းကောင်း အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက NV Card ထုတ်ပေးမှုအပေါ် ဒေသခံများနှင့် ကတ်ပြားကိုင်ဆောင်သူများ အနေဖြင့် သဘောထားအမြင် မှန်ကန်ရေးအတွက် ရှင်းလင်းချပြရေး၊ အဆင့်ဆင့်သော ကော်မတီများအနေဖြင့် နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် ရှေးရှုပြီး အရေးကြီးသော လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နေကြောင်း၊ ကိုယ်တိုင်သိရှိနားလည်ပြီး အောက်ခြေဝန်ထမ်းများ၊ ဒေသခံများ သိရှိနားလည်အောင် ရှင်းလင်းချပြရေး၊ ယခုတင်ပြချက်များ လုပ်ငန်းအခက်အခဲများအား ဗဟိုကော်မတီသို့ ဆက်လက်တင်ပြ၍ ဆက်လက်ဆောင်ရွက်မည့်အခြေအနေ လုပ်ငန်းများ အောင်မြင်ရေးအတွက် အရှိန်အဟုန်ဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေးအခြေအနေများနှင့်စပ်လျဉ်း၍ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အလုပ်သမားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကျင်းပ

**ရန်ကုန် ဩဂုတ် ၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)တို့ ပူးပေါင်း၍ ရန်ကုန်မြို့ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)၌ အလုပ်သမားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ရုံးမှ Ms. Piyamal Pichaiwongse တို့က အမှာစကားပြောကြားသည်။

သင်တန်းသည် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ဆောင်မှုများ တိုးမြှင့်ပေးနိုင်ရေးတို့အတွက် အကူအညီပေးနိုင်ရန် ဒေသအဆင့် ရွှေ့ပြောင်းသွားလာမှု စီမံခန့်ခွဲရေးလုပ်ငန်းစဉ်၌ ပါဝင်ဆောင်ရွက်နေသည့် ဌာနဆိုင်ရာ အသီးသီးမှဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန်နှင့် လက်ရှိအချိန်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်သည့် အလုပ်သမားများ များပြားလာမှုအပေါ် စနစ်တကျစီမံခန့်ခွဲနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

သင်တန်းကို ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး သင်တန်းသို့ တိုင်းဒေသကြီးအတွင်းရှိ အလုပ်သမား ရွှေ့ပြောင်းသွားလာမှု စီမံခန့်ခွဲရေးဆိုင်ရာ ဌာနများဖြစ်သော အလုပ်သမား၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ သတင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှု တားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် လူမှုအဖွဲ့အစည်းတို့မှ ကိုယ်စားလှယ် စုစုပေါင်း ၄၀ တက်ရောက်သည်။

**(သတင်းစဉ်)**

# အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

**နေပြည်တော် ဩဂုတ် ၁**

ဩဂုတ် ၁ ရက် မြန်မာစံတော်ချိန် ၁၆ နာရီ ၃၁ မိနစ် ဝ၈ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၉၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပခုက္ကူမြို့၏ အနောက်တောင်ဘက် ၁၀ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၃ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။

**(မြန်မာ့အလင်း)**

# ကမ်းရိုးတန်းဒေသများ မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဩဂုတ် ၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်ဖြစ်သည်။ **(မိုး/ဇလ)**

# ငြိမ်းချမ်းရေးကော်မရှင်နှင့် အထူးဒေသ(၄) မိုင်းလားအဖွဲ့ တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဩဂုတ် ၁**

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစု ပင်လုံကျင်းပရေးနှင့် စပ်လျဉ်းပြီး ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကော်မရှင်နှင့် အထူးဒေသ (၄) မိုင်းလားငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလင်း ခေါင်းဆောင်သည့် အဖွဲ့တို့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)တွင် တွေ့ဆုံဆွေးနွေးကြသည်။ **(ယာပုံ)**



ဆွေးနွေးပွဲတွင် အထူးဒေသ(၄) မိုင်းလားအဖွဲ့က နိုင်ငံရေးအခြေခံမူ အနေဖြင့် ပြည်ထောင်စုမှ ခွဲမထွက်ရေး မူကို ဆက်လက်ဆုပ်ကိုင်ထားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးညီလာခံတွင် အားလုံးပါဝင်နိုင်ရေးကို ဖော်ဆောင်သင့်သည်ဟု ဆွေးနွေးကြောင်း ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဦးခင်ဇော်ဦးက ဆွေးနွေးမှုအပြီးတွင် မီဒီယာများကို ပြောကြားသည်။

ဆက်လက်၍ ၎င်းက "အဲဒီအချက်တွေထဲမှာ နိုင်ငံရေးအပြင် စီးပွားရေးအပိုင်းမှာ သယံဇာတတွေဆိုတာ နိုင်ငံတော်က ပိုင်ဆိုင်တယ်။ ဒါပေမယ့် အဲဒီပိုင်ဆိုင်တဲ့ သယံဇာတတွေကို ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ပြန်လည်ပြီး အသုံးချတဲ့အခါမှာ တိုင်းရင်းသားအားလုံး တန်းတူညီတူ အကျိုးခံစားခွင့်ရှိရမယ်လို့ သူတို့ဘက်ကမြင်တယ်။ အခွန်အခတွေကိုလည်း စနစ်တကျ စီမံခန့်ခွဲသင့်တယ်လို့ တင်ပြပါတယ်"ဟု ပြောသည်။

ထို့အပြင် လုံခြုံရေးအပိုင်းအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အားလုံးတွင် တာဝန်ရှိကြောင်း၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကိစ္စများတွင် နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒများကို နိုင်ငံသားတိုင်းက တိကျစွာလိုက်နာသင့်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို လူတိုင်းက ထိန်းသိမ်းသင့်သကဲ့သို့ ၎င်းတို့အနေဖြင့် ဆက်လက်ထိန်းသိမ်းသွားမည် ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်းပိုင်းဆိုင်ရာတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ပေးရန်နှင့် လူသားအားလုံး၏ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ကို ခွင့်ပြုပေးရန် စသည့်အချက်များကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ငြိမ်းချမ်းရေး ကော်မရှင်အနေဖြင့် ဩဂုတ်လ ပထမပတ်တွင် ကျင်းပရန် စီစဉ်ထားသည့် နိုင်ငံရေးဆွေးနွေးမှုဘောင်ပြန်လည်သုံးသပ်သည့် ဆွေးနွေးပွဲသို့ အထူးဒေသ (၄) မိုင်းလားအဖွဲ့မှ တက်ရောက်ဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ကြောင်းလည်း သိရသည်။

"သူတို့တွေအနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကျင်းပတာကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြတယ်။ စိတ်ဝင်စားမှုလည်းရှိပြီး တက်ရောက်နိုင်ဖို့ အတွက်ကိုလည်း အားလုံးနဲ့ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားမယ်လို့ သဘောတူညီမှုရခဲ့ပါတယ်"ဟု ဦးခင်ဇော်ဦးက ပြောသည်။

ငြိမ်းချမ်းရေးကော်မရှင် (Peace Commission)၏ တတိယအကြိမ် အစည်းအဝေးကိုလည်း ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရုံး၌ ကျင်းပရာ အစည်းအဝေးသို့ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ အတွင်းရေးမှူး ဦးခင်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ အကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်ကြည်နှင့် အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့များ၊ ရုံးအဖွဲ့၊ အလုပ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**သတင်း-ဇော်ကြီး(ပဏ္ဍိတ)**
**ဓာတ်ပုံ-ဇော်မင်းလတ်**



ဩဂုတ် ၁ ရက်က ဆွစ်ဇာလန်နိုင်ငံ၏ အမျိုးသားနေ့ ညှိခံပွဲအခမ်းအနားတက်ရောက်လာသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး **H.E.Mr.Paul R.Seger** ကြိုဆိုနှုတ်ဆက်စဉ် (သတင်းစဉ်)



မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး၊ အမှတ်(၄) လုံခြုံရေး ရဲတပ်ဖွဲ့မှ ယာယီရဲမှူး ရဲလင်းအောင် ဦးဆောင်၍ တပ်ဖွဲ့ဝင် ၁၀ ဦး၊ အမှတ် (၈) မြို့မရဲစခန်း စခန်းမှူး ဒုရဲမှူး ကျော်သာ ဦးဆောင်၍ တပ်ဖွဲ့ဝင် ခုနစ်ဦးတို့ကမန္တလေးမြို့ဘူတာကြီးတွင် ရက် ၁၀၀ စီမံချက်အရ လှည့်ကင်းဆောင်ရွက်လျက်ရှိသည်ကို ဇူလိုင် ၃၁ ရက် ညပိုင်းက တွေ့ရစဉ်
မန်း(ကိုယ်ပွား)

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# ပိုမိုကောင်းမွန်သော ခရီးသည်ပို့ဆောင်ရေးအဖြစ် စတင်ပြုပြင်ပြောင်းလဲနေပြီ

**ရန်ကုန် ဩဂုတ် ၁**

ရန်ကုန်မြို့၏ ခရီးသွားပို့ဆောင်ရေးကို ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်ပြီး လုံခြုံစိတ်ချရသော ခရီးသွားဝန်ဆောင်မှုကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။



"ဒီကနေ့ဟာ ကျွန်တော်တို့ရန်ကုန်မှာ ပြည်သူလူထုတွေအတွက် အများပြည်သူ သယ်ယူပို့ဆောင်ရေးအဖြစ် ပြုပြင်ပြောင်းလဲသွားဖို့ကြိုးစားနေတဲ့ အချိန်အခါဖြစ်ပါတယ်။ ပြည်သူလူထုတွေကို ပိုမိုကောင်းမွန်တဲ့ကားတွေ ဘယ်လို ဝန်ဆောင်မှု ပေးနိုင်မလဲ ဆိုတာ ကျွန်တော်တို့ကြိုးစားနေပါတယ်။ မကြာမီကာလအတွင်းမှာ ပိုမိုဝန်ဆောင်မှုကောင်းတဲ့ ကားတွေကို တွေ့ရတော့မှာဖြစ်ပါတယ်။ လမ်းတွေပေါ်မှာ အပြိုင်အဆိုင် အလုအယက် မောင်းနှင်သွားလာနေတဲ့ မော်တော်ယာဉ်တွေကိုလည်း ဗဟိုထိန်းချုပ်ရေး စင်တာတစ်ခုကနေ ထိန်းချုပ်ဆောင်ရွက်သွားဖို့ ရှိနေပါတယ်" ဟု ယနေ့ညနေပိုင်းတွင် နိုဗိုဟိုတယ်၌ပြုလုပ်သော Myanmar Coach Center Co;Ltd. မှ Yangon Bus Public Co; Ltd. သို့ Daewoo Bus (BS-106) ၁၅ စီးပေးအပ်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

အဆိုပါ ရန်ကုန် ဘတ်စကားအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို ၂၀၁၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ရန်ကုန်မြို့ခရီးသွားပို့ဆောင်ရေးတွင် BRT Life ယာဉ်များ အသုံးပြုကာ ကောင်းမွန်သော ခရီးသည်ပို့ဆောင်ရေးအဖြစ်ပြေးဆွဲလျက်ရှိသည်။

ယင်း BRT Life ဘတ်စကားများသည် ရန်ကုန်မြို့ ထောက်ကြန့်တွင် အခြေစိုက်ပြီး ကမ္ဘာအေးဘုရားလမ်းကြောင်းနှင့် ပြည်လမ်းကြောင်းဟူ၍ လမ်းကြောင်းနှစ်ကြောင်းဖြင့် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ ရန်ကုန်ဘတ်စကားအများနှင့် သက်ဆိုင်သော ကုမ္ပဏီကို နိုင်ငံတော်အစိုးရထံသို့ ဝင်ငွေကျပ် ၁၀ ဘီလီယံ (၅၀ ရာခိုင်နှုန်း) နှင့် အများပြည်သူထည့်ဝင်ငွေကျပ် ၁၅ ဘီလီယံ (၆၀ ရာခိုင်နှုန်း) ဖြင့် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။ ယခုအခါ ပြည်သူလူထု၏ ခရီးသွားလာမှုလွယ်ကူချောမွေ့ရေးအတွက် လမ်းကြောင်းအမှတ်(၃) ကို မကြာမီတိုးချဲ့ပြေးဆွဲရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ယခုဝယ်ယူခဲ့သည့် ဒေဝူးဘတ်စကား ၁၅ စီးသည် လမ်းကြောင်းအသစ်အတွက် ထည့်သွင်းပြေးဆွဲသွားရန်ဖြစ်ကြောင်းလည်း သိရသည်။

**သတင်း - မြင့်မောင်စိုး**
**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

# ရောဝတီနှင့် ချင်းတွင်းမြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၁

**စိုးရိမ်ရေမှတ်များအောက် ကျဆင်းနိုင်မှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် နှစ်ပေခန့်စီ၊ မြင်းမူမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက် ပြန်လည်ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် တစ်ပေခန့်၊ ဖောင်းပြင်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ဟုမ္မလင်းမြို့နှင့် နောက်သုံးရက်အတွင်း ဖောင်းပြင်မြို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအောက် ပြန်လည်ကျဆင်းနိုင်သည်။

**စိုးရိမ်ရေမှတ်များအထက် ဆက်လက်တည်ရှိနိုင်မှုအခြေအနေ**

ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ခြောက်ပေခန့်၊ ကလေးဝမြို့နှင့် ကနီမြို့တို့တွင် ငါးပေခွဲခန့်စီနှင့် မင်းကင်းမြို့တွင် ငါးပေခန့်ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း မော်လိုက်မြို့တွင် တစ်ပေခွဲခန့်နှင့် ကလေးဝမြို့တွင် တစ်ပေခန့်၊ မင်းကင်းမြို့နှင့် ကနီမြို့တို့တွင် ပေဝက်ခန့်စီကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

မုံရွာမြို့တွင် နှစ်ပေခန့်ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် မြစ်ရေကြီးမှုဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(မြန်မာ့အလင်း)**

# ဥပဒေအရာရှိကောင်းတို့ဟူသည်

## မောင်စာဂ

**ဥပဒေအရာရှိများ**

ဥပဒေအရာရှိများဟုဆိုလိုက်သည်နှင့် အမျိုးသားများဆိုလျှင် တိုက်ပုံအင်္ကျီ အနက်ရောင်၊ အမျိုးသမီးများဆိုလျှင် အပေါ်ဖုံးအင်္ကျီအနက်ရောင်တို့ကို ဝတ်ဆင်ထားကြပုံ၊ အင်္ကျီ၏ ဘယ်ဘက်ရင်အုံပေါ်တွင် အဖြူရောင်နောက်ခံထားပြီး "ဥပဒေ" ဆိုသည့် စာသားရေးသားထားသည့် တံဆိပ်လေးများ တပ်ဆင်ထားကြပုံကို လှမ်း၍ မြင်ယောင်မိသည်။ ကျက်သရေရှိလှသည်။ တင့်တယ်နေကြသည်။ လေးစားထိုက်ဖွယ်၊ ဂုဏ်ယူထိုက်ဖွယ်ကောင်းလှသည်။ ဝမ်းသာပီတိစိတ်ထဲမှာ ခံစားမိသည်။ ကြည်နူးမိသည်။ နှစ်လည်းနှစ်ခြိုက်မိသည်။

ဤသည်မှာ အပြင်ပန်းကမြင်ရသည့် ပုံသဏ္ဌာန်သွင်ပြင်ခံ့ညားမှုကိုကြည့်၍ စိတ်ထဲတွင် ဖြစ်ပေါ်လာရသည့်ခံစားမှု၊ ကြည်နူးရမှုတို့ကို ပြောဆိုလိုက်ရခြင်းဖြစ်သည်။ အတွင်းပိုင်းမှာရှိနေသည့် နှလုံးသားတွေကလည်း ဤသို့ဤနှယ် လှပနေကြမည်ဆိုလျှင် ဘယ်လောက်များ လေးစားထိုက်ဖွယ်၊ ဂုဏ်ယူထိုက်ဖွယ် ကောင်းလိုက်ပါ့မလဲဟုဆိုပြီး အတွေးများက တစ်ဆက်တည်းပေါ်ပေါက်လာသည်။ အပြင်ပန်းအသွင်အပြင်တွေက လှပနေသလို အတွင်းနှလုံးသားများကလည်း လှပနေကြပါစေ။

**ဥပဒေဆောင်ပုဒ်**

ဥပဒေဆိုသည့် စကားရပ်ကို "ဥပဒေပညာသည် အကျင့်သိက္ခာနှင့်ပြည့်စုံသော ပညာဖြစ်သည်" ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဤသည်မှာ ရှေ့နေချုပ်ကြီး ဦးသာထွန်းနှင့် ဒုတိယရှေ့နေချုပ် ဦးခင်မောင်အေးတို့၏လက်ထက် ရွေးချယ်သတ်မှတ်ပေးခဲ့သော ရှေ့နေချုပ်ရုံး၏ ဆောင်ပုဒ်ဖြစ်သည်။ ဤဆောင်ပုဒ်ကို ဥပဒေအရာရှိများအားလုံး မသိသူမရှိ၊ သိနေကြသည်။ ဥပဒေရုံးအသီးသီးတွင် ဤဆောင်ပုဒ်ကို တပ်ဆင်ထားကြ၏။ ရှေ့နေချုပ်ရုံးက ထုတ်ဝေသော စာအုပ်/စာစောင်တိုင်းတွင် ဤဆောင်ပုဒ်က ပါရစမြဲဖြစ်၏။

သို့ရာတွင် အကျင့်သိက္ခာနှင့် ပြည့်စုံသည်ဟူသည့် ဤ"ဥပဒေ" စကားရပ်ပါရှိသော တံဆိပ်ကလေးကို ဘာကြောင့်ဘယ်ဘက်ရင်အုံပေါ်တွင် တပ်ဆင်ထားရသလဲ။ ဘာကြောင့် အနက်ရောင်တိုက်ပုံအင်္ကျီ သို့မဟုတ် အနက်ရောင်အပေါ်ဖုံးအင်္ကျီတို့တွင် တပ်ဆင်ကြရသလဲဆိုသည့် အချက်ကိုမူ ဥပဒေအရာရှိတိုင်း သတိမူမိကြလိမ့်မည်မဟုတ်ပေ။ သတိမူကြဖို့ ပြောပါရစေ။

**ဘယ်ဘက်ရင်အုံပေါ်တွင်တပ်ဆင်ခြင်း**

ဘယ်ဘက်ရင်အုံတွင် နှလုံးသားရှိသည်။ "ဥပဒေ" ဆိုသော စကားရပ်ကို အဖြူရောင်နောက်ခံပေါ်တွင် ထင်လင်းစွာရေးသားထားသည်။ အဖြူရောင်ဆိုသည်ကား ဖြူစင်ခြင်း၊ သန့်ရှင်းခြင်း၊ စင်ကြယ်ခြင်းဆိုသည့် အသွင်သဘောကို ဆောင်သည်။ မိမိတို့၏ နှလုံးသားများကလည်း အစဉ်ဖြူစင်နေဖို့လိုသည်။ သန့်ရှင်းနေရမည်။ စင်ကြယ်နေကြရမည်။ ဥပဒေဆိုသော အဓိပ္ပာယ်ကို "ဥပဒေပညာသည် အကျင့်သိက္ခာနှင့်ပြည့်စုံသော ပညာဖြစ်သည်" ဟု ဆိုထားသည်။ ဆောင်ပုဒ်ပြုထားသည်။ မိမိတို့၏ နှလုံးသားများကလည်း အစဉ်အမြဲ အကျင့်သိက္ခာနှင့် ပြည့်စုံသော နှလုံးသားမျိုးဖြစ်နေဖို့လိုသည်။ အကျင့်သိက္ခာနှင့်ပြည့်စုံသော နှလုံးသားများဖြစ်ကြလျှင် မြင့်မြတ်သော နှလုံးသားပိုင်ရှင်များဖြစ်ပေတော့မည်။ ဤသို့ဖြစ်နေရအောင် နှလုံးသားနားမှာ တပ်ဆင်ထားခြင်းဖြစ်သည်။ သတိမူကြပါ။ သတိပြုကြပါဟု တိုက်တွန်းပါရစေ။

**အနက်ရောင်ကိုဝတ်ဆင်ရခြင်း**

အနက်ရောင်တိုက်ပုံအင်္ကျီ၊ အနက်ရောင်အပေါ်ဖုံးအင်္ကျီကို ဘာကြောင့် ဝတ်ရသနည်း။ အချို့ကတော့ "ရှေးအစဉ်အလာက ဝတ်လာခဲ့သည့်အတိုင်း ဝတ်ရတာပါပဲ"ဟု အလွယ်တကူဖြေဆိုတတ်ကြသည်။ အနက်ရောင်ကို ရွေးချယ်၍ ဝတ်ဆင်လာရသည်မှာ အဓိပ္ပာယ်ရှိသည်။ အနက်ရောင်ဟူသည်ကား မည်သည့်အရောင် "ဆိုး" စေမူ "ဆိုး" လို့မရ။ အစွန်းအထင်းမထင်။ ပကတိ အနက်ရောင်အတိုင်း တည်ကြည်မြဲဖြစ်သည်။ ထို့ကြောင့် အနက်ရောင်ကို ရွေးချယ်ဝတ်ဆင်ခြင်းဖြစ်သည်။ ဤဂုဏ်သတ္တိစွမ်းအင်ကို နှလုံးမူလျက် အကျင့်သိက္ခာနှင့် ပြည့်စုံသော၊ မြင့်မြတ်သော မိမိတို့၏ နှလုံးသားများကို မည်သို့ပင် အရောင်လာဆိုးကြစေကာမူ အစွန်းအထင်း ထင်ဟပ်ခံရခြင်း မရှိကြစေပါနှင့်။ အကျင့်သိက္ခာနှင့်ပြည့်စုံသော ဥပဒေပညာဂုဏ်ကို ထာဝစဉ်မြှင့်တင်ပေးကြဖို့ နှိုးဆော်ပေးပါစေ။

**ဥပဒေအရာရှိကောင်းဟူသည်**

ဥပဒေအရာရှိကောင်းဖြစ်ဖို့ဆိုလျှင် ဥပဒေပညာရှင်ဖြစ်ဖို့လိုအပ်သည်ဟု ဆိုချင်ပါသည်။ ဤသို့ဆိုလျှင် ဥပဒေအရာရှိတိုင်းသည် ဥပဒေဘွဲ့၊ မဟာဥပဒေဘွဲ့၊ ဥပဒေဒေါက်တာဘွဲ့ရသူတွေအားလုံးသည် ဥပဒေပညာရှင်တွေ မဟုတ်ပေဘူးလားဟု စောဒကတက်လာကြပေမည်။ ကျွန်ုပ်ကတော့ ကျွန်ုပ်၏လုပ်ငန်းခွင် လက်တွေ့ တွေ့ကြုံခဲ့ရမှုများအပေါ်အခြေခံလျက် ဤသို့ဖွင့်ဆိုထားသည်ကို ထပ်လောင်းပြောပါရစေ။

> "ဥပဒေပညာရှင်ဟူသည် ဥပဒေပညာကို ရှင်သန်အောင်ပြုလုပ်သောသူသည်သာ ဥပဒေပညာရှင်ဟု ခေါ်ဆိုထိုက်ပေသည်။ ဥပဒေပညာကို ဖျက်ဆီးသော၊ သတ်ဖြတ်သော၊ အကျိုးယုတ်အောင်ပြုသော၊ ဥပဒေ၏ ဥပဓိရုပ်သွင်ပြင်လက္ခဏာများကို ပျက်ယွင်းစေသော၊ ချည့်နဲ့စေသော၊ အားပျော့စေသော စသည့် စသည့် အပြုအမူတွေကို ပြုသောသူသည် ဥပဒေပညာရှင်တစ်ဦး ဖြစ်မလာနိုင်ပေ။ ထိုသူတို့အား ဥပဒေပညာရှင်ဟု မခေါ်ဆိုထိုက်ပေ။"

> "ဥပဒေပညာရှင်တစ်ဦးဖြစ်ဖို့ဆိုလျှင် ဥပဒေပညာတတ်ကျွမ်းသိရှိရုံနှင့် မပြီး။ ဥပဒေစိတ်ထားရှိဖို့က အဓိကဖြစ်သည်။ ဥပဒေစိတ်ထားရှိမှ ဥပဒေကို ရှင်သန်အောင် ပြုလုပ်နိုင်ပေမည်။ ဥပဒေစိတ်ထားမရှိသောသူသည် ဥပဒေပညာကို ရှင်သန်အောင် စွမ်းဆောင်နိုင်မည်မဟုတ်ပေ။ ဥပဒေပညာ တတ်ကျွမ်းသိရှိခြင်းမရှိသော်လည်း ဥပဒေစိတ်ထားရှိလျှင် ဥပဒေကို ရှင်သန်အောင်ပြုလုပ် နိုင်စွမ်းရှိပေမည်။ ထိုထိုသောသူသည် ဥပဒေပညာရှင် ဖြစ်လာနိုင်သည်။ သို့ဖြစ်ရာ ဥပဒေပညာရှင်တစ်ဦးဖြစ်ဖို့ ဥပဒေစိတ်ထားရှိခြင်းက အဓိကဖြစ်နေပေသည်။"

**ဥပဒေစိတ်ထား**

ဥပဒေစိတ်ထားဟူသည်ကား ရဲရင့်ခြင်း၊ တည်ကြည်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ မှန်ကန်မျှတမှုကိုလိုလားခြင်း၊ တရားသဖြင့် ဖြစ်စေမှုကို အလေးထားခြင်း၊ အညီအမျှဖြစ်မှုကို မြတ်နိုးခြင်း၊ ချိန်ခွင်လျှာပမာ တည့်မတ်မှန်ကန်မှုကို တန်ဖိုးထားခြင်း၊ ဘက်လိုက်မှု၊ ခွဲခြားမှုကို ရွံမုန်းတတ်ခြင်း၊ မတရားမှု၊ မမှန်ကန်မှုပြုလုပ်ရမည်ကို ရှက်ခြင်း ကြောက်ခြင်း စသည်တို့သည် ဥပဒေစိတ်ထား၏ အခြေခံများဖြစ်ကြောင်း

> **ဥပဒေပညာရှင်တစ်ဦး ဖြစ်ဖို့ဆိုလျှင် ဥပဒေပညာ တတ်ကျွမ်းသိရှိရုံနှင့် မပြီး။ ဥပဒေစိတ်ထားရှိဖို့က အဓိကဖြစ်သည်။ ဥပဒေစိတ်ထားရှိမှ ဥပဒေကို ရှင်သန်အောင်ပြုလုပ်နိုင်ပေမည်**

ကျွန်ုပ်၏လုပ်ငန်းခွင် လက်တွေ့ တွေ့ကြုံခဲ့ရမှုများအပေါ် အခြေခံလျက်ဆိုပါရစေ။ ဥပဒေအရာရှိများသည် ဤသို့သော ဥပဒေစိတ်ထားများကို အခြေခံလျက် ဥပဒေကို ရှင်သန်အောင်ပြုလုပ်သွားမည်ဆိုလျှင် ဥပဒေပညာရှင်များဖြစ်ဘိသကဲ့သို့ ဥပဒေအရာရှိကောင်းများဖြစ်လာကြမည်ကို မမိုတ်မသုန်ယုံကြည်နေမိသည်။

**ဥပဒေအရာရှိများ၏လုပ်ငန်းတာဝန်များ**

ဥပဒေအရာရှိများ၏ လုပ်ငန်းတာဝန်များသည် များပြားကျယ်ဝန်းလှပေသည်။ ဥပဒေပြုရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍတည်းဟူသော နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးရပ်လုံးတွင် မိမိတို့တတ်ကျွမ်းသိရှိထားသော ဥပဒေအတတ်ပညာဖြင့် ပါဝင်ဆောင်ရွက်ပေးကြရသည်။ အဓိကကျသော လုပ်ငန်းတာဝန်များကို ကောက်နုတ်ဖော်ပြလိုပါသည်။

**ဥပဒေရေးဆွဲခြင်းလုပ်ငန်း**

ဥပဒေမူကြမ်းများရေးဆွဲခြင်း၊ ဥပဒေများပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ရုပ်သိမ်းခြင်း၊ နည်းဥပဒေများရေးဆွဲခြင်းလုပ်ငန်းများ၌ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရသည်။ နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးစီးပွား၊ ကောင်းကျိုးချမ်းသာများ ဖြစ်ထွန်းစေမည့် ဥပဒေများ၊ နိုင်ငံသားများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် အရေးအရာများကို ကာကွယ်စောင့်ရှောက်ပေးမည့် ဥပဒေများ၊ ပြည်သူများကို ရှေးရှုသည့်၊ မျှတသည့်၊ တရားသဖြင့်ဖြစ်စေသည့်၊ ဘက်လိုက်မှုမရှိသည့်၊ ခွဲခြားခြင်းမရှိသည့် ဥပဒေကောင်းများ ပေါ်ပေါက်လာစေရန် ဦးတည်ချက်များ ထားရှိကြရပေမည်။ ယင်းသို့ဖြစ်စေရန် မိမိတို့တာဝန်ယူရသည့် အခန်းကဏ္ဍမှ အားထုတ်ကြိုးပမ်းဆောင်ရွက်ပေးရန် လိုအပ်ကြပေသည်။

**ဥပဒေအကြံပေးခြင်းလုပ်ငန်း**

ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေအရာရှိများသည် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ဖြစ်စေ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုခု၊ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခု သို့မဟုတ် နေပြည်တော်ကောင်စီကဖြစ်စေ ဥပဒေအကြံဉာဏ်တောင်းခံလာသည့်အခါ ဥပဒေအကြံဉာဏ်များပေးရသည်။

အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ နားလည်မှုစာချွန်လွှာများ၊ သဘောတူညီချက် မှတ်တမ်းများ၊ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်စာတမ်းများ၊ အခြားစာချုပ်စာတမ်းများနှင့် စပ်လျဉ်း၍ လည်းကောင်း ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအား ဥပဒေအကြံဉာဏ်များပေးရသည်။

ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများသည် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက ဥပဒေအကြံဉာဏ်တောင်းခံလာသည့်အခါ ဥပဒေအကြံဉာဏ်များပေးရသည်။

ဥပဒေအကြံဉာဏ်များပေးရာတွင် မှန်ကန်ဖို့လိုသည်။ ဥပဒေနှင့်အညီဖြစ်ဖို့လိုသည်။ ပြည်တွင်းဥပဒေများသာမက နိုင်ငံတကာဥပဒေများပါ နားလည်တတ်ကျွမ်းထားကြဖို့ လိုပေသည်။

**တရားစွဲဆိုခြင်းလုပ်ငန်း**

ပြစ်မှုဆိုင်ရာအမှုများကို တရားရုံးသို့ တရားစွဲဆိုတင်ပို့ရခြင်းလုပ်ငန်းသည် ဥပဒေအရာရှိများအတွက် အရေးကြီးသည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ တရားစွဲဆိုတင်ပို့ခြင်းမပြုမီ ဥပဒေနှင့်အညီဖြစ်စေရေး၊ တရားစွဲအဖွဲ့အစည်းက ချုပ်မိန့်တောင်းခံလာသည့်အခါ တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့် ညီညွတ်မှုရှိစေရေး၊ အမှုအတွက်လိုအပ်သော သက်သေများ၊ သက်သေခံစာရွက်စာတမ်းများ၊ သက်သေခံပစ္စည်းများပြည့်စုံစွာပါရှိရေး၊ သက်သေဖြစ်ထိုက်သူ၊ တရားခံဖြစ်ထိုက်သူတို့ကို ဥပဒေနှင့်အညီဖြစ်စေရေး စိစစ်ရသည်။ လိုအပ်သော ဥပဒေအကြံများပေးရသည်။ ပြစ်မှုကျူးလွန်သူအားလုံးပါဝင်ရေးဦးတည်ရသည်။ စွပ်စွဲခံထားရသူတစ်ဦးကို အစိုးရသက်သေပြုလုပ်ဖို့လိုအပ်လာလျှင် တရားစွဲဆိုခံရခြင်းမှ လွတ်ငြိမ်းခွင့်ပေးရန် ဆောင်ရွက်ရသည်။ ကျူးလွန်ဖောက်ဖျက်သည့် ဥပဒေ၊ ပုဒ်မကိုလည်း မှန်ကန်စွာတပ်ပေးရသည်။ စွဲဆိုတင်ပို့မည့်အမှု ခိုင်မာရေးအတွက် တည်ဆောက်ပေးရခြင်းဖြစ်သည်။ တရားစွဲဆိုတင်ပို့ခြင်းမပြုနိုင်သောအမှုများ ပိတ်သိမ်းရန်လိုအပ်သည့်အခါ သတ်မှတ်ထားချက်များနှင့်အညီ စိစစ်၍ ပိတ်သိမ်းရန် သင့်၊ မသင့် အဆုံးအဖြတ်ပေးကြရသည်။

**အမှုလိုက်ပါခြင်းလုပ်ငန်း**

တရားရုံးသို့ တရားစွဲဆိုတင်ပို့ပြီးလျှင် အစိုးရရှေ့နေအဖြစ်နှင့် တရားလိုဘက်မှ အမှုကို လိုက်ပါဆောင်ရွက်ပေးရသည်။ တရားလိုက သီးသန့်ရှေ့နေတစ်ဦး ငှားရမ်းမည်ဆိုလျှင် ယင်းငှားရမ်းသည့်ရှေ့နေအား သတ်မှတ်ချက်များနှင့်အညီ ကြီးကြပ်ရသည်။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူသည် ဆင်းရဲနွမ်းပါးသူဖြစ်ပြီး သေဒဏ်ထိုက်သည့်ပြစ်မှုဖြင့် စွပ်စွဲခံရခြင်းဖြစ်ပါက ယင်းအတွက် ရှေ့နေငှားရမ်းပေးရသည်။ နိုင်ငံတော်က တရားလို သို့မဟုတ် တရားပြိုင်အဖြစ် ပါဝင်သော တရားမမှုများတွင်လည်း နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ပေးရသည်။ သက်သေများကို စစ်ဆေးမေးမြန်းပေးရသည်။ လျှောက်လဲချက်များတင်ပြလျှောက်ထားရသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဩဂုတ် ၁**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ပွင့်(ခ) ဦးအောင်ပွင့်(တန့်ယန်းမဲဆန္ဒနယ်)၏ မိတ်ဆွေနှစ်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလွင်(မတ္တရာမဲဆန္ဒနယ်)၏ မိတ်ဆွေ ခြောက်ဦး၊ မန္တလေးတက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၁၈ ဦး စုစုပေါင်း ၁၂၆ ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုသည်။ **(သတင်းစဉ်)**

## ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကွင်းဆင်း

**ဆင်ပေါင်ဝဲ ဩဂုတ် ၁**

ဆင်ပေါင်ဝဲမြို့နယ်တွင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရေယာဉ်ငယ်အသင်းတို့သည် ယနေ့ နံနက် ၁၁ နာရီက ဆင်ပေါင်ဝဲမြို့နယ်တွင် အနိမ့်ဆုံး ရေဝင်ရောက်လေ့ရှိသော ကျွန်းကျေးရွာ(အနောက်စု)တွင် မြေနိမ့်ပိုင်းရေဝင်ရောက်မှုအခြေအနေများ ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သွားရောက်ကွင်းဆင်းကြည့်ရှုကြသည်။ **(ယာပုံ)**

ယင်းနောက် ကျွန်းကျေးရွာ(အနောက်စု)ရှိ တာဝန်ရှိသူများ၊ အိမ်ထောင်စုများနှင့် တွေ့ဆုံပြီး ရေဝတီမြစ်ရေ စိုးရိမ်ရေမှတ်မရောက်မီ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် တိရစ္ဆာန်များ အချိန်မီပြောင်းရွှေ့နိုင်ရေး၊ လူနှင့်တိရစ္ဆာန်များ ထိခိုက်မှု မရှိစေရေး၊ သန့်ရှင်းသော သောက်သုံးရေ သိုလှောင်ထားရှိရေးနှင့် ရေကို ကျိုချက်သောက်သုံးစေရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်ရှိပါက ကြိုတင်အကြောင်းကြားနိုင်ရေး၊ ရေဝင်ရောက်ပါက ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်နိုင်ရေး ကြိုတင်ဆောင်ရွက်



ထားရှိရန် ဆွေးနွေးမှာကြားကြသည်။ မြစ်ရေဝင်ရောက်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ရွှေ့ပြောင်းပေးရန် လိုအပ်ပါက အချိန်မီပြောင်းရွှေ့ပေးနိုင်ရေးအတွက် အမှတ်(၁၃)ကာကွယ်ရေး ပစ္စည်းစက်ရုံမှ ဇက်ရေယာဉ်ဖြင့် ပြောင်းရွှေ့ပေးနိုင်ရေး ကြိုတင်စီစဉ်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အရေးပေါ်စီမံမှုအက်ဥပဒေအား ရုပ်သိမ်းသည့်ဥပဒေကြမ်းတစ်ရပ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင်တင်သွင်း

**နေပြည်တော် ဩဂုတ် ၁**

အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းတစ်ရပ်ကို ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ယနေ့တင်သွင်းသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၏ ပဉ္စမနေ့တွင် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဘရှိန်က ဥပဒေကြမ်းကော်မတီ၏ **အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**အား တင်သွင်းခဲ့ခြင်းဖြစ်ပြီး ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းဟိန်က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအပေါ် ဆွေးနွေး၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းက **ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ရောဝတီမြစ်နှင့် ဝင်မြစ်အား ကာရံထားသော ရေကာတာများအား မိုးရာသီတွင် ပြည်သူများ စိုးရိမ်ပူပန်**



လေးမျက်နှာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း

**မှုမရှိအောင် ကြိုတင်အစီအမံများ ချမှတ်ဆောင်ရွက်ထားရှိရေးနှင့် လာမည့်ပွင့်လင်းရာသီတွင် တာတမံများ ကြံ့ခိုင်မှုရှိရန် ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုတင်သွင်းရာ အင်္ဂပူမဲဆန္ဒနယ်မှ ဦးအေးဝင်းက ထောက်ခံဆွေးနွေးခဲ့ပြီး လွှတ်တော်က ယင်းအဆိုအပေါ် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူရာ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့သဖြင့် ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဇန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး၏ **ဇန်းမောက်မြို့နယ်အတွင်းရှိ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအတွင်း ကျရောက်နေသော လယ်မြေ၊ ယာမြေများကို စွန့်လွှတ်ပေးရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ်တွင် သစ်တောကြိုးဝိုင်း ၂၁ ခု၊ ဧရိယာ ၃၆၄၃၄၅ ဧကနှင့် ကြိုးပြင်ကာကွယ်တော ခုနစ်ခု၊ ဧရိယာ ၁၄၉၂၅ ဧက စုစုပေါင်း သစ်တောမြေ ၅၄၉၂၇၀ ဧကရှိပါကြောင်း၊ ဇန်းမောက်မြို့နယ်အတွင်းရှိ သစ်တောနယ်မြေအတွင်း ပြန့်ကျဲအိမ်စုမှ ရွာမြေဧရိယာ ၀ ဒသမ ၀၃ ဧက၊ လယ်မြေ ၄၄၉ ဒသမ ၁၆ ဧက၊ ပြင်ပကျူးလယ်မြေ ၂၆၅၄ ဒသမ ၈၈ ဧက၊ သာသနာ/ အများပိုင် ၇၁ ဒသမ ၅ ဧက၊ စုစုပေါင်း ၃၁၇၅ ဒသမ ၅၇ ဧကအား အိမ်ခြေ ၅၀ အောက် ပြန့်ကျဲအိမ်စုများနှင့် ပြင်ပမှကျူးကျော်သည့် ရွာမြေ၊ လယ်မြေများကို သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးသွားမည်ဖြစ်ပြီး ကျန်ရှိ စုစုပေါင်းယာမြေ ၄၀၆ ဒသမ ၆၈ ဧကအား သစ်တောမြေမှ



သီပေါမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင်

ပယ်ဖျက်ခြင်းမပြုဘဲ သီးနှံသစ်တောရောနှောစိုက်ပျိုးသည့်စနစ်ကို အခြေခံသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း တည်ထောင်ခြင်းကို ခွင့်ပြုဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ဥယျာဉ်ခြံမြေနှင့် နှစ်ရှည်စိုက်ခင်း ၁၈၁ ဒသမ ၁၆ ဧကအား နှစ်ရှည်မြေငှားစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် မြောက်ပိုင်း၊ သီပေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင်၏ **သီပေါမြို့နယ် နမ္မကျေးရွာအုပ်စု နားကွန်ကျေးရွာနှင့် ပြိန်းဆိုင်းကျေးရွာ နယ်နိမိတ်အတွင်း ငွေရည်ပုလဲကုမ္ပဏီသည် ယနေ့ထိတိုင် ဧက ၃၀ ခန့်ရှိသည့် ကျောက်မီးသွေးတူးဖော်ခြင်းလုပ်ငန်းကို လုပ်ကိုင်နေခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သို့ လုပ်ကိုင်ခွင့်ပြုထားသည့် ကျောက်မီးသွေး(အကြီးစား) လုပ်ကွက်မှာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံချက်၊ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ လားရှိုးမြို့နယ် သစ်တောဦးစီးဌာနနှင့် သီပေါမြို့နယ် သစ်တောဦးစီးဌာနတို့က ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံချက်၊ ကျောက်မဲမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ သီပေါမြို့နယ်မြေစာရင်း ဦးစီးဌာနတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်နှင့် မြေစာရင်းပုံစံ (၁၀၅)များအရ ထုတ်လုပ်ခွင့် ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပြီး လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်ပါကြောင်း၊ ထိုစဉ်က ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလူထု၏ သဘောထားများ တောင်းခံဆောင်ရွက်မှု မရှိသေးပါကြောင်း။

ဒေသခံပြည်သူများက လုပ်ငန်းဆောင်ရွက်ခြင်းကို ကန့်ကွက်နေကြခြင်းအပေါ် နမ္မကျေးရွာအုပ်စု ဒေသခံရွာသားများနှင့် ငွေရည်ပုလဲသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတို့သည် သီပေါမြို့နယ် နမ္မကျေးရွာအုပ်စုရှိ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ၂၀၁၆ ခုနှစ် ဇွန် ၂၅ ရက်က ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ရာ ကုန်းပေါင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ပြိန်းဆိုင်းကျေးရွာ၊ နားကွန်ကျေးရွာ၊ ကုန်းပေါင်ကျေးရွာ၊ နားနန်းကျေးရွာ၊ ပါတပ်ကျေးရွာ၊ ဝမ်လုံကျေးရွာ၊ နားနွေးကျေးရွာများမှ ရွာသူကြီးများနှင့် ရပ်မိရပ်ဖများ အပါအဝင် စုစုပေါင်း ၅၅ ဦး တက်ရောက်ခဲ့ကြပြီး ဒေသခံများ၏ တောင်းဆိုချက်များအပေါ် ကာလအပိုင်းအခြားအလိုက် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကုမ္ပဏီက တင်ပြထားခဲ့ကြောင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်နှင့်ပတ်သက်၍လည်း EIA ၊ HIA၊ SIA၊ EMP စီမံချက်များ တင်ပြရန် ကုမ္ပဏီသို့ တရားဝင်အကြောင်းကြားထားချက်အရ ကုမ္ပဏီကဆောင်ရွက်နေပြီဖြစ်ကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

# ယစ်မျိုးလိုင်စင်ခွန်များ တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ရေးအဖွဲ့များဖွဲ့စည်း၍ အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁**

အရက်၊ ဘီယာ၊ ဝိုင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် သောက်သုံးသူ ပြည်သူများအတွက် အန္တရာယ်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများ ပါဝင်ခြင်း ရှိ/မရှိ ဓာတုဗေဒဝန်ရုံးနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့တွင် စစ်ဆေးမှုခံယူစေပြီး ထောက်ခံချက်ရရှိမှသာ ဖြန့်ဖြူးရောင်းချစေလျက်ရှိကြောင်းနှင့် စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ်မှုများလည်း ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြောကြားသည်။

ထို့ပြင် ဥပဒေမဲ့ဆောင်ရွက်မှုများအပေါ် ထိရောက်ဟန့်တားနိုင်သော ပြစ်ဒဏ်ဖြစ်စေရန် မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကိုလည်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့က ပြဋ္ဌာန်းထားရှိခဲ့ပါကြောင်း၊ လိုင်စင်မဲ့ဆောင်ရွက်မှုများအား ဥပဒေနှင့်အညီ စနစ်တကျအရေးယူရန်အတွက် ယစ်မျိုးလိုင်စင်ခွန်များ တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ကြပ်မတ်ရေး (Task Force)အဖွဲ့များ မြို့နယ်အဆင့်အထိ ဖွဲ့စည်းပြီး အဆင့်ဆင့်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ စန်းမောင်မောင်၏ **“မြန်မာနိုင်ငံတစ်ဝန်း အရက်၊ ဘီယာသောက်သုံးမှုကြောင့် ကျန်းမာရေးဆိုးရွားစွာ ထိခိုက်မှု၊ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမှုနှင့် လူသေဆုံးမှုတို့ကြောင့် စိစစ်ပိတ်ပင်ရန်နှင့် အခွန်တိုးကောက်ရန် အစီအစဉ်ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးက ယစ်မျိုးခွန်နှုန်းထားများကို သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးမြှင့်သတ်မှတ်ထားပြီး ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်စဖြစ်သည့် ဧပြီလ တစ်ရက်နေ့မှစ၍ ကောက်ခံလျက်ရှိသည့်အတွက် လတ်တလော အခွန်နှုန်းထားများ တိုးမြှင့်ပြင်ဆင်ရန် မရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှလည်း အရက်ဆိုးကျိုး ကျန်းမာရေး ပညာပေးမှုကို တစ်နိုင်ငံလုံး ကျယ်ပြန့်စေရန်အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာပညာနှင့် ကုသရေးဦးစီးဌာနမှ အရက်စွဲရောဂါကုသရေး စီမံချက်တို့ဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးစိုင်းဝမ်းလိုင်းခမ်း၏ **“ရှမ်းပြည်နယ်မြောက်ပိုင်းတစ်ခွင်ရပ်ကွက်၊ ကျေးရွာခပ်များများတွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေမှုများ ဖမ်းဆီးအရေးယူရေး၊ အုပ်စုလိုက် မူးယစ်ဆေးဝါးများ သုံးစွဲသည့် ချောင်ကျသောနေရာများအား အမြစ်ပြတ်ရှင်းလင်းဖယ်ရှားရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးမှုများ ရပ်ကွက်၊ ကျေးရွာမကျန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည်ပြုစုကုသပျိုးထောင်ပေးသည့်စခန်းများ လိုအပ်သည့်နေရာများတွင် ဖွင့်လှစ်ပေးရေး”** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးကြသည်။

ယခုအချိန်တွင် တမူးမြို့၌ မူးယစ်ဆေးဝါးသုံးစွဲသူဦးရေ ရာဂဏန်းရှိနေ



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး

သည်ဟု သိရပါကြောင်း၊ UNODC က ၂၀၁၄ ခုနှစ်တွင် ကောက်ယူထားသည့် စာရင်းအရ ကလေးမြို့တွင် မူးယစ်ဆေးအကြောထဲထိုးသွင်းသူ ၁၂၀၀ ရှိသည်ကို သိရပါကြောင်း၊ ထို့ပြင် မူးယစ်ဆေးဝါးကို ပုံစံမျိုးစုံဖြင့် သုံးစွဲသူအရေအတွက်သည် အကြောထဲ ထိုးသွင်းသူဦးရေထက် နှစ်ဆ သုံးဆ ပိုများနိုင်သည်ဟု ယူဆပါကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှိုင်းယှဉ်စဉ်းစားပါက မူးယစ်ဆေးစွဲသူဦးရေသည် မတွေးရဲလောက်အောင်ပင် ဖြစ်ရပါကြောင်း။

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလုပ်ငန်းများကို စာပေ၊ ဂီတ၊ ရုပ်ရှင်အနုပညာများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အကူအညီကို ရယူပြီး ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းအားဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သင့်ပါကြောင်း၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တိုင်းရင်းသားညီအစ်ကိုအားလုံးပူးပေါင်းပြီး မူးယစ်ဆေးဝါးအန္တရာယ်ကို မြန်မာ့မြေပေါ်က အပြီးတိုင်ဖယ်ရှားကြရန် တိုက်တွန်းပါကြောင်း **စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်က** ဆွေးနွေးသည်။

**မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းက** မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းထိန်းချုပ်နိုင်ရန်အတွက် မူလအရင်းအမြစ်ကို ရှာဖွေဖော်ထုတ်ထိန်းချုပ်နိုင်မှုသည် အဓိကကျပါကြောင်း၊ မူးယစ်ဆေးဝါးဖမ်းဆီးရမှုဖြစ်စဉ်များမှ အချို့သည် ပိုင်ရှင်မဲ့ဖြစ်နေခြင်း၊ သုံးစွဲသူကိုမိပြီး ရောင်းချသူကို မဖမ်းဆီးနိုင်ခြင်း၊ ရှာဖွေဖမ်းဆီးမည့်သတင်းကို ကြိုတင်သိရှိပြီး ကျူးလွန်သူများ ရှောင်တိမ်းနေနိုင်ခြင်း စသည့်ကိစ္စရပ်များသည် ပြည်သူများအကြား သက်ဆိုင်ရာ တာဝန်ရှိသူများအပေါ် သံသယနှင့် အထင်အမြင်လွဲမှားမှုကို ဖြစ်ပေါ်စေပြီး တရားဥပဒေစိုးမိုးမှုအပေါ် မေးခွန်းထုတ်စရာ ဖြစ်နေပါကြောင်း။

ထို့ကြောင့် အဆိုတွင် တင်ပြထားသည့်အချက်များသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) တစ်ခွင်သာမက မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရမည့် လိုအပ်ချက်များဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး စီမံကိန်းများ အောင်မြင်ရန်အတွက် တရားဥပဒေစိုးမိုးရေးအပြင် နိုင်ငံတော်ကာကွယ်ရေးအမြင်ဖြင့် ထိုက်သင့်သော ဘဏ္ဍာငွေ ခွဲဝေချထားပေးရန်အတွက်ပါ ထည့်သွင်းစဉ်းစားသင့်ပါကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါ်နန်းနီနီအေးက မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် ဖမ်းဆီး၊ အရေးယူ၊ ကုသခြင်းထက် အသိပညာပေးခြင်းကို ကနဦးအဆင့်အဖြစ် ကျယ်ပြန့်စွာ ဦးစားပေးနယ်မြေ



ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၆)မှ ဒေါ်နန်းနီနီအေး

သတ်မှတ်ပြီး နိုင်ငံတော်စီမံချက်ဖြင့် ဆောင်ရွက်သင့်ပါကြောင်း၊ ထို့ပြင် ကုသရေးစခန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ပေးရန် လိုအပ်ပါကြောင်း။

မူးယစ်ဆေးဝါး ပပျောက်ရေးတွင် ပါဝင်ဆောင်ရွက်နေသည့် ဝန်ကြီးဌာနအချို့သည် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာန၏ ဘဏ္ဍာငွေထဲမှ ဖဲ့ယူခြင်းမျိုးမဟုတ်ဘဲ သီးခြားရန်ပုံငွေတစ်ရပ် ချမှတ်၊ ထူထောင်ခွင့်ရရှိရန်လိုအပ်ပါကြောင်း၊ ထို့ပြင် ကဏ္ဍစုံ၊ ထောင့်စုံ၊ ဆက်စပ်အဖွဲ့အစည်းများ အားလုံးပူးပေါင်းပါဝင်ပြီး အမြစ်ပြတ်ချေမှုန်းနိုင်ရန်နှင့် လွှမ်းခြုံကွပ်ကဲနိုင်ရန်အတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဗဟိုအဖွဲ့တွင် ဒုတိယသမ္မတအဆင့်ရှိ ပုဂ္ဂိုလ်တစ်ဦးဦးက တာဝန်ခံဆောင်ရွက်သင့်ပါကြောင်း။

နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒေသခံပြည်သူများ၊ NGO များ၊ INGO များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အားလုံး အပြောမဟုတ်ဘဲ လက်တွေ့ကျကျ ပူးပေါင်းပါဝင်ပြီး မူးယစ်ဆေးဝါးအန္တရာယ်ကို အမြစ်ပြတ် သုတ်သင်ရှင်းလင်းသွားရန် ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်ထုမေက မူးယစ်ဆေးဝါးသည် နိုင်ငံ အနာဂတ်အတွက် ရင်လေးစရာ အန္တရာယ်ဖြစ်လာသည့်အတွက် စစ်ဆင်ရေးသဖွယ် ဆင်နွှဲတိုက်ဖျက်ရန် အရေးတကြီး လိုအပ်နေပြီဖြစ်ပါကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် ဖမ်းဆီးရုံသက်သက် ဆောင်ရွက်ခြင်းထက် အရပ်ဘက်အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ လူမှုအသိုင်းအဝိုင်းများပါဝင်ကြပြီး ကျောင်းသားလူငယ်များအထိ အသိပညာပေးရန် လိုအပ်ပါကြောင်း။

သတင်းများတွင် မူးယစ်ဆေးဝါးများ မကြာခဏ ဖမ်းဆီးရမိသော်လည်း ပိုင်ရှင်မဲ့ဖြစ်နေခြင်းသည် တရားဥပဒေစိုးမိုးရန် လိုအပ်နေသည်ကို သက်သေပြလျက်ရှိပါကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါးအန္တရာယ်ကို နှိမ်နင်းရာတွင် ကိုင်းဖျားကိုင်းနားကို ဖမ်းဆီးအရေးယူခြင်းထက် အမြစ်ပြတ်အောင် ဥပဒေပိုင်းဆိုင်ရာဖြင့် တင်းတင်းကျပ်ကျပ် အရေးယူဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့အတူ အရက်သောက်သုံးမှုနှင့် ဆေးလိပ်သောက်သုံးမှုများကိုပါ နိုင်ငံတော်အဆင့် ပညာပေးစည်းရုံးရေး လုပ်ငန်းများ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လုပ်ကိုင်ရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်၊ ဖြန့်ဖြူးရောင်းဝယ် ဖောက်ကားသူများကို ဥပဒေအရ ထိရောက်စွာ တားဆီးအရေးယူရန်နှင့် သုံးစွဲသူများကိုလည်း မသုံးစွဲရန်၊ ပညာပေးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**(သတင်းစဉ်)**



ဇူလိုင် ၃၀ ရက်မှစ၍ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် မန္တလေးမြို့ရှိ ရတနာပုံတက္ကသိုလ် (မန္တလေး)ကျောင်းဝင်းအတွင်း၌ ရေလေးပေခွဲကျော် ရေလွှမ်းနေစဉ်
မင်းထက်အောင်(မန်းကိုယ်ပွား)

# ရေလွှမ်းမိုးမှုခံရသောဒေသများသို့ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးအဖွဲ့ ကွင်းဆင်း

**နေပြည်တော် ဩဂုတ် ၁**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေ မြင့်တက်ခဲ့သဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မန္တလေးတိုင်းဒေသကြီး နှင့်မကွေးတိုင်းဒေသကြီးတို့ရှိ မြို့နယ်များအတွင်း ရပ်ကွက်၊ ကျေးရွာများတွင် ရေကြီးရေလျှံမှုများနှင့် ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည်။

ရေဝင်ရောက်ရာ ဒေသများရှိ သဘာဝဘေးဒဏ် ခံစားရသူများအား ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ အစီအစဉ်ဖြင့် ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိလျက်ရှိရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ခရိုင်နှင့်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းများဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များက မြို့နယ်အလိုက် ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးသောဒေသများရှိပြည်သူများအတွက် ကျန်းမာရေး သတိပေးနှိုးဆော်ချက်တွင် ပါရှိသည့် ထိခိုက်ဒဏ်ရာရရှိမှုများရှိပါက ဆေးရုံများနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းများ၌ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူရန်၊ ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် အစားအစာနှင့် ရေမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများဖြစ်ပေါ်နိုင်သဖြင့် ကျိုချက်ထားသောရေ (သို့မဟုတ်) ကလိုရင်းဆေးခတ်ထားသော ရေကိုသာသောက်သုံးရန်၊ မြစ်ရေချောင်းရေနှင့် မသန့်ရှင်းသော ရေများကို မသောက်သုံးရန်၊ အစာအဆိပ်သင့်မှုမဖြစ်စေရန် ရေများ၊ အစားအစာများနှင့် စည်သွပ်ဘူးများ၊ အခြားအမျိုးအမည်မသိ အစားအစာများ မစားသောက်ရန်၊ ရက်လွန်အစားအစာများ၊ လတ်ဆတ်မှုမရှိသော အစားအစာများနှင့် အမှည့်လွန်အသီးများ မစားသုံးရန်၊ သောက်သုံးရေ အရင်းအမြစ်များနှင့် ရေတွင်းရေကန်များအနီး အညစ်အကြေး စွန့်ခြင်းမပြုရန်၊ အအေးမမိစေရန် အမိုးအကာအောက်တွင် နေထိုင်ရန်နှင့် နွေးထွေးသောအဝတ်များ ဝတ်ဆင်ထားရန်၊ အဓိက ကလေးသူငယ်များကို အထူးဂရုစိုက်ရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်နှင့် နာမကျန်းဖြစ်ပါက ကျန်းမာရေးဌာနတွင် ချက်ချင်းပြသ၍ ဆေးကုသမှုခံယူရန်အပြင် သဘာဝဘေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များမှထုတ်ပြန်သော သတင်းပေးချက်များကို တိကျစွာ လိုက်နာရန်၊ သက်ဆိုင်ရာမှ ညွှန်ကြားချက်ရမှသာ ယာယီနားခိုသော အဆောက်အအုံ၊ အမိုးအကာများအောက်မှ ထွက်ခွာရန်၊ ရေလွှမ်းမိုးသည့်အချိန်တွင် ချိုင့်ခွက်နှင့် မြောင်းများအတွင်းသို့ချော်ကျ၍ ရေနစ်နိုင်သည့် အန္တရာယ်ရှိသောကြောင့် သတိပြု၍ သွားလာရန်တို့အား လိုက်နာကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သီပေါ၌ သရက်ပင်အမြစ်မှကျွတ် မန္တလေး-လားရှိုး-မူဆယ်လမ်းပေါ်ကျ၍ ယာဉ်ကြောပိတ်



**သီပေါ ဩဂုတ် ၁**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဩဂုတ် ၁ရက် နံနက် ၇ နာရီခွဲက မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီး ပန်ဆောက်ရွာအနီး မိုင်တိုင်အမှတ် ၁၃၅ (၆/၇) ကြား၌ သက်တမ်းရင့် လုံးပတ် ၁၂ ပေပတ်လည်၊ အရှည်ပေ ၇၀ ရှိ သရက်ပင်ကြီး အမြစ်မှကျွတ်လဲသွား၍ မန္တလေး-လားရှိုး-မူဆယ်သွား မော်တော်ယာဉ်များ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

အဆိုပါလမ်းပိတ်ဆို့ရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သီပေါရဲစခန်းမှ ရဲအုပ်ဌေးလွင်နှင့်တပ်ဖွဲ့ဝင်များ၊ သီပေါယာဉ်ထိန်းတာဝန်ခံတပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့် အဖွဲ့ဝင်များ၊ ပန်ဆောက်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများ စုပေါင်းရှင်းလင်းဆောင်ရွက်ခဲ့သဖြင့် နံနက် ၉ နာရီတွင် မော်တော်ယာဉ်များ ပုံမှန်အတိုင်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# မြောင်မြို့နယ် ကျီကုန်းကျေးရွာ၌ မြစ်ရေထပ်မံမြင့်တက်လာမည်ကို စိုးရိမ်လျက်ရှိ

မြောင် ဩဂုတ် ၁

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျီကုန်းကျေးရွာတွင် ဧရာဝတီမြစ်ရေ မြင့်တက်လာမည်ကို ကျေးရွာသူကျေးရွာသားများက စိုးရိမ်လျက်ရှိပြီး ကျီကုန်းကျေးရွာသည် နှစ်စဉ် ဧရာဝတီမြစ်ရေမြင့်တက်လျက်ရှိသော်လည်း ယခုနှစ်တွင် ယခင်နှစ်များနှင့်မတူ မြစ်ရေမြင့်တက်လျက်ရှိသောကြောင့် လူနေအိမ်များ၏ အိမ်အပေါ် ထပ်ကြမ်းပြင် မြေပြင်မှ ကိုးပေကျော်အထိ မြင့်တက်နေသောကြောင့် ရေထိရန် ငါးလက်မခန့်သာ လိုတော့ကြောင်း သိရသည်။

အရင်နှစ်တွေက ရေဒီလောက်မတက်တော့ သိပ်မစိုးရိမ်ရဘူး။ ဒီနှစ်မှာတော့ အိမ်အပေါ်ထပ်ကို တက်လုဆဲဆဲဖြစ်တဲ့အပြင် လေတိုက်ရင် လှိုင်းပုတ်တာကြောင့် အိမ်တိုင်အောက်ခြေကနေ ကျွတ်ထွက်သွားမှာ စိုးရိမ်နေရတယ်၊ ဒါ့အပြင် ညပိုင်း ရွာပိုင်မီးစက်ကနေဖြန့်တဲ့ လျှပ်စစ်မီးကလည်း မီးကြိုးတွေက ရေနဲ့ထိလုနီးပါးဖြစ်တာကြောင့် လျှပ်စစ်အန္တရာယ်မရှိပေမယ့် ညရေးညတာမှာ ပိုးမွှားကောင်အန္တရာယ်တွေကို ကြောက်လန့်နေရတယ်”ဟု ကျီကုန်းရွာသားတစ်ဦးက ပြောကြောင်း သိရသည်။ ဧရာဝတီမြစ်ရေအနေဖြင့် ယခင်နှစ်က ၁၁၀၀ စင်တီမီတာ ကျော်သာ ရောက်ရှိခဲ့ပြီး ယခုနှစ်တွင် စိုးရိမ်ရေမှတ်အထက် ၁၁၉၅ စင်တီမီတာအထက်သို့ ရောက်ရှိနေကြောင်း သိရှိရသည်။ **ထက်ထက်(မြောင်)**

✳ *ကျောဖုံးမှ*

မြို့တော်စည်ပင်သာယာက ယနေ့နံနက်ပိုင်းက အင်းရေလျှော့ကျရန်အတွက် ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

“တောင်သမန်အင်း ရေတံခါးဖွင့်လိုက်တော့ တခြားရွာတွေနဲ့ ရပ်ကွက်အချို့ရေဝင်မှာပဲ။ဒါပေမယ့် အခြေအနေအရ လုပ်သင့်တာလုပ်ရတာပဲ။ လူမှုကူညီရေးအသင်းတွေရော ဌာနဆိုင်ရာတွေပါ အားလုံးက လိုအပ်တာတွေကူညီဖို့ အဆင်သင့်ရှိနေတယ်”ဟု အမရပူရ မြို့ခံတစ်ဦးက ပြောသည်။

တောင်သမန်အင်း ရေမြင့်တက်မှုနှင့်ပတ်သက်ပြီး ၂၀၀၄ ခုနှစ်က ဦးပိန်တံတားကြမ်းပြင် ကျော်လွန်အောင် ရေလွှမ်းခဲ့ပြီး မန္တလေး(ဧရာဝတီ)မြစ်ရေ စိုးရိမ်ရေမှတ်မှာ ၂၃၀ ဒသမ ၇၄ ပေရှိ၍ ယင်းအထက် လေးပေခန့်ထိ ရောက်ရှိခဲ့ပြီး ယခုနှစ် ဩဂုတ် ၁ ရက်တွင် စိုးရိမ်ရေမှတ်အထက် နှစ်ပေခန့်ရောက်ရှိနေကြောင်း သိရသည်။

**အောင်ရဲသွင်**

# ညောင်တုန်းမြို့တွင် ဧရာဝတီမြစ်ရေဆက်လက်မြင့်တက် စိုးရိမ်ရေမှတ်အထက် နှစ်ပေကျော်လွန်

**ညောင်တုန်း ဩဂုတ် ၁**

ညောင်တုန်းမြို့နယ်တွင် ဧရာဝတီမြစ်ရေသည် ဆက်လက်မြင့်တက်ဆဲဖြစ်ရာ ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေအထက်ကျော်လွန်ကာ ဩဂုတ် ၁ ရက် ညနေ ၆ နာရီက ၂၄ ဒသမ ၅ ပေသို့ရောက်ရှိရာ စိုးရိမ်ရေမှတ်အထက် နှစ်ပေမြင့်တက်နေပြီး မြစ်ရေအခြေအနေကို မြို့လူထုလာရောက်ကြည့်ရှုမှုများ ရှိနေသည်။

အထက်အညာဒေသတွင် မြစ်ရေတက်နေဆဲဖြစ်သဖြင့် ညောင်တုန်းမြို့တွင်လည်း ဧရာဝတီမြစ်ရေမှာ ဆက်လက်တက်နိုင်ဖွယ်ရှိသေးကြောင်း သိရသည်။ ရေကာတာပြင်ပရှိ နေအိမ်များသို့လည်း ရေများဝင်ရောက်လျက်ရှိရာ သတိဝီရိယဖြင့် နေထိုင်ကြရန်လည်း နှိုးဆော်ထားသည်။

မြို့နယ် သဘာဝဘေးအန္တရာယ် ကာကွယ်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးနှင့် ကော်မတီဝင်များ၊ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ ဒေါ်နီနီမိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများကလည်း လိုအပ်သောကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် မြစ်ကမ်းတစ်လျှောက် ရေကာတာများတွင် နေ့ညရေကင်းများ စောင့်ကြပ်လျက်ရှိသည်။

ညောင်တုန်းမြို့ရေကာတာမှာ ယခုနှစ်နွေရာသီမှ ရေကာတာအမြင့် ၃၀ ဒသမ ၅ ပေ အထိ မြှင့်တင်တည်ဆောက်ထားမှုကြောင့် စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရသည်။ မြို့နယ်အတွင်း စိုးရိမ်ရသောကျေးလက်ဒေသများတွင်လည်း ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားကြောင်း သိရသည်။ **နေလင်း(ညောင်တုန်း)**

■ *ကျောဖုံးမှ*

စီစဉ်ဆောင်ရွက်လျက်ပါရှိသည်။

SIM Card များ Registration ပြုလုပ်ခြင်းသည် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်သည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ ဆက်သွယ်ရေးဝန်ဆောင်မှုပေးလျက်ရှိသည့် အော်ပရေတာများသို့လည်း SIM Card များ မှတ်ပုံတင်ခြင်း(SIM Card Registration)ကိစ္စအား မဖြစ်မနေ ပြုလုပ်ဆောင်ရွက်ရန် ညွှန်ကြားချက်များထုတ်ပြန်၍ ဆောင်ရွက်စေခဲ့ပြီး ဖြစ်ပါသည်။

SIM Card များ Registration ပြုလုပ်ရန်အတွက် လိုအပ်မည့်အချက်အလက်များမှာ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(သို့မဟုတ်)အခြားအကျုံးဝင်သည့် ကတ်ပြားအမှတ်၊ ကျောင်းသားကတ်၊ ယာဉ်မောင်းလိုင်စင်ကတ်၊ Passport No (နိုင်ငံခြားသားများအတွက်သာ)၊ အဆိုပါ ကတ်ပြားများ မိတ္တူ၊ အဘအမည်၊ မွေးသက္ကရာဇ်(ရက်/လ/ခုနှစ်)၊ လူမျိုး/နိုင်ငံသား၊ ကျား/မ၊ နေရပ်လိပ်စာတို့ ဖြစ်သည်။

ယခင်မှတ်ပုံတင်ပြီး SIM Card များအနေဖြင့် လက်ရှိသုံးစွဲသူအမည် မှန်ကန်ခြင်းမရှိလျှင်သော် လည်းကောင်း၊ မိမိအမည်ဖြင့် မှတ်ပုံတင်ထားရှိသော်လည်း မိမိကိုယ်တိုင်သုံးစွဲခြင်း မရှိတော့လျှင်သော် လည်းကောင်း သက်ဆိုင်ရာ အော်ပရေတာများနှင့် ဆက်သွယ်၍ သုံးစွဲသူအမည်နှင့်အချက်အလက်များ မှန်ကန်စွာ မှတ်ပုံတင်အသုံးပြုနိုင်ရေး ဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ မိုဘိုင်းဖုန်းသုံးစွဲသူများသည် မိမိတို့အသုံးပြုလျက်ရှိသည့် SIM Card များအား သက်ဆိုင်ရာအော်ပရေတာများနှင့် ဆက်သွယ်၍ မှတ်ပုံတင်ခြင်း ပြုလုပ်ကြပါရန်နှင့် စနစ်တကျ မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များအား ၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်နေ့မှစ၍ ဝန်ဆောင်မှုပေးခြင်း ယာယီရပ်ဆဲသွားမည်ဖြစ်ပြီး စနစ်တကျမှတ်ပုံတင်ပြီးမှသာ ပြန်လည်သုံးစွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။
**(မြန်မာ့အလင်း)**

# မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်

**နေပြည်တော် ဩဂုတ် ၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန်မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ **(မိုး/ဇလ)**

# အများနှင့်သက်ဆိုင်သောနေရာများတွင် မြန်မာ-ဂျပန်အသင်း လစဉ်သန့်ရှင်းရေးပြုလုပ်သွားမည်

**ရန်ကုန် ဩဂုတ် ၁**

မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းကြီးမှ ရန်ကုန်မြို့ အများနှင့်သက်ဆိုင်သောနေရာများတွင် သန့်ရှင်းရေးလုပ်ငန်းများအပြင် ပညာပေးအစီအစဉ်များပါ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းနာယက ဦးဌေးအောင်က ပြောသည်။

"ကျွန်တော်တို့အသင်းကြီးအနေနဲ့ ရန်ကုန်မြို့ရဲ့ အများနဲ့သက်ဆိုင်တဲ့ နေရာတွေဖြစ်တဲ့ ဆေးရုံတွေ၊ ကျောင်းတွေနဲ့ စေတီပုထိုးတွေမှာ လစဉ်သန့်ရှင်းရေးအလုပ်ကိုလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

"ပြီးခဲ့တဲ့လကတော့ သဃ်န်းကျွန်းစံပြဆေးရုံကြီးမှာ လုပ်ခဲ့ပါတယ်။ ဒီလမှာတော့ ရွှေတိဂုံဘုရားမှာ စုပေါင်းသန့်ရှင်းရေးလုပ်ပေးခြင်းဖြစ်ပါတယ်။ လာမယ့်လမှာ အင်းစိန်ဆေးရုံကြီးမှာ လုပ်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင်ရန်ကုန်မြို့ရဲ့လမ်းဆုံလမ်းခွနေရာတွေမှာ ကွမ်းမစားရ၊ အမှိုက်မပစ်ရအစီအစဉ်နဲ့ ပညာပေးအစီအစဉ်လုပ်သွားဖို့ရှိပါတယ်" ဟု ဦးဌေးအောင်က ဇူလိုင်လနောက်ဆုံးပတ်က ရွှေတိဂုံဘုရားရင်ပြင်၌ပြုလုပ်သော မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ စုပေါင်းသန့်ရှင်းရေး အလှူဒါနပြုလုပ်သည့် အခမ်းအနားတွင် ပြောသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးပြုလုပ်သည့် အခမ်းအနားတွင် မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ အသင်းဝင်ပေါင်း ၃၀၀ ခန့်မှ ရင်ပြင်ပေါ်တွင် တံမြက်စည်းလှည်းခြင်း၊ ဆီမီးဖယောင်းတိုင်ထွန်းညှိသည့် နေရာများတွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ သန့်ရှင်းရေးနှင့်ပတ်သက်သော အသိပညာများတိုးပွားရန် လက်ကမ်းကြော်ငြာများဖြန့်ဝေခြင်းတို့ကို ရွှေတိဂုံစေတီတော်ရင်ပြင်တစ်ပတ်ပြုလုပ်ခဲ့ကြောင်း သိရသည်။



မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းသည် ၂၀၀၀ ပြည့်နှစ်မှ စတင်ပေါ်ပေါက်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်တွင် တရားဝင်လူမှုရေးအသင်းကြီးဖြစ်လာခဲ့ရာ ယခုအခါအသင်းဝင်ပေါင်း ၂၀၀၀ ခန့်ရှိကြောင်း၊ အသင်းကြီးကို ဂျပန်နိုင်ငံတွင် ပညာသွားရောက်သင်ကြား၍ပြန်လာသူများ၊ အလုပ်အကိုင်သွားရောက်လုပ်ကိုင်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသူများနှင့် ဖွဲ့စည်းထားကြောင်း၊ ပညာရေးကဏ္ဍအနေဖြင့် ဂျပန်စာသင်ကြားရေးကို အခမဲ့ဆောင်ရွက်ပေးနေကြောင်း၊ စီးပွားရေးအနေဖြင့် ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်အောင် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ရှာဟောင်း၊ တံတားကန်၊ ဖူးရဲ၊ ရေဖြူကန်ကျေးရွာများ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံဖွင့်

**တောင်ကြီး ဩဂုတ် ၁**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကလောမြို့နယ် ဘော်ဆိုင်းကျေးရွာအုပ်စု ရက် ၁၀၀ စီမံချက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ GPS(JV)ကုမ္ပဏီမှ ရှာဟောင်း၊ တံတားကန်၊ ဖူးရဲ၊ ရေဖြူကန်ကျေးရွာလေးရွာ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ၃၃/၁၁ ကေဗီ ၁ အမ်ဗွီအေ ဓာတ်အားခွဲရုံဖွင့်ပွဲကို ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါရွာ၌ကျင်းပသည်။

ကျေးရွာလေးရွာလျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပင်းတယမြို့တွင် ၆၆/၃၃ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ပြီး ပင်းတယမှတစ်ဆင့် ၃၃ ကေဗွီဓာတ်အားလိုင်း ၁၀ ဒသမ ၅ မိုင်၊ ၃၃/၁၁ ကေဗွီ ၁ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ကာ ပင်းတယခွဲရုံမှတစ်ဆင့် ဓာတ်အားရရှိခဲ့ကြောင်း၊ ရွာလေးရွာတွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ် လုံး၊ ၁၆၀ ကေဗွီအေ ထရန်စဖော်မာသုံးလုံး၊ ၅၀ ကေဗွီအေထရန်စဖော်မာတစ်လုံး၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၇ ဒသမ ၉ မိုင် တည်ဆောက်ပြီးစီး၍ ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိတော့မည်ဖြစ်ကြောင်း ပြည်နယ်လျှပ်စစ် စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းက ပြောကြားသည်။

ကျန်ရှိနေသည့် ကျေးရွာများကို လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာ ရေးနှစ် ပြည်နယ်အစိုးရ (BE) ဘတ်ဂျက်ဖြင့် ရက် ၁၀၀ အတွင်း လုပ်ငန်း ၆၂ ခု လျာထားငွေကျပ်သိန်း ၂၉၈၂ ဒသမ ၉၇၇ ဖြင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်း ၆၂ ခုသည် မကြာမီကာလအတွင်း ပြီးစီးမည်ဖြစ်၍ ပြည်နယ်အတွင်းရှိ ကျေးရွာများ ထပ်မံတိုးပြီး လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ (BE) ဘတ်ဂျက်ဖြင့် လုပ်ငန်း ၅၁ ခု လျာထားငွေကျပ်သိန်း ၁၆၀၈၁ ဒသမ ၀၀ ဖြင့် လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၁၁ ကေဗွီဓာတ်အားလိုင်းရရှိကာ နှစ်မိုင်အတွင်းရှိ ဦးစားပေး ပထမအဆင့်ကျေးရွာ ၂၁၄ ရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လျာထားငွေကျပ်သန်း ၉၄၀၆ ဖြင့် လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကို GPS(JV) ကုမ္ပဏီတာဝန်ခံက အထိမ်းအမှတ်ပစ္စည်းများပေးအပ်၍ ရှာဟောင်း၊ တံတားကန်၊ ဖူးရဲ၊ ရေဖြူကန်ကျေးရွာ လေးရွာ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ၃၃/၁၁ ကေဗွီ ၁ အမ်ဗွီအေ ဓာတ်အားခွဲရုံတို့အား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများနှင့် ကုမ္ပဏီတာဝန်ခံတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



**မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် မန်းဆုံ-အောင်ပင်လယ် ကျေးရွာချင်းဆက်သွယ်သော အရှည်ပေ ၂၀၀၊ အကျယ် ၁၂ ပေရှိ ကွန်ကရစ်တံတားသည် ဇူလိုင် ၃၁ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ပန်းတိမ်းမန်းချောင်းရေတိုက်စားမှုကြောင့် မန်းဆုံဘက်ခြမ်း ရေလယ်တိုင် နိမ့်ကျသွားသည့်အတွက် ပေ ၃၀ ခန့် ပြတ်ကျသွားသည်ကို တွေ့ရစဉ်**

သန်းနိုင်ဦး (ငဖဲ)

# ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် မကွေးမြို့နယ်အတွင်း ရေကြီးမှုများဖြစ်ပေါ်လျက်ရှိ

**မကွေး ဩဂုတ် ၁**

မကွေးမြို့နယ်အတွင်း ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် မြစ်ကမ်းဘေးကျေးရွာများနှင့် အနိမ့်ပိုင်းကျေးရွာများသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

ဧရာဝတီမြစ်ရေတက်မှုနှင့် မိုးများမှုများကြောင့် မကွေးမြို့နယ်အတွင်း မြေနုကျွန်းကျေးရွာ၊ သဖန်းဆိပ်ကျေးရွာ၊ ကျွန်းပြတ်ကျေးရွာ၊ မီးသေကျေးရွာ၊ မင်းရွာ၊ တောင်ခွင်းတောင်ခွင်၊ ဝါတောချောင်းကျေးရွာ၊ သဘော်ဆိပ်ကျေးရွာ၊ မိချောင်းရဲကျေးရွာ၊ အောင်မေတ္တာရပ်ကွက်၊ မြို့ဟောင်းရပ်ကွက်စသည့် ကျေးရွာနှင့်ရပ်ကွက် စုစုပေါင်း ၁၁နေရာရှိ အိမ်ခြေ ၅၄၄လုံး၊ လူဦးရေ ၂၃၉၀ နှင့် ကျွဲ၊ နွား၊ ဝက်၊ကြက် ၇၃၉ကောင်တို့အား ရေလွတ်ရာနေရာများဖြစ်သည့် ဘုန်းတော်ကြီးကျောင်းများ၊ နီးစပ်ရာဆွေမျိုးသားချင်းနေအိမ်များ၊ ကုန်းမြင့်များသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။



အဆိုပါ ရေဘေးသင့်ပြည်သူများကို လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ရေဘေးသင့်ပြည်သူတစ်ဦးလျှင် တစ်ရက်လျှင် ငွေကျပ် ၃၀၀ နှုန်း ထောက်ပံ့လျက်ရှိကြောင်းနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ရေဘေးသင့်ပြည်သူများအတွက် နေထိုင်ရေး၊ သောက်သုံးရေရရှိရေးများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

# ရောဝတီမြစ်ရေစိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများသတိပြုရန်

**နေပြည်တော် ဩဂုတ် ၁**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် နှစ်ပေခွဲခန့်၊ ညောင်ဦးမြို့တွင် လေးပေခွဲခန့်၊ မင်းဘူးမြို့ ဟသ်ာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခန့်စီ၊ မကွေးမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ပေဝက်ခန့်စီ၊ နောက်နှစ်ရက်အတွင်း မင်းဘူးမြို့နှင့်မကွေးမြို့တို့တွင် နှစ်ပေခန့်စီ၊ ဟသ်ာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခန့်စီ ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်၊ ဟသ်ာတမြို့နယ်နှင့် ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(မြန်မာ့အလင်း)**

# ညောင်ဦးတွင် ယမန်နှစ်က စံချိန်တင်ရေမှတ်သို့ရောက်ရှိရန် ၆ စင်တီမီတာခန့်သာလို

**ညောင်ဦး ဩဂုတ် ၁**

ညောင်ဦးမြို့၏ ဧရာဝတီမြစ်ရေမြင့်တက်မှုအခြေအနေသည် ယမန်နှစ်မြေရေကြီးစဉ်က စံချိန်တင်ရေမှတ် ၂၂၅၇ စင်တီမီတာသို့ ရောက်ရှိရန် ၆ စင်တီမီတာခန့်သာလိုတော့ကြောင်း သိရသည်။

ဩဂုတ် ၁ရက် နံနက် ၆နာရီ တိုင်းထွာချက်အရ မြစ်ရေမှတ်မှာ ၂၂၅၁ စင်တီမီတာသို့ ရောက်ရှိနေကြောင်း၊ ယင်းမြို့၏ စိုးရိမ်ရေမှတ်မှာ ၂၁၂၀ စင်တီမီတာဖြစ်ရာ စိုးရိမ်ရေမှတ်ထက် ၁၃၁ စင်တီမီတာ ကျော်လွန်မြင့်တက်နေကြောင်း မြို့နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြစ်ရေမြင့်တက်မှုကြောင့် မြို့မအခြေခံပညာ အထက်တန်းကျောင်းခွဲနှင့် ကပ်လျက်ရှိ ညောင်ဦးမြို့မရဲစခန်းအတွင်းသို့ပါ ရေများဝင်ရောက်လျက်ရှိသည်။ သို့ဖြစ်၍ ရေဝင်ရောက်နိုင်သည့် မြို့နယ်အတွင်းရှိ ရုံးဌာနများသည်လည်း ကြိုတင်ကာကွယ်သည့်အနေဖြင့် အရေးကြီးစာရွက်စာတမ်းများ ထုပ်ပိုးသိမ်းဆည်း ရွှေ့ပြောင်းခြင်းနှင့် ရေဘေးကြိုတင်ကာကွယ်ရေး စီမံချက်များရေးဆွဲကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**

# ရထားမှားစီး၍ နေအိမ်သို့ မပြန်တတ်သည့် ကလေးငယ်တစ်ဦးအား မိဘများထံ ပြန်လည်အပ်နှံ

**နေပြည်တော် ဩဂုတ် ၁**

အင်းစိန်-မင်္ဂလာဒုံ-ရန်ကုန် သရက်(၆) မြို့ပတ်ရထားပေါ်တွင် ဇူလိုင် ၂၉ ရက်က ခွဲ(၁၄)၊ အင်းစိန်ရထားလုံခြုံရေးအဖွဲ့မှ မှုခင်းကျဆင်းရေးအတွက် လိုက်လံစစ်ဆေးစဉ် မောင်ကျော်မင်းခန့် (၁၄နှစ်)၊ (ဘ)ဦးအေးဝင်းမောင် ရန်ကုန်တိုင်းဒေသကြီး နေသူအား ရထားမှားစီး၍ နေအိမ်သို့မပြန်တတ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အင်းစိန်ရထားရဲစခန်းသို့ ပို့ဆောင်အပ်နှံခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အင်းစိန်ရထားရဲစခန်းမှူး ရဲအုပ်ခင်ဇော်ဦးက ၎င်း၏ ဘကြီးတော်စပ်သူ ဦးထိန်လင်း (၅၄နှစ်)၊ (ဘ) ဦးသာအောင် (နေရပ်လိပ်စာတူ)ထံသို့ ဆက်သွယ်အကြောင်းကြားခဲ့ရာ လာရောက်ခေါ်ဆောင်သဖြင့် အင်းစိန်ဘူတာရုံပိုင်ကြီး ဦးမင်းမင်းဦးရှေ့မှောက်တွင် စနစ်တကျပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

ကိုရဲ

# ဘင်္ဂလားဒေ့ရှ်ရဲများက အကြမ်းဖက်အုပ်စုဝင် လူ ၂၀၀ ကို ဖမ်းဆီး

**ဒါကာ ဩဂုတ် ၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လွန်ခဲ့သောလက လူ ၂၀ သေဆုံးစေခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုအပြီး ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များသည် အကြမ်းဖက်အုပ်စုဝင်များဟု ယူဆရသည့် လူ ၂၀၀ ခန့်ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်ဟု အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးအဖွဲ့မှ ကြီးကြပ်သူရဲအရာရှိက အင်န်အိတ်ချ်ကေသို့ တနင်္ဂနွေနေ့က ပြောခဲ့သည်။

မြို့တော်ဒါကာရှိ စားသောက်ဆိုင်အတွင်း အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် လုံခြုံရေး အဆင့်အမြင့်ဆုံးထားရှိဆဲဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်ခံရ၍ သေဆုံးသူများထဲတွင် ဂျပန်လူမျိုး ၇ ဦးပါဝင်သည်။ ယင်းအကြမ်းဖက်တိုက်ခိုက်မှုနှင့် ဆက်နွှယ်သည်ဟု ယူဆရသော အကြမ်းဖက်အုပ်စုအဖွဲ့ဝင်များကိုလည်း ယခုအခါ ထိန်းသိမ်းထားကြောင်း ရဲအရာရှိက ပြောသည်။ ယင်းအုပ်စုသည် လွန်ခဲ့သော ၁၁ နှစ်က ပိတ်ပစ်ခြင်းခံရသော ပြည်တွင်းအစွန်းရောက်အဖွဲ့မှ အဖွဲ့ခွဲဖြစ်သည်ဟု ရဲများက ယူဆသည်။ ယခုအခါ ရဲများသည် အဆိုပါအဖွဲ့မှ အဖွဲ့ဝင် ၂၀၀ ကို ဖမ်းဆီးခဲ့သည်။ သို့သော် ယင်းအုပ်စုမှာ အိုင်အက်စ်အဖွဲ့သို့မဟုတ် အယ်ခိုင်ဒါအုပ်စုတို့နှင့် တိုက်ရိုက်ပတ်သက်ခြင်းမရှိဟုလည်း ရဲများက ပြောသည်။ ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက အစောပိုင်းတွင် ဒါကာမြို့ စားသောက်ဆိုင်၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှု၌ အိုင်အက်စ်အဖွဲ့၏ ပါဝင်မှု မရှိကြောင်း ပြောခဲ့သည်။ သို့သော် နောက်ပိုင်း၌ အိုင်အက်စ်အဖွဲ့၏ လွှမ်းမိုးမှုအချို့ရှိနိုင်ကြောင်း လက်ခံခဲ့သည်။

လွန်ခဲ့သော အင်္ဂါနေ့က မြို့တော်ဒါကာ၌ ရဲများက လျှပ်တစ်ပြက်ဝင်ရောက်ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့ရာ သေနတ်သမားကိုးဦးကို ပစ်သတ်ခဲ့သည်။ ၎င်းတို့ပုန်းအောင်းသောနေရာ၌ အိုင်အက်စ်အဖွဲ့၏အလံနှင့် လက်နက်များကို ရှာဖွေတွေ့ရှိ ခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**




# တက္ကဆက်ပြည်နယ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

**တက္ကဆက် ဩဂုတ် ၁**

ဩစတင်မြို့၌ တနင်္ဂနွေနေ့အစောပိုင်းက သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး တခြားလူသုံးဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။ လူအုပ်အတွင်းသို့ ပစ်ခတ်မှုအပြီး သေနတ်သမားသည် မြို့လယ် နိုက်ကလပ်မှ ထွက်ခွာသွားခဲ့သည်ဟု ရဲများက ပြောသည်။

သေနတ်သမားများသည် ဒေသစံတော်ချိန် နံနက် ၂ နာရီ ၁၅ မိနစ်က ပစ်ခတ်ခဲ့ပြီး ထွက်ပြေးခဲ့ခြင်းဖြစ်သည်ဟု ဩစတင်မှ ရဲအရာရှိ ဘရိန်းမန်လေးက သတင်းထောက်များကို ပြောသည်။ တနင်္ဂနွေနေ့၌ ရဲများက ထုတ်ပြန်ကြေညာသော ကြေညာချက်တွင် အန်ဒီကော့ဒ်မက်ကရေးဟုခေါ်သော အသက် ၂၄ နှစ်အရွယ် အမျိုးသားတစ်ဦးကို ပစ်ခတ်မှုနှင့် ဆက်စပ်၍ ဖမ်းဝရမ်းထုတ်ထားကြောင်း ကြေညာခဲ့သည်။ အရက်ဘားပိတ်ပြီးနောက် မိနစ်အနည်းငယ်အကြာတွင် ဖြစ်ပွားခဲ့သော ပစ်ခတ်မှုကို ရှင်းရှင်းလင်းလင်းမသိရသေးပေ။

အခြေအနေများမှာ ရှုပ်ထွေးခဲ့ကြောင်း၊ လူအများသည် အရက်ဘားမှ သေနတ်ပစ်ခတ်သံ ကြားပြီးနောက် အလန့်တကြား ပြေးထွက်လာခဲ့ကြကြောင်း၊ ထိုအခါ ပတ္တရောင်လှည့်နေသောရဲများက အပြေးအလွှားသွားရောက်ကြည့်ခဲ့ကြောင်း ရဲအရာရှိမန်လေက ပြောသည်။

အမေရိကန်ပြည်ထောင်စုရှိ မြို့ကြီးများ၌ သေနတ်ဖြင့် အကြမ်းဖက်မှုများဖြစ်ပွားခဲ့အပြီး တက္ကဆက်ပြည်နယ် မြို့တော်၌ ထပ်မံဖြစ်ပွားခဲ့ခြင်းပင် ဖြစ်သည်။

ဩစတင် မြို့လယ်ကောင်သည် စည်ကားသော နေရာတစ်ခုဖြစ်ပြီး လူဦးရေ ၉၀၀၀၀၀ ကျော် နေထိုင်လျက်ရှိသည်။

**(ရိုက်တာ)**

# ဂျပန်ကုမ္ပဏီများ၌ အမျိုးသမီးများအား အဆင့်မြင့်ရာထူးနေရာများ တိုးမြှင့်ခန့်အပ်

**တိုကျို ဩဂုတ် ၁**

ဂျပန်ကုမ္ပဏီများသည် အမျိုးသမီးများကို အဆင့်မြင့်ရာထူးနေရာများ တိုးမြှင့်ခန့်ထားမှု ပိုမိုများပြားလာကြောင်း လေ့လာမှုတစ်ရပ်က ဖော်ပြသည်။

ပုဂ္ဂလိကကုမ္ပဏီများ၌ မန်နေဂျာအဆင့် သို့မဟုတ် အမှုဆောင်ကဲ့သို့နေရာမျိုးတွင် အမျိုးသမီးများအား ခန့်ထားမှုမှာ အရေအတွက် မြင့်တက်လျက်ရှိကြောင်း ယင်းလေ့လာမှုအရ သိရသည်။

အလုပ်သမားဝန်ကြီးဌာနသည် တစ်နှစ်လျှင်နှစ်ကြိမ် ယင်းလေ့လာမှုကို စစ်တမ်းကောက်ယူလေ့ရှိသည်။ ပုဂ္ဂလိကကုမ္ပဏီ ၄၀၀၀လောက်အား လေ့လာမှုပြုလုပ်ခဲ့ရာ အမျိုးသမီး ၁၀ ဦး သို့မဟုတ် ၎င်းထက် ပိုမိုများပြားသော အရေအတွက်ကို စီမံခန့်ခွဲရေးအဆင့် ရာထူးများတွင် ခန့်ထားမှုများရှိကြောင်း သိရသည်။

ယင်းသို့ အမျိုးသမီးများအား မန်နေဂျာ သို့မဟုတ် အမှုဆောင်နေရာမျိုးတွင် အလုပ်ခန့်အပ်မှုမှာ ရာခိုင်နှုန်းဖြင့်ပြောရလျှင် ၁၂ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။ ယခင်နှစ်လေ့လာမှုစစ်တမ်းထက်စာလျှင် အမျိုးသမီးများအား မန်နေဂျာ သို့မဟုတ် အမှုဆောင်နေရာမျိုးတွင် အလုပ်ခန့်အပ်မှုမှာ ၂ ဒသမ ၈ ရာခိုင်နှုန်း ပိုမိုတိုးတက်လာကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ကဘူးလ်တွင် ကားတစ်စီး ဗုံးဖောက်ခွဲမှု တာလီဘန်တို့၏လက်ချက်ဟုဆို

**ကဘူးလ် ဩဂုတ် ၁**

တစ်မြို့လုံး ပြင်းထန်သော ပေါက်ကွဲသံကြီးကြားပြီးနောက် ဩဂုတ် ၁ ရက်က ကဘူးလ်ရှိ နိုင်ငံခြားသားများ အသုံးပြုသော စစ်ဘက်နှင့် စာရင်းအင်းဌာနဝင်းအတွင်း ကုန်တင်ကားတစ်စီး ဗုံးဖောက်ခွဲမှုသည် တာလီဘန်တို့၏ လက်ချက်ဟု ဆိုကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပုံမှန်မဟုတ်သော ပေါက်ကွဲသံကြီးကို ဒေသစံတော်ချိန် နံနက် ၁ နာရီ မိနစ် ၃၀ က ကြားခဲ့ရသော်လည်း သေဆုံးသူအရေအတွက် နည်းပါးကြောင်း သိရသည်။

ကဘူးလ်ရဲချုပ် အက်ဗဒူရာမန်ရာဟိမိက ပေါက်ကွဲမှုတွင် တိုက်ခိုက်သူတစ်ဦး ၎င်းကားကို ကိုယ်တိုင်ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြင့် သေဆုံးခဲ့ပြီး အခြားတိုက်ခိုက်ရေးသမားနှစ်ဦးမှာ ရဲများ၏ လက်ချက်ဖြင့် သေဆုံးသွားခဲ့သည်။ ရဲအရာရှိတစ်ဦးသေဆုံးပြီး အခြားလေးဦး ဒဏ်ရာရရှိခဲ့သည်။



ရှီးယိုက်ဟာဇာရာ မျိုးနွယ်စုများ ဆန္ဒပြမှုတွင် လူ ၈၀ သေဆုံးစေခဲ့သည့် အသေခံတိုက်ခိုက်ခဲ့သူများမှာ အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဟု သိရပြီး တစ်ပတ်အကြာ ထိုသို့ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ကျူးကျော် နိုင်ငံခြားသားများ အာဖဂန်နစ္စတန်မှ ထွက်ခွာပေးရမည်ဟု ပြောသော်လည်း အရပ်သားသေဆုံးမှုများကို ရှောင်ရှားချင်သည့် တာလီဘန်များက ဗုံးဖောက်ခွဲမှုသည် လူနေအိမ်ခြေနှင့် နီးသောနေရာတွင် မဟုတ်သည့်အတွက် သာမန်လူများ မထိခိုက်နိုင်ကြောင်း ပြောခဲ့သည်။

**(ရိုက်တာ)**

# အိုင်အက်စ်တပ်ဖွဲ့က ၎င်းတို့တပ်ဖွဲ့ဝင်များကို ရုရှားနိုင်ငံ၌ ဂျီဟတ်ပြုလုပ်ရန် တိုက်တွန်း

**မော်စကို ဩဂုတ် ၁**

အိုင်အက်စ်အဖွဲ့သည် တနင်္ဂနွေနေ့က ယူကျု၌ လွှင့်တင်ခဲ့သည့် ၉ မိနစ်စာဗီဒီယိုဖိုင်၌ ၎င်းတို့၏အဖွဲ့ဝင်များကို ရုရှားနိုင်ငံ၌ ဂျီဟတ်ပြုလုပ်ရန် တိုက်တွန်းခဲ့သည်။

ဗီဒီယိုထဲတွင် မျက်နှာဖုံးစွပ်ထားသည့် လူတစ်ဦးက အိုင်အက်စ်အဖွဲ့များ မကြာမီ ရုရှားသို့ ရောက်လာတော့မည်ဖြစ်ကြောင်း၊ အိုင်အက်စ်အဖွဲ့မှ ညီအစ်ကိုတော်များသည် ရုရှားနိုင်ငံ၌ ဂျီဟတ်ပြုလုပ်မည်ဖြစ်ကြောင်း၊ လူပေါင်းများစွာကို သတ်ဖြတ်ပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုခဲ့သည်။

စာတမ်းထိုးထားသည့် ယင်းဗီဒီယို၌ လက်နက်ကိုင်ဆောင်ထားသော လူများက သံချပ်ကာကားများ၊ တဲများကို တိုက်ခိုက်နေသူများနှင့် သဲကန္တာရအတွင်း လက်နက်များ စုဆောင်းထားရှိမှုများကို ပြသထားသည်။ လတ်တလောတွင် ယင်းဗီဒီယိုကို အတည်မပြုနိုင်သေးသော်လည်း တယ်လီဂရမ် မက်ဆေ့ချ်အကောင့်တွင်ဖော်ပြထားသော ဗီဒီယိုလင့်ဆိုက်များမှာ စစ်သွေးကြွတို့ အသုံးပြုသောဆိုက်များဖြစ်ကြောင်း သိရသည်။

ရုရှားကို ဘာကြောင့် ဦးတည်တိုက်ခိုက်ချင်သလဲဆိုသည့်အဖြေကို ရှင်းရှင်းလင်းလင်းမသိရသေးသော်လည်း ရုရှားနှင့် အမေရိကန်သည် ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများကို နှိမ်နင်းတိုက်ခိုက်ရာတွင် ပူးပေါင်းပါဝင်ခဲ့ကြောင်းသိရသည်။

**(ရိုက်တာ)**

# နိုင်ဂျီးရီးယား၌ အကြမ်းဖက်ခံရသည့် အမျိုးသမီးများအတွက် ပြန်လည်ထူထောင်ရေးစင်တာတည်ဆောက်

**လာဂို့စ် ဩဂုတ် ၁**

နိုင်ဂျီးရီးယားအစိုးရသည် တိုင်းပြည်အတွင်း အချက်အချာကျသည့်နေရာခြောက်နေရာ၌ အကြမ်းဖက်တိုက်ခိုက်ခံရသည့် အမျိုးသမီးများအတွက် ပြန်လည်ထူထောင်ရေးဌာန တည်ဆောက်ရန် စီစဉ်လျက်ရှိသည်ဟု တနင်္ဂနွေနေ့၌ အာဏာပိုင်များက ပြောသည်။

အမျိုးသမီးအရေးနှင့် လူမှုကိစ္စဖွံ့ဖြိုးရေးဝန်ကြီး Aisha Alhassan က ယင်းအစီအစဉ်ကို ကြေညာခဲ့သည်။ ဤကဲ့သို့ စီစဉ်ရခြင်းမှာ အမျိုးသမီးများ အကြမ်းဖက်ခံရသည့် ပြဿနာအရေအတွက်ကို စစ်ဆေးရန်နှင့် အကြမ်းဖက်ခံရသည့် အမျိုးသမီးများကို စိတ်ပိုင်းဆိုင်ရာ ပြန်လည်ဖြည့်စွမ်းပေးနိုင်ရေး ရည်ရွယ်၍ စီစဉ်ရခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

ဝန်ကြီးဌာနအနေဖြင့် ပြည်နယ် ၃၆ ခု၌အမျိုးသမီးနှင့်ကလေးများ အကြမ်းဖက်ခံရမှုအတွက် သင့်တော်သောဥပဒေများပြဋ္ဌာန်းနိုင်ရေး စီစဉ်လျက်ရှိသည် ဟု ၎င်းက ပြောခဲ့သည်။ ထို့ပြင် ၎င်းက ပြည်နယ်မှ ပြည်သူများအား စိတ်ရှည်ရန်နှင့် အစိုးရအနေဖြင့် ပိုမိုကောင်းမွန်သော အနာဂတ်ဘဝဖန်တီးပေးနိုင်ရေး ကူညီပေးကြရန် တောင်းဆိုခဲ့သည်။

**(ဆင်ဟွာ )**

# ရီယိုအိုလံပစ်အကြောင်းတစေ့တစောင်း

**မင်းမင်း(ထားဝယ်)**



**အိုလံပစ်အားကစားပြိုင်ပွဲသမိုင်းကြောင်း**

ဂရိနိုင်ငံတွင် ဘီစီ ၈ ရာစုနှင့် အေဒီ ၄ ရာစုကြားတွင် ကျင်းပခဲ့သည့် ရှေးဟောင်းအိုလံပစ်ပြိုင်ပွဲများမှတစ်ဆင့် အခြေပြုကာ ၁၈၉၄ ခုနှစ်တွင် Baron Pierre de Coubertin ဆိုသူက အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ (IOC)ကို ဖွဲ့စည်းထူထောင်ခဲ့ပါသည်။ ခေတ်သစ်အိုလံပစ်အနေဖြင့် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ပြိုင်ပွဲပေါင်း ၄၃ ခုတွင် အားကစားသမား ၂၈၀ ဖြင့် ယှဉ်ပြိုင်ခဲ့သည့် ၁၈၉၆ ခုနှစ် အေသင်အိုလံပစ်မှ စတင်ကာ နွေရာသီအိုလံပစ်နှင့် ဆောင်းရာသီအိုလံပစ်ဟူ၍ လေးနှစ်တစ်ကြိမ်စီခွဲခြား၍ ကျင်းပလာခဲ့သည်။ အမေရိကန်ပြည်ထောင်စုအနေဖြင့် နွေရာသီအိုလံပစ်လေးကြိမ်နှင့် ဆောင်းရာသီအိုလံပစ် လေးကြိမ်တို့ကို အိမ်ရှင်နိုင်ငံအဖြစ်အများဆုံး လက်ခံကျင်းပပေးနိုင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

**ရီယိုအိုလံပစ်၏ မီးရှူးတိုင်ခရီးလမ်း**

၂၀၁၆ ခုနှစ် ရီယိုအိုလံပစ်အားကစားပြိုင်ပွဲတွင် ထွန်းညှိမည့် မီးရှူးတိုင်ကို အိုလံပစ်အားကစားနည်းများ စတင်အသက်ဝင်ခဲ့သည့် ဂရိနိုင်ငံ အိုလံပီယာတောင်ရှိ ဟာရာဘုရားကျောင်းမှ တစ်ဆင့်စတင်သယ်ယူခဲ့ပြီး မြေပြင်ကီလိုမီတာ ၂၀၀၀၀၊ လေကြောင်းကီလိုမီတာ ၁၆၀၀၀ ခရီးရှည်အကွာအဝေးကို ရက်ပေါင်း ၉၀ ကြာမြင့်မည်ဖြစ်ပြီး လက်ဆင့်ကမ်းသယ်ယူမည့်သူပေါင်း ၁၂၀၀၀ ရှိမည်ဖြစ်ကြောင်း သိရသည်။ နောက်ဆုံးမီးရှူးတိုင်ကို လက်ခံမည့်သူမှာ ဘရာဇီးအိုလံပစ်ဘော်လီဘောနည်း ပြတစ်ဦးဖြစ်ပြီး အိုလံပစ်ရွှေတံဆိပ်များ ပိုင်ဆိုင်ထားသူဘော်လီဘောအားကစား မယ်ဟောင်း ဂျီရိုဗန်နီဂါဗီယိုမှ မာရာကာနာကွင်းကြီးအတွင်း အိုလံပစ်မီးရှူးတိုင်၌ မီးထွန်းညှိမည်ဖြစ်ကာ ဖွင့်ပွဲအခမ်းအနားကို စတင်မည်ဖြစ်သည်။

**၂၀၁၆ ခုနှစ် ရီယိုအိုလံပစ်**

၂၀၀၉ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် ကျင်းပခဲ့သည့် (၁၂၁)ကြိမ်မြောက် IOC အစည်းအဝေးမှတစ်ဆင့် ၂၀၁၆ ခုနှစ် နွေရာသီအိုလံပစ်အတွက် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့အား အိမ်ရှင်အဖြစ်ကျင်းပရန် ဆုံးဖြတ်ရွေးချယ်ခဲ့သည်။ ယင်းမြို့သည် နွေရာသီအိုလံပစ် ပထမဆုံးကျင်းပနိုင်ခဲ့သည့် တောင်အမေရိကတိုက်ရှိ မြို့ကြီးတစ်မြို့လည်း ဖြစ်ပေသည်။ ၂၀၁၆ ခုနှစ် ဩဂုတ် ၅ ရက်မှ ၂၁ ရက်အထိ ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့တွင် ရီယိုအိုလံပစ်အားကစားပွဲတော်ကြီးကို IOC အဖွဲ့ဝင်နိုင်ငံပေါင်း ၂၀၆ နိုင်ငံရှိ အားကစားသမား ၁၀၀၀၀ ကျော်တို့မှ အားကစားနည်း ၂၈ မျိုးဖြင့် ပြိုင်ပွဲ ပွဲစဉ်ပေါင်း ၃၀၆ ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ အားကစားရွာကို အားကစားသမား ၁၁၀၀၀ နှင့် နည်းပြ၊ အုပ်ချုပ်သူ ၆၀၀၀ တို့ တည်းခိုနေထိုင်ရေးအတွက် စီစဉ်ထားရှိပြီး၊ အားကစားပြိုင်ပွဲများ ကျင်းပနေစဉ်ကာလအတွင်း နိုင်ငံခြား ဧည့်သည်ပေါင်း ၃၈၀၀၀၀ ခန့် ဝင်ရောက်လာမည်ဟု ခန့်မှန်းထားပါသည်။ ဖွင့်ပွဲအခမ်းအနားကြီးကို ရီယိုဒီဂျနေရိုးမြို့ရှိ မာရာကာနာအားကစားကွင်းကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး၊ ဖွင့်ပွဲအခမ်းအနား၏ ကုန်ကျစရိတ်ကို ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ် အားကစားပွဲ၏ ကုန်ကျစရိတ်ထက် ၁၀ ဆခန့် လျှော့ချကာ သုံးစွဲသွားမည်ဟုလည်း သိရှိရသည်။ ဖွင့်ပွဲအခမ်းအနားအတွက် လက်မှတ်တစ်စောင်လျှင် ဒေါ်လာ ၆၀ ခန့် ကျသင့်မည်ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားတွင် အကြီးအကဲများ၏ နှုတ်ခွန်းဆက်စကား၊ အိုလံပစ်အလံတင် အခမ်းအနား၊ အနုပညာပြောင်မြောက်လှသည့် အကအလှများ၊ အိမ်ရှင်တို့၏ ယဉ်ကျေးမှုအနုပညာ သုခုမလက်ရာများကို တစ်ဝကြီး ကြည့်ရှုခံစားရမည်ဖြစ်သည်။ ဆုတံဆိပ်အနေဖြင့် ရွှေတံဆိပ် ၈၁၂ ခု၊ ငွေတံဆိပ် ၈၁၂ ခုနှင့် ကြေးတံဆိပ် ၈၆၄ ခုတို့ကို ပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ယခုနှစ် ရီယိုအိုလံပစ်ပြိုင်ပွဲအတွက် ရေပန်းအစားဆုံးအားကစားနည်းများမှာ ကျွမ်းဘား၊ ပြေးခုန်ပစ်၊ ရေကူး၊ ဘောလုံးအားကစားနည်းများပင်ဖြစ်သည်။

**၂၀၁၆ ခုနှစ် ရီယိုအိုလံပစ်နှင့် ရုရှား**

ယခုနှစ် အိုလံပစ်ပွဲတွင် ရုရှားအားကစားသမားများ တားမြစ်ဆေးပြဿနာကြောင့် ပါဝင်ခွင့် ပိတ်ပင်သည်ဟူသော သတင်းသည် နိုင်ငံတကာတွင် အထူးရေပန်းစားလျက်ရှိသည်။ နောက်ဆုံး သတင်းများအရ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ (IOC) ၏ ဆုံးဖြတ်ချက်အရ ရုရှားနိုင်ငံအနေဖြင့် ပြေးခုန်ပစ်အားကစားနည်းတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ကို လုံးဝပိတ်ပင်ခြင်းခံခဲ့ရပြီး၊ အားကစားနည်းအချို့တွင် အပြည့်အဝ ပါဝင်ခွင့်ရရှိသည့် အားကစားနည်းများရှိသလို အချို့အားကစားနည်းများတွင် အားကစားသမား အချို့တစ်ဝက် ပိတ်ပင်ခြင်း ခံခဲ့ရသည်။ ဆိုလိုသည်မှာ အားကစားလောကတွင် တားမြစ်ဆေးသုံးစွဲခြင်းသည် ကျန်းမာရေးကို ထိခိုက်စေရုံသာမက တရားမျှတစွာ ယှဉ်ပြိုင်ရေးဟူသည့် အနှစ်သာရကို ဆန့်ကျင်ရာရောက်သည့်အတွက် တားမြစ်ဆေးထိန်းချုပ်မှုကို ထိထိရောက်ရောက် အရေးယူကိုင်တွယ်လျက်ရှိသည့် သာဓကကောင်းတစ်ခုပင်ဖြစ်သည်။

**အိုလံပစ်သမိုင်းကြောင်းနှင့်မြန်မာနိုင်ငံ**

နိုင်ငံတစ်နိုင်ငံ၏ အားကစားတိုးတက်အောင်မြင်မှုကို နိုင်ငံတကာအားကစားပြိုင်ပွဲများ၏ အောင်မြင်မှုများနှင့်စံနှုန်းသတ်မှတ်တိုင်းတာလေ့ရှိသည်။ မြန်မာအိုလံပစ်ကော်မတီကို ၁၉၄၇ ခုနှစ်က တရားဝင်ဖွဲ့စည်းခဲ့ပြီး အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ (IOC)နှင့်ချိတ်ဆက်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် လန်ဒန်အိုလံပစ်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ၁၉၇၆ မွန်ထရီအိုလံပစ်မှ လွဲ၍ လေးနှစ်တစ်ကြိမ်ကျင်းပသည့် အိုလံပစ်အားကစားပွဲကို အကြိမ်တိုင်း ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် ကျင်းပခဲ့သည့် ဂျာမနီနိုင်ငံ မြူးနစ်အိုလံပစ်တွင် အားကစားသမား ၁၈ ဦးဖြင့် အများဆုံး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ အိုလံပစ်ပွဲစဉ်များ တစ်လျှောက်ဆုတံဆိပ်ရရှိခဲ့ခြင်း မရှိသေးကြောင်း သိရှိရသည်။ ယခုနှစ် ရီယိုအိုလံပစ်သို့ မြန်မာနိုင်ငံမှ ရေကူး၊ သေနတ်ပစ်၊ ဂျူဒိုနှင့် မြားပစ် အားကစားနည်း လေးမျိုးတွင် အားကစားသမားငါးဦးဖြင့် သွားရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ မြားပစ်မ (တစ်ဦးချင်း )တွင် စန်းယုထွေး၊ ကျား ဂျူဒိုပြိုင်ပွဲတွင် ရန်နိုင်စိုး၊ (ကျား) ပစ္စတိုသေနတ်ပစ်ပြိုင်ပွဲတွင် နောင်ရဲထွန်း၊ ရေကူး(ကျား)တွင် မြတ်တင့်နှင့်ရေကူး(မ)တွင် အိအိသက်တို့မှ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ အိမ်နီးနားချင်း ထိုင်းနိုင်ငံသည် နွေရာသီအိုလံပစ်ပွဲစဉ်တစ်လျှောက် လက်ဝှေ့တွင် ရွှေတံဆိပ်လေးခုနှင့် အလေးမတွင် ရွှေတံဆိပ်သုံးခု ရရှိခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရသည်။ မြန်မာ့အားကစားသမားများအနေဖြင့် ဆုတံဆိပ်ရရှိပါက နိုင်ငံတော်နှင့်တစ်မျိုးသားလုံးအတွက် အဖိုးမဖြတ်နိုင်သည့် ဂုဏ်ယူဖွယ် အမွေကောင်းတစ်ခုဖြစ်လာမည်ဖြစ်သည်။

**ရီယိုအိုလံပစ်နှင့်ကမ္ဘာ့ကျည်ဆန်လူသား**

နိုင်ငံတကာအားကစားပွဲများတွင် မပါမဖြစ် ပါဝင်သော မြန်မြန်ပြေးဝေးဝေးပစ်မြင့်မြင့်ခုန် ဆောင်ပုဒ်နှင့် အကျုံးဝင်သည့် ပြေးခုန်ပစ် အားကစားသည် အားကစားကဏ္ဍတစ်ခုလုံး၏အဓိက မဏ္ဍိုင်တစ်ခုပင်ဖြစ်သည်။ ပြေးခုန်ပစ် အားကစားလောကတွင် အပေါ်လွင်ဆုံး၊ လူတကာစိတ်ဝင်စားမှုအရှိဆုံး အားကစားအမျိုးအစားမှာ ကမ္ဘာ့အမြန်ဆုံး ကျည်ဆန်လူသားအဖြစ် ရွေးချယ်ပေးမည့်မီတာ ၁၀၀၊ မီတာ ၂၀၀စသည့်တာတိုအပြေးပြိုင်ပွဲများပင်ဖြစ်သည်။ သာဓကအနေဖြင့် တာတိုဘုရင်တစ်ဦးကို ဖော်ညွှန်းရလျှင် အသက် ၃၀ အရွယ်ရှိ ဂျမေကာ ကျည်ဆန်လူသားဟူစိန်ဘော့ပင်ဖြစ်သည်။ ဟူစိန်ဘော့အနေဖြင့် ၂၀၀၈ ပေကျင်းအိုလံပစ်၊ ၂၀၁၂ လန်ဒန်အိုလံပစ်ပွဲတို့တွင် မီတာ ၁၀၀၊ မီတာ ၂၀၀ ၊ မီတာ (၁၀၀×၄) လက်ဆင့်ကမ်း၊ ၂၀၀၉ ခုနှစ် ဂျာမနီနိုင်ငံ ဘာလင်မြို့ ၂၀၁၃ ခုနှစ် ရုရှားနိုင်ငံ မော်စကိုမြို့တို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့တံခွန်စိုက်ပြိုင်ပွဲများတွင် မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ (၁၀၀×၄) လက်ဆင့်ကမ်း၊ ၂၀၁၁ ကိုရီးယားနိုင်ငံ ဒေးဂျွန်း ကမ္ဘာ့တံခွန်စိုက်ပြိုင်ပွဲ မီတာ ၂၀၀၊ မီတာ (၁၀၀×၄) လက်ဆင့်ကမ်းပြိုင်ပွဲများတွင် စံချိန်သစ်များ အလီလီတင်နိုင်ခဲ့ပြီး ရွှေတံဆိပ်များ ဆွတ်ခူးပေးနိုင်ခဲ့သည့် ကမ္ဘာကျော်အားကစားသမားတစ်ဦးပင်ဖြစ်သည်။ ဟူစိန်ဘော့၏ ၂၀၀၉ ခုနှစ် ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် စံချိန်တင်ခဲ့သည့် မီတာ ၁၀၀ တွင် ၉ ဒသမ ၅၈ စက္ကန့်၊ မီတာ ၂၀၀တွင် ၁၉ ဒသမ ၁၉ စက္ကန့်စသည့် ကမ္ဘာ့အကောင်းဆုံးစံချိန်များကို ယခုနှစ် ရီယိုအိုလံပစ်တွင် ဟူစိန်ဘော့မှ ဆက်လက်ထိန်းသိမ်းထားနိုင်မလား၊ အခြားတာတိုဘုရင်တစ်ဦးဦးက ရယူသွားမလားဆိုတာကို ရင်တထိတ်ထိတ်နှင့်စောင့်မျှော်ရှုစားကြရန်ပင် ဖြစ်သည်။

သို့ဖြစ်၍ ယခုနှစ် ရီယိုအိုလံပစ်အားကစားပြိုင်ပွဲ ကျင်းပပုံများကို ပြည်တွင်းရုပ်သံလိုင်းတစ်လိုင်းဖြစ်သည့် Skynet Channel များမှ တိုက်ရိုက်ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ရာ အားကစားချစ်ခင်သူ မြန်မာပြည်သူ ပြည်သား အပေါင်းတို့အတွက် အထူးသတင်းကောင်း တစ်ရပ်ဖြစ်ကြောင်းနှင့် ထိုမှတစ်ဆင့်မြန်မာပြည်သူပြည်သားများ အားကစားလောကအပေါ် ပိုမို၍ စိတ်ဝင်စားလာလိမ့်မည်ဖြစ်ကြောင်း ရီယိုအိုလံပစ်အကြောင်း တစေ့တစောင်းတင်ပြအပ်ပါသည်။

> **အားကစားလောကတွင် တားမြစ်ဆေးသုံးစွဲခြင်းသည် ကျန်းမာရေးကို ထိခိုက်စေရုံသာမက တရားမျှတစွာ ယှဉ်ပြိုင်ရေးဟူသည့် အနှစ်သာရကို ဆန့်ကျင်ရာ ရောက်သည့်အတွက် တားမြစ်ဆေးထိန်းချုပ်မှုကို ထိထိရောက်ရောက် အရေးယူ ကိုင်တွယ်လျက်ရှိသည့် သာဓကကောင်းတစ်ခုပင်ဖြစ် . . .**

## တိုကျိုမြို့မဲဆန္ဒရှင်များ ပထမဆုံးအမျိုးသမီး မြို့တော်ဝန်ကို ရွေးချယ်

**တိုကျို ဩဂုတ် ၁**

ယခင် မြို့တော်ဝန်နှစ်ဦး ၂၀၂၀ နွေရာသီအိုလံပစ်ကျင်းပရန်ကြိုတင်ပြင်ဆင်မှုတွင် ကဖျက်ယဖျက်ပြဿဖြင့် မကောင်းသတင်းဖြင့် ကျော်ကြားပြီး ရာထူးမှပြုတ်ပြီးနောက် တိုကျိုမြို့မဲဆန္ဒရှင်များသည် ဇူလိုင် ၃၁ ရက်က ပထမဆုံးအမျိုးသမီးမြို့တော်ဝန်ကို ရွေးချယ်ခဲ့သည်။

ဂျပန်နိုင်ငံ၏ပထမဆုံး ကာကွယ်ရေးဝန်ကြီး ယုရီကိုသည် ယခင်ဗျူရိုကရက်နှင့် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးပါတီ၏ နောက်လိုက်အဖွဲ့ဝင် ဟီရိုယာ မာဆုဒါကို ယှဉ်ပြိုင်အနိုင်ယူခဲ့သလို လစ်ဘရယ်ဂျာနယ်လစ် ရွှန်တရိုတော်ရီဂိုကိုလည်း အနိုင်ယူခဲ့ကြောင်း အင်န်အိတ်ချ်ကေ၏ မဲထည့်ပြီးသူများနှင့် တွေ့ဆုံမေးမြန်းခန်းအခြေအနေ အရသိရသည်။

(အင်န်အိတ်ချ်ကေ)

# ဆိပ်ဖြူမြို့နယ်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား ရေလွတ်ရာသို့ကူညီပြောင်းရွှေ့ပေး



**ဆိပ်ဖြူ ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး၊ ကိုးတောင့်ကျေးရွာ အုပ်ချုပ်ရေးမှူးတို့သည် ဧရာဝတီမြစ်ရေ လျှံတက်မှုကြောင့် မြစ်ရေဝင်ရောက်သည့် သံဇလုံ ကျေးရွာသို့ ကွင်းဆင်းကြည့်ရှုလေ့လာခဲ့သည်။

အဆိုပါ သံဇလုံကျေးရွာသို့ မွန်းလွဲပိုင်းတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဟံဝင်းအောင် ဦးဆောင်၍ မြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်ဇံကျော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ရေလွတ်ရာသို့ ပြောင်းရွှေ့ကြသည့် ဒေသခံပြည်သူများအား ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်အောင်နှင့် ဝန်ထမ်းများက ရေဘေးပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ရေကြီးချိန်တွင် သိရှိ လိုက်နာရမည့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အသိပေးနှိုးဆော်ခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။

ဧရာဝတီမြစ်ရေလျှံတက်၍ ရေလွတ်ရာသို့ ပြောင်းရွှေ့သည့် သံဇလုံကျေးရွာမှ အိမ်ထောင်စု ၅၉ စု၊ လူဦးရေ ၂၄၇ ဦး ၊ နွားကောင်ရေ ၁၄၇ ကောင်တို့အား အဆိုပါကျေးရွာနှင့် သုံးဖာလုံခန့်အကွာ ဆိပ်ဖြူ - စလင်း ကားလမ်းဘေး တောင်ငယ်လုံးကျေးရွာရှိ နီးစပ်ရာ ဆွေမျိုးနေအိမ်များသို့ ပြောင်းရွှေ့ပေးခဲ့သည်။

မြစ်ရေလျှံတက်မှုကြောင့် လူနှင့် တိရစ္ဆာန်များပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

## ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ကံမမြို့နယ်တွင် စာသင်ကျောင်းအချို့ပိတ်

**ကံမ ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် ယခုရက်ပိုင်းအတွင်း ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် မြစ်ကမ်းတစ်လျှောက် မြေနိမ့်ပိုင်းကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များရှိ အနိမ့်ပိုင်းနေရာများတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့သည်။

အဆိုပါရေလွှမ်းမိုးခြင်းကြောင့် ကျောင်းသား ကျောင်းသူများဘေးအန္တရာယ်မဖြစ်စေရေးအတွက် ဇူလိုင်လနောက်ဆုံးပတ်မှစ၍ စာသင်ကျောင်း ၁၃ ကျောင်းအထိ ခေတ္တပိတ်ခဲ့ရကြောင်း သိရသည်။

ထို့နောက် ရေလွှမ်းမိုးသည့် မြို့ပေါ်ရပ်ကွက်အချို့နှင့် ကျေးရွာများမှ ပြည်သူများနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအား ၄င်းတို့နှင့် နီးစပ်ရာ ရေလွတ်သည့်နေရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများက ရွှေ့ပြောင်းနေရာချထားပေးခဲ့ကြကြောင်း သိရသည်။

**ကိုကိုကျော်(ကံမ)**

## ငါန်းဇွန်မြို့နယ် ရဲတပ်ဖွဲ့ဝင်များက ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်း

**ငါန်းဇွန် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့၌ ဧရာဝတီမြစ်ရေကြီးမှုကြောင့် ရေဘေးသင့်ပြည်သူများကို ကူညီစောင့်ရှောက်လျက်ရှိသော ငါန်းဇွန်မြို့မရဲစခန်းမှူး ဒုတိယရဲမှူးတင်ဦး ဦးစီးသောတပ်ဖွဲ့ဝင် ၁၅ ဦးသည် ဇူလိုင် ၃၀ ရက်က မြစ်ကမ်းဘေးတွင်တည်ရှိသော အမှတ် (၂)ရပ်ကွက်မှ ရေဘေးသင့်ပြည်သူများ၏ နေအိမ်များမှ အိမ်သုံးပစ္စည်းများကို ရေဘေး လွတ်ကင်းသည့်နေရာသို့ သယ်ယူပြောင်းရွှေ့နေရာချထားပေးခဲ့သည်။

ဆက်လက်၍ ဇူလိုင် ၃၁ ရက်တွင်လည်း မြို့နယ်အတွင်းရှိ မြစ်ကမ်းဘေးတွင် နေထိုင်ကြသော ရေဘေးသင့် ပြည်သူများအတွက် မိတ်ဖက်ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# ရေကြောင်းရဲတပ်ဖွဲ့ခွဲ မန္တလေးမှ ရေဝင်ကျေးရွာများသို့ သောက်ရေသန့်များ လှူဒါန်း

**မန္တလေး ဩဂုတ် ၁**

ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် သောက်သုံးရေအခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ကျေးရွာများသို့ ရေကြောင်းရဲတပ်ဖွဲ့ခွဲ(မန္တလေး)မှ ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီက သောက်ရေသန့်ဘူးများ ကျေးရွာအရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေကြောင်းရဲတပ်ဖွဲ့ခွဲ(မန္တလေး)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ခွန်မျိုးမြရှိန် ဦးဆောင်ကာ တပ်ဖွဲ့ဝင်များလိုက်ပါလျက် စပိဘုတ်ရေယာဉ်များဖြင့် အမရပူရမြို့နယ် ရှမ်းကလေးကျွန်းကျေးရွာနှင့် စစ်ကိုင်းမြို့နယ် နောက်ကြည့်ကျွန်းကျေးရွာတို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ကျေးရွာအိမ်ထောင်စုဝင်များအား ရေသန့်ဘူး တစ်လီတာကတ် ၂၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## ခင်ဦးမြို့နယ်၌ မြစ်ရေဝင်ရောက် အိမ်ထောင်စုများ ပြောင်းရွှေ့

**ခင်ဦး ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကဘွက်ကျေးရွာအုပ်စုနှင့် ရုံးပင်ကျေးရွာအုပ်စုတို့တွင် ဇူလိုင် ၂၉ ရက်က ဧရာဝတီမြစ်ရေ ဩဂုတ် ၁ ရက်အထိ အိမ်ထောင်စု ၅၀၂ စု ရေဝင်ရောက်ခဲ့ပြီး အိမ်ထောင်စု ၁၆၆ စု ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။ အဆိုပါ ဧရာဝတီမြစ်ရေဝင်ရောက်ခဲ့မှုကြောင့် ကဘွက်ကျေးရွာအုပ်စုတွင် သီးနှံ ငါးဧက၊ ရုံးပင်ကျေးရွာအုပ်စုတွင် သီးနှံ ၈၆ ဧက ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရ သည်။

မြစ်ရေဝင်ရောက်ခဲ့သည့် ကျေးရွာများသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ သွားရောက်ပြီး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**


**ယာဉ်မောင်းအလိုရှိသည်**

ရန်ကုန်မြို့အတွင်း မောင်းရမည် လစာ ၂၀၀၀၀၀-၂၅၀၀၀၀ လိုင်စင် ၅ နှစ် ရန်ကင်း၊ တောင်ဥက္ကလာနီးသူ ဦးစားပေးမည်။ **ဖုန်း-၀၉-၉၇၁၈၉၉၉၁၅**

**ဖခင်အမည်မှန်**

လှည်းကူးမြို့၊ မဟော်သဓာအထက်တန်းကျောင်း၊ အဋ္ဌမတန်း (C) မှ မဝိုးစန္ဒာကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဦး (၁၁/အမန (နိုင်) ၀၃၆၉၅၅) ဖြစ်ပါသည်။

ဦးကျော်ကျော်ဦး

**ဖခင်အမည်မှန်**

မင်းတုန်းမြို့နယ်၊ ပန်းတော အ.ထ.က (ခွဲ) ၁သမတန်းမှမောင်မြင့်ရွှေကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဦး (၁၁/အမန (နိုင်) ၀၃၆၉၅၅) ဖြစ်ပါသည်။

ဦးကျော်ကျော်ဦး

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၂ယ/၁၉၂၃၉ Honda Click M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်ထွေး ၃/ဘအန(နိုင်)၁၃၄၇၇၃၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြဝတီမြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၅ယ/၁၉၅၆၄ LiFan-110 M/C ယာဉ်လက်ဝယ်ရှိသူ Soung Yati Aye Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

**မြိုင်ဆရာတော် တရားပွဲ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာ၊ ပဓာနနာယက၊ မြိုင်ဆရာတော်၊ အရှင်ပညာဇောတ(ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်းပြည်ပနယ်လှည့်ဓမ္မကထိက)အရှင်သူမြတ်သည် ဩဂုတ် ၃ရက် မွန်းလွဲ ၂နာရီတွင် သဃ်န်းကျွန်းမြို့နယ်၊ သမိုင်းဝင်၊ ကျိုက္ကဆံဘုရား ဓမ္မသဘင်၊ ဩဂုတ် ၁၇ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့၊ ရွာသစ်ရွာ ဓမ္မသဘင်နှင့် ၁၈ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ မှန်တမ်းရပ်ကွက်၊ မေဇင်သိမ်းကုမ္ပဏီဓမ္မသဘင်တို့၌ ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

**အကျိုးတော်ဆောင်အဖွဲ့**
**မြိုင်မဟာစည်ရိပ်သာ**
**တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၅၀၄၇၇၆၁၊ ၀၉-၄၂၁၁၅၁၀၃၀**

**စလင်းမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်**

စလင်းမြို့နယ်အသင်း(ရန်ကုန်)၏ (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို (၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ရက်) ၂၀၁၆ခုနှစ်၊ ဩဂုတ် ၇ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ကြည့်မြင်တိုင်မြို့နယ်၊ ဂန္ဓကုဋီတိုက်၊ စလင်းပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသားအသင်းသူများ၊ မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကုသိုလ်ယူနိုင်ပါရန်နှင့် သင်္ကန်း၊ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများကို ဦးငွေးကြွယ် ဖုန်း-၂၉၉၇၂၆၊ ဦးမျိုးချစ် ဖုန်း-၆၆၅၆၂၇၊ ဦးဝင်းလှိုင် ဖုန်း-၀၉-၄၃၀၂၄၉၅၈၊ ဦးစန်းညိုအောင် ဖုန်း-၀၉-၂၅၀၁၅၄၀၄၈၊ ဒေါ်မေခင်ညွန့် ဖုန်း-၀၉-၂၅၄၉၅၅၅၂၈၊ ဗိုလ်မှူးသန်းအေး(ငြိမ်း)ဖုန်း-၀၉-၅၀၇၉၄၇၁၊ ဦးစိုးညွန့်(စက်မှု)ဖုန်း-၀၉-၇၃၀၉၅၀၁၉၊ ဦးသိန်းထွန်း ဖုန်း-၀၉-၅၀၄၀၅၀၀ တို့ထံ ဆက်သွယ်ကုသိုလ်ယူနိုင်ပါသည်။

***စလင်းမြို့ဒေသထွက် ထမင်း၊ ဟင်းလျာတို့ဖြင့် ဧည့်ခံကျွေးမွေးပါမည်။**

**အမှုဆောင်အဖွဲ့၊ ရန်ကုန်မြို့**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဦးဖိုးထူး(ခ)ရမ်ချန်ဒါး ၁၄/မမန(ပြု)၀၀၀၁၆၀၏သား ရန်ကုန်အဝေးသင်တက္ကသိုလ်(ရန်ကုန်အနောက်ပိုင်းဌာနခွဲ)၊ ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြုသင်တန်းမှ မောင်နေလင်းထွန်း(ခ)မောင်ကျော်ဇေယျာထူးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်-၁၄၈/A၊ မြေကွက်တည်နေရာအမှတ် ၃၇/ဘီ၊ ၄ လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးခင်မောင်အေး အမည်ပေါက်ပါမစ်မြေအား ပါမစ်မြေအမည်ပေါက် ဦးခင်မောင်အေး ၁၂/ဥကတ(နိုင်)၀၂၀၉၄၀က ပါမစ်ပျောက်ဆုံးကြောင်း ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ကျမ်းသစ္စာပေးသူအရာရှိ ဒေါ်ဖူးပွင့်အောင်ရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားသည့် ကျမ်းကျိန်လွှာ ၂၈၉၀/၁-၃-၂၀၁၆၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ ဧရိယာ (၂၄'/၁၈'×၆၀')ရှိပြီး နှစ်ထပ်တိုက်အပေါ်ထပ်တွင် ကိုယ်တိုင်နေထိုင်ပြီး အောက်ထပ်တွင် အိမ်ငှားဦးစိုင်းနေမျိုးထက်နေထိုင်ကြောင်းနှင့် အိမ်ငှားနေထိုင်ခြင်းအတွက် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူကြောင်း ဝန်ခံကတိတင်ပြလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၃၊ မြေကွက်အမှတ် ၁၅၈၈၊ မြေကွက်တည်နေရာအမှတ် ၁၅၈၈၊ ဖိုးရာဇာ ၂လမ်း၊ (၄၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်သိန်းသိန်း ၁၂/ရကန(နိုင်)၀၄၆၁၂၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သိန်းသိန်း ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးဝေလင်း ၁၂/ရကန(နိုင်)၀၄၆၁၄၉က တစ်ဦးတည်းသော တရားဝင်ခင်ပွန်းဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ မိသားစုသန်းခေါင်စာရင်း၊ ဇနီးဖြစ်သူ၏သေစာရင်းတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပညာရေးဝန်ကြီးဌာန
ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ
(ဆရာအတတ်ပညာကဏ္ဍ)

(၄-၈-၂၀၁၆ မှ ၅-၈-၂၀၁၆ အထိ)

အားကစားရွာ၊ Community Zone, Gold Camp ၊ နေပြည်တော်


◆ ကျောဖုံးမှ

ဗီယက်နမ်အသင်းနှင့် အိမ်ရှင် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယနေရာ ရရှိသောကြောင့် ဆီမီးဖိုင်နယ်ပွဲစဉ် ရေးဆွဲထားမှုအရ ပထမပွဲ ကစားရမည်ဖြစ်သော်လည်း ဒုတိယပွဲသို့ ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် တွေ့ဆုံနေသည့် ဗီယက်နမ်အသင်းသည် အုပ်စုပွဲစဉ်အားလုံး အနိုင်ရလာသည့်အသင်းဖြစ်ပြီး သွင်းဂိုး ၂၀ ရှိကာ ပေးဂိုးလုံးဝမရှိသည့်အသင်းဖြစ်သည်။ မြန်မာအသင်းသည် ရှုံးပွဲမရှိသေးသော်လည်း အုပ်စုနောက်ဆုံးပွဲတွင် ဩစတြေးလျအသင်းနှင့် သရေကျခဲ့သောကြောင့် ဒုတိယနေရာသာရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအနေဖြင့် ခြေစွမ်းပြနေသည့် ဗီယက်နမ်အသင်းနှင့် တွေ့ဆုံနေရာ ဗိုလ်လုပွဲတက်ရောက်ရန် ခက်ခက်ခဲခဲ ကြိုးပမ်းရဖွယ်ရှိနေသည်။

**ညီမြတ်သော်တာ**



ဩဂုတ် ၁ ရက်က ကျင်းပသည့် အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ၏ အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်း နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်ပေးအပ်စဉ်
ဖိုးသော်ဇင်

# ရွှေတောင်မြို့ ရေဘေးသင့်ပြည်သူများအား ကူညီ

**ရွှေတောင် ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူး အောင်အောင် ဦးစီးသော တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၃၁ ရက်က ဧရာဝတီမြစ်ရေတက်၍ ချမ်းသာကြီးဘုရားအတွင်း ပြောင်းရွှေ့နေထိုင်သော ရေဘေးသင့် အိမ်ထောင်စု ၁၈၃ စု၊ လူဦးရေ ၆၈၀ အတွက် သောက်ရေသန့်ဘူးကြီးများ သွားရောက်လှူဒါန်းခဲ့သည်။ ဆက်လက်၍ ပန်းတောင်းမြို့နယ် ဆင်တဲကျေးရွာမှ ရေဘေးသင့်အိမ်ထောင်စု ၂၁ စု၊ လူဦးရေ ၈၂ ဦးတို့ ခေတ္တနေထိုင်ရန် ယာယီတဲ ၁၀ လုံး ဆောက်လုပ်ရာတွင် မြို့မရဲစခန်းမှူး ဒုရဲမှူး ခင်မောင်ကြည် ဦးစီးသော တပ်ဖွဲ့ဝင်များက လုပ်အားပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) သန့်စင်(ပဲခူး)**



# ကံထူးရှင် ထွက်ပေါ်

**ရန်ကုန် ဩဂုတ် ၁**

(၃၃၁)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုမဲများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

**ကျပ်သိန်း (၁၅၀၀)**

ဂ - ၄၉၂၃၅၆

**ကျပ်သိန်း(၁၀၀၀)**

| | |
|---|---|
| လ - ၃၀၅၂၃၂ | ဆ - ၇၀၆၆၆၀ |

**ကျပ်သိန်း(၅၀၀)ဆုများ**

| | |
|---|---|
| န - ၂၉၀၄၁၀ | ဠ - ၃၀၃၆၄၂ |
| ဘ - ၄၈၇၁၉၆ | ပ - ၈၆၁၀၀၀ |
| ဘ - ၉၅၃၇၄၇ | |

**ကျပ်သိန်း(၃၀၀)ဆုများ**

| | |
|---|---|
| ကဂ - ၂၃၁၅၁၂ | ကက - ၇၁၈၂၀၃ |
| န - ၃၁၈၈၄၀ | ဋ - ၇၂၀၇၄၁ |
| ဃ - ၄၃၃၁၆၈ | ကဃ - ၈၄၁၁၉၈ |

**ကျပ်သိန်း(၂၀၀)ဆုများ**

| | |
|---|---|
| ဃ - ၁၆၀၄၇၉ | လ - ၈၁၉၁၀၆ |
| ခ - ၂၂၄၆၆၂ | ရ - ၉၅၆၉၁၉ |
| တ - ၂၇၉၈၀၆ | ဋ - ၉၅၉၇၃၃ |
| သ - ၈၁၈၆၄၆ | |

**ကျပ်သိန်း(၁၀၀)ဆုမဲများ**

| | |
|---|---|
| ည - ၁၂၀၀၃၆ | ဘ - ၄၈၇၄၁၈ |
| ဂ - ၆၇၃၁၅၉ | ဖ - ၈၈၀၉၂၅ |
| ဏ - ၂၀၁၃၇၅ | ဇ - ၅၁၈၀၅၀ |
| ခ - ၆၇၅၇၈၀ | ယ - ၉၁၀၃၁၅ |
| ခ - ၂၂၄၃၀၁ | ကင - ၅၄၄၀၁၄ |
| ကဂ - ၆၈၁၁၈၁ | စ - ၉၁၇၀၀၆ |
| ကခ - ၃၅၈၈၀၂ | ဇ - ၅၅၅၉၉၈ |
| ကဆ - ၈၅၉၉၈၅ | ဌ - ၃၆၉၃၈၃ |
| ကင - ၅၅၆၈၉၇ | ယ - ၈၇၁၀၈၅ |


**Thu Maung Luxury Condominium**



**80% Completed**
**Unit A (1873)sqft**
**Unit B (1957)sqft**

**Facility**
-Ground Floor Car Parking
-Elevator
-Pile Founation
-CCTV Security System
-Fire Fighting System

ရောင်းရန်(၇)ခန်းသာ ကျန်တော့သည်။

လေးထောင့်ကန်လမ်းမ၊ UAB BANK အနောက်ဘက်၊ Za Wa Na Shopping Center, Orange Supermarket နှင့် သုဝဏ္ဏအားကစားကွင်းအနီး။

**Contact**
-Dr.D.Singh (Ph-09260747810)
-Dr.ဝသန္တ (Ph-09254271997)
- စိုးမိုးအောင် (Ph-09797628605)

**အမည်ပြောင်း**

ဦးထွန်းလှိုင်ချေ၏သား ပုဏ္ဏားကျွန်း အထက၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်စိုးလင်းအောင်အား မောင်သက်ဆွေဟု ပြောင်းလဲခေါ်ပါရန်။
**မောင်သက်ဆွေ**

**ဖခင်အမည်မှန်**

မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ၊ မိုင်းနောင်ကျေးရွာ၊ အထက(ခွဲ)၊ န၀မတန်း (ဝိဇ္ဇာတွဲ)မှ မဇာခြည်ဝင်း၏ ဖခင် အမည်မှန်မှာ ဦးဇော်မင်းဦး ၇/ညလပ (နိုင်)၁၇၈၃၉၇ ဖြစ်ပါသည်။
**ဦးဇော်မင်းဦး**

**ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား သတိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၈)ရပ်ကွက်၊ အောင်သုခ ၂ လမ်း၊ အမှတ် ၁၉၁ တွင် နေထိုင်သူ ဦးခင်ဇော် ၇/ပခန(နိုင်)၁၈၃၆၆၃ သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် ၄/၈၉၅၉/၂၀၁၆ ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

KZH ကောင်းရတု စားသောက်ကုန်ပစ္စည်း

**မှတ်ပုံတင်စာချုပ်အမှတ်**
**(၄/၈၉၅၉/၂၀၁၆)**

အထက်ဖော်ပြပါ ကုန်အမှတ်အမည်အမှတ်အသားဖြင့် အဆင့်မြင့်စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ အစားအသောက်နှင့်ပတ်သက်ဆက်နွယ်သော ထုတ်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ဖြန့်ဖြူးရောင်းချလျက်ရှိရာ ဈေးကွက်အတွင်း နာမည်ကောင်းသတင်းရရှိခဲ့ပြီး ဝယ်ယူအားပေးသူများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ တုပခြင်း၊ ပုံတူပုံမှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သံတူကြောင်းကွဲပြုလုပ်ခြင်း၊ တံဆိပ်အမှတ်အသားအား ဖျက်ဆီးပြုပြင်၍ အခြားအမည်များတပ်၍ ဖြန့်ဖြူးခြင်းတို့ကို လုံးဝမပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ တုပပြုလုပ်ဖြန့်ဖြူးရောင်းချခဲ့ပါက ကျွန်ုပ်မိတ်ဆွေ၏လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာမှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ဦးမောင်မောင်သူရ(မြောင်းမြ)**
**LL.B, A.G.T.I(EP), D.B.L, D.M.L,**
**WIPO(SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)**
**ဘဏ်ရှေ့နေနှင့်ဥပဒေအကြံပေး**
**အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊**
**၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

**မိခင်အမည်မှန်**

မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ၊ မိုင်းနောင်ကျေးရွာ၊ အထက(ခွဲ)၊ န၀မတန်း(ဝိဇ္ဇာတွဲ)မှ မသီတာကျော်၏ မိခင်အမည်မှန်မှာ ဒေါ်ဝင်းကြည် ၁/မညန(နိုင်)၁၄၂၀၉၃ ဖြစ်ပါသည်။
**ဒေါ်ဝင်းကြည်**

**အမည်ပြောင်း**

အမှတ်၄၂၆၊ ပညာ့ရိပ်မွန်လမ်း၊ ပုလဲ(၃)နေ ဦးဝင်းဇော်-ဒေါ်စန္ဒာဝင်း တို့၏သမီး မရှုရှုစံအား မစံစံလင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။
**မစံစံလင်းထက်**

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ၊ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဩဂုတ် (၃/၆/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗဟိုလမ်း၊ တိုက်အမှတ် ၂၀ရှိ ၈/A၊ ရှစ်လွှာ(ခေါင်းရင်းခန်း)ဟု ခေါ်တွင်သော (ပေ ၃၀×၅၄ ပေ)အကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုးတစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါကွန်ဒိုတိုက်ခန်း၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်ပြီး စာချုပ်ချုပ်ဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ညွန့်ညွန့်သန်း LL.B, D.B.L** | **ဦးမျိုးကျော် LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၇၈၁၉** | **စဉ်-၂၈၉၆၉** |
| **ဖုန်း-၄၀၁၅၂၆၈၈၀** | **ဖုန်း-၇၃၁၀၂၆၆၈** |

**အမှတ် ၁၀၊ ဆရာမကြီးလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်**

# ရခိုင်ပြည်နယ် ပညာရေးကဏ္ဍကို စေတနာကျောင်းများက တစ်ထောင့်တစ်နေရာမှဖြည့်ဆည်းပေးနေ

**လေးဝတီထွန်းစောခိုင်**

ရခိုင်ပြည်နယ် ပညာရေးအခြေအနေသည် အကျဘက်သို့ ဦးတည်ရွေ့လျားနေရာ ပြည်နယ်ပညာရေး မြင့်မားစေရန်အတွက် စေတနာကျောင်းများအနေဖြင့် တစ်ထောင့်တစ်နေရာမှနေ၍ ဖြည့်ဆည်းပေးနေရကြောင်း အများပြည်သူများနှင့် ယင်းကျောင်းများ၏အသိုင်းအဝိုင်း သတင်းရပ်ကွက်များမှ ကြားသိရသည်။



ပြည်သူ့မီဒီယာသမားတို့မည်သည် စေတနာအပြည့်အဝဖြင့် ပြည်သူ့အသံကို အမြဲနားစွင့်လျက်ရှိရာ အကြောင်းစုံသိရှိစေရေးအတွက် စေတနာကျောင်းများနှင့်ပတ်သက်နေသူများအား ကိုယ်တိုင်တစ်မျိုး၊ ဖုန်းဆက်၍ တစ်သွယ် ဆက်သွယ်မေးမြန်းဖြစ်ခဲ့သည်။

စစ်တွေမြို့ စေတနာညကျောင်းကို ဩဂုတ်၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ ဤညကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲကျရှုံးပြီး ဆင်းရဲမှုအခက်အခဲကြောင့် ပညာဆက်လက်မသင်နိုင်သောသူများ၊ မိသားစုစားဝတ်နေရေးကို နေ့ဘက်အလုပ်လုပ်၍ ညဘက်ကျောင်းတက်ကာ ပညာသင်ယူလိုသောသူများအား ညနေ ၆ နာရီမှ ည ၉ နာရီအထိသင်ကြားပေးခဲ့သည်။ အခြေခံကျောင်းများမှ ဆရာ ဆရာမများနှင့် တက္ကသိုလ် မှ ဆရာ၊ ဆရာမများက အလုပ်အားချိန်တွင် စေတနာဖြင့် သင်ကြားပေးခဲ့ကြောင်း ဤကျောင်းဖွင့်လှစ်နေမှုနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်မကိုယ်တိုင်ကလည်း ဆယ်တန်းကို သုံးနှစ်ကျပြီး အပြင်ရောက်နေတာ။ ဟိုတုန်းက လူငယ်ရေးရာ ညကျောင်းလို့ခေါ်တဲ့ ခုလိုစေတနာညကျောင်းကနေ ၁၉၇၄ ခုနှစ်မှာ ဂုဏ်ထူးသုံးဘာသာနဲ့အောင်မြင်ပြီး ဆရာဝန်တစ်ဦးဖြစ်လာတာပါ။ ဒါကြောင့် ဒီကျောင်းတွေရဲ့ကျေးဇူးကို ကျွန်မသိပါတယ်။ ကျွန်မအငြိမ်းစားယူပြီးနောက် ရခိုင်ပြည်နယ်အစိုးရကို တင်ပြတယ်။ အစိုးရကလည်း ကူညီပေးတယ်။ ဆရာ ဆရာမတွေကလည်း စေတနာထားပြီးပါဝင် သင်ကြားပေးကြတယ်။ အားလုံးစုပေါင်းပြီးတော့ ပညာရေးအခက်အခဲကြုံနေတဲ့ ဆယ်တန်းကျကလေးတွေကို ကူညီပေးနေကြတာပါ"ဟု စေတနာညကျောင်း စတင်တည်ထောင်သူ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး (ငြိမ်း)ဒေါက်တာကျော့သာစိန်က ပြောသည်။

စစ်တွေမြို့ စေတနာညကျောင်းမှ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၈၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ၁၆ ဦး အောင်မြင်ကာ တစ်ဘာသာဂုဏ်ထူးဖြင့် တစ်ဦး အောင်မြင်ခဲ့သည်။ "သမီးက ဒီစစ်တွေ စေတနာညကျောင်းမှာ ကျောင်းတက်ပြီးတော့ ၂၀၁၆ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲကို ခုံအမှတ် ဒစ-၃၀၃၃ နဲ့ အောင်တာပါ။ ဘောဂဗေဒ တစ်ဘာသာဂုဏ်ထူးပါပါတယ်။ ညီအစ်ကိုမောင်နှမခုနစ်ဦးမှာ အကြီးဆုံးပါ။ အဖေက ဆိုက်ကားနင်းပြီး အမေကတော့ လက်လုပ်လက်စားပါ။ နေ့ဘက်မှာ မိဘတွေကိုကူညီပြီးတော့ ညဘက်မှာ ကျောင်းတက်ရပါတယ်။ ဒါကြောင့် သမီးလို အခက်အခဲရှိနေတဲ့သူတွေ စစ်တွေ စေတနာ ညကျောင်းကိုလာပြီးတော့ စာသင်ကြပါ။ စိတ်ဓာတ်မကျကြပါနဲ့လို့ တိုက်တွန်းပါတယ်"ဟု မစုကြည်ဌေးက ပြောသည်။

အခက်အခဲမျိုးစုံနှင့် ကျောင်းပြင်ပ ရောက်နေသော နှစ်တက်ကျောင်းသား ကျောင်းသူများ၊ စာမေးပွဲအကြိမ်ကြိမ်ကျပြီး ကျောင်းဆက်မတက်နိုင်သော ကျောင်းသား ကျောင်းသူများကို အလွတ်သင် ဆရာများစုပေါင်းပြီး "ရိုးမအလင်း" စာသင်ကျောင်းကို ၂၀၁၃ ခုနှစ်မှစ၍ ဖွင့်လှစ်ထားကြောင်း၊ နေ့တက်ကျောင်းဖြစ်ပြီး စေတနာရှင်များ လှူဒါန်းမှုဖြင့် စာအုပ်နှင့်စာရေးကိရိယာများကို အခမဲ့ပေးပြီး ဆရာ ဆရာမများကလည်း အခမဲ့ သင်ကြားပေးခဲ့ကြောင်း၊ ၂၀၁၆- ၂၀၁၇ ပညာသင်နှစ်အတွက် ဇူလိုင် ၁၄ ရက်ကစပြီး စတင်သင်ကြားလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က ဒီကျောင်းကို ဖွင့်လှစ်ရတာကတော့ အခက်အခဲမျိုးစုံနဲ့ ပညာရေးခါးပြတ်နေတဲ့ ကျွန်တော်တို့ရဲ့မျိုးဆက်တွေကို ပညာတတ်တွေဖြစ်ပြီး ဘဝကိုရင်ဆိုင်စေလိုတဲ့ ဆန္ဒနဲ့ပါ။ စေတနာကျောင်းပါ။ နေ့ဘက်မှာ တက်ရပါတယ်။ ဒီနှစ် ၁၀၄ ဦးရှိပါတယ်။ ၂၀၁၆ ခုနှစ်က ၆၈ ဦးဖြေပြီးတော့ ၁၆ ဦး အောင်ခဲ့ပါတယ်။ ဂုဏ်ထူးတစ်ဘာသာနဲ့ တစ်ဦးအောင်မြင်ခဲ့ပါတယ်" ဟု ရိုးမအလင်းစေတနာကျောင်းမှ မြန်မာစာပြဆရာ ဦးထွန်းကြည်နိုင်က ပြောသည်။

မြောက်ဦးမြို့၌ မြောက်ဦးပညာရေး ဖောင်ဒေးရှင်းက ကမကထပြုပြီး စေတနာစာသင်ဝိုင်းကို ဖွင့်လှစ်ထားကြောင်း၊ တက္ကသိုလ်ဝင်တန်းနှစ်တက်နှင့် နှစ်ကျဖြစ်ပြီး အခက်အခဲရှိ၍ စာမသင်နိုင်သောသူများကို စေတနာဖြင့် ပြသပေးကြောင်း၊ ၂၀၁၂ ခုနှစ်က စတင်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ကျောင်းသားပေါင်း ၆၀ဖြေဆိုပြီး ၁၁ဦး အောင်မြင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ၅၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း၊ အစိုးရပညာရေးဌာနမှ ကျောင်းဝတ်စုံနှင့်ပုံနှိပ်စာအုပ်များ ထောက်ပံ့ပေးခဲ့ကြောင်း စသည်ဖြင့် မြောက်ဦးမြို့ပညာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်ကျော်ဇောက ပြောသည်။

ရခိုင်ပြည်နယ်တက္ကသိုလ်ဝင်တန်း အောင်မြင်မှုသည် ၂၀၁၅ ခုနှစ်တွင် ၂၃ ဒသမ ၁၃ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ၂၁ ဒသမ ၁၉ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်။ စေတနာကျောင်းများသည် အခက်အခဲမျိုးစုံဖြင့် ကျောင်းမတက်နိုင်သော ကျောင်းသား ကျောင်းသူများအား စေတနာစွမ်းအားဖြင့် သင်ကြားပေးနေရာ အမှိုက်ကြားမှ ရွှေကိုထုတ်ယူနေသော နေရာများပင်ဖြစ်ပေသည်။

ဤကျောင်းများသည် တစ်ထောင့်တစ်နေရာမှ နေ၍ ရခိုင်ပြည်နယ် လူ့စွမ်းအားအရင်းအမြစ်မြင့်မားရေးအတွက် ဖြည့်ဆည်းပေးနေရာ အားတက်စရာပင်ဖြစ်သည်။ အခြားမြို့အချို့တွင်လည်း စေတနာကျောင်းများ၊ စေတနာစာသင်ဝိုင်းများ ရှိနေရာ အခက်အခဲရှိနေကြောင်း သိရသည်။

ရခိုင်ပြည်နယ် ကျောင်းပြင်ပ ပညာရေးစနစ်ပီပြင်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ စေတနာကျောင်းများ စည်ပင်ဖွံ့ဖြိုးတိုးတက်ပြီး အောင်ချက်မြင့်မားရေးအတွက် ရခိုင်ပြည်နယ် အစိုးရကဖြစ်စေ၊ ပြည်ထောင်စုအစိုးရကဖြစ်စေ ထောက်ပံ့မှုများပေးနိုင်ပါက ပို၍အားရှိလာပေမည်။

ယခုအခါ ရခိုင်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းထားရှိပြီးဖြစ်ရာ ဤကော်မတီများအနေဖြင့် ဤစေတနာကျောင်းများကို ထောက်ပံ့မှုများပေးနိုင်ပါက ရခိုင်ပြည်နယ်ပညာရေးသည် တိုးတက်လာမည်ဟု မှတ်ယူပါကြောင်း စေတနာကျောင်းများအတွက် စေတနာအလင်းပေး ဆန္ဒပြုရေးသားလိုက်ရပေသည်။

# အခြေခံပန်းချီရေးဆွဲနည်းသင်ပြခြင်းနှင့် စာဖတ်ဝိုင်းပြုလုပ်

**တောင်ငူ ဩဂုတ် ၁**

ကလေးငယ်များ စိတ်ကူးပုံဖော်တတ်စေရေး၊ စိတ်ပိုင်းဆိုင်ရာ စွမ်းရည်မြင့်မားစေရေးနှင့် စိတ်ပျော်ရွှင်စေရေးတို့အတွက်ရည်ရွယ်၍ အခြေခံပန်းချီရေးဆွဲနည်းကို တောင်ငူမြို့ တောင်ငွေ့ဈေးမူလွန်ကျောင်းမှ စတုတ္ထတန်းကျောင်းသား ကျောင်းသူ ၃၀ တို့အား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ပြည်သူ့စာကြည့်တိုက်တွင် ဇူလိုင် ၃၀ ရက်က သင်ကြားပေးခဲ့သည်။



ထို့နောက် Shanti Volunteer Association(SVA)မှ ကလေးသူငယ်ဖွံ့ဖြိုးရေးအတွက် လှူဒါန်းပေးသော ကလေးရုပ်ပြစာအုပ်များဖြင့် စာဖတ်ဝိုင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုရှင်းလင်း

**ဘီးလင်း ဩဂုတ် ၁**

ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင် အထည်ဖော်ဆောင်ရွက်နေသည့် လူထုဗဟိုပြုစီမံကိန်း၏ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအကြောင်း ရှင်းလင်းဆွေးနွေးပွဲကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရုံး၌ ဇူလိုင်လနောက်ဆုံးပတ်က ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးမြင့်နိုင်ဦးက အမှာ စကားပြောကြားပြီး လူထုဗဟိုပြုစီမံကိန်းအဖွဲ့ခေါင်းဆောင် ဦးထွန်းအောင်ကျော်က စီမံကိန်း၏ လုပ်ငန်းစဉ်များနှင့် စီမံကိန်းပထမနှစ်၏ လက်ရှိကာလအတွင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲများကို လူထုဗဟိုပြုအဖွဲ့မှဦးဆောင်ပြီး လစဉ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လွိုင်ကော်အကျဉ်းထောင်၌ ဥပဒေဆိုင်ရာထောင်တွင်း အသိပညာပေးဆွေးနွေး

**လွိုင်ကော် ဩဂုတ် ၁**

ကယားပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၏ ကြီးကြပ်မှုဖြင့် လွိုင်ကော်ထောင်တွင်းရှိ အချုပ်သားများအား ဥပဒေဆိုင်ရာ ထောင်တွင်းအသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၂၈ ရက်က လွိုင်ကော်အကျဉ်းထောင်အတွင်း၌ ပြုလုပ်ခဲ့သည်။

ဥပဒေဆိုင်ရာ ထောင်တွင်း အသိပညာပေးဆွေးနွေးပွဲသည် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုတွင် မည်သည့်နေရာမှ မပြုလုပ်သေးသည့် ဥပဒေဆိုင်ရာ ထောင်တွင်းအသိပညာပေးဆွေးနွေးပွဲဖြစ်ကြောင်းနှင့် အကျဉ်းသားများဥပဒေဆိုင်ရာ ဗဟုသုတရရှိစေပြီး အပြစ်များမကျူးလွန်မိစေရန် မိမိတို့မှတ်သားလေ့လာထားသော ဗဟုသုတအမြင်ဖြင့် ပြန်လည်မျှဝေပေးစေလိုကြောင်း ကယားပြည်နယ် တရားရေးဦးစီးမှူး ဦးဌေးအောင်က အမှာစကားတွင် ပြောကြားခဲ့သည်။

ဆက်လက်၍ လွှတ်တော်တရားစီရင်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလွန်းဘော်နှင့် လွိုင်ကော်ခရိုင်တရားရုံးမှ ခရိုင်ဒုတိယတရားသူကြီး ဦးဌေးအောင်တို့က ပြစ်မှုဆိုင်ရာသိကောင်းစရာနှင့် တရားစီရင်ရေး ဥပဒေရေးရာ သိကောင်းစရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ရဲနောင်(လွိုင်ကော်)**

# စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း အထက်မြန်မာပြည် မန္တလေးရုံးခွဲအလုပ်အမှုဆောင်အဖွဲ့ဖွဲ့စည်း



**မန္တလေး ဩဂုတ် ၁**

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း (AUAA) အထက်မြန်မာပြည် မန္တလေးရုံးခွဲအတွက် အလုပ်အမှုဆောင်အဖွဲ့ဖွဲ့စည်းရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၉ ရက်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့နှင်း သဘင်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း၊ စိုက်ပျိုးရေး တက္ကသိုလ်ဘွဲ့ရများ (AUAA) အသင်းဝင်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အစည်းအဝေးတွင် စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့များအသင်း (AUAA)ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ် ပါမောက္ခချုပ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်က အမှာစကားပြောကြားပြီး တက်ရောက်လာသူများက အသင်းဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

**မေမိုးသဲ**

# မြနန်းစံကျော် ရွှေနန်းတော်

**မောင်သာ(ရှေးဟောင်းသုတေသန)**



မန္တလေးနန်းမြို့တွင်းသို့ ရောက်ဖူးကြသူတိုင်း နန်းတွင်း၌ တည်ဆောက်ပြသထားသည့် မြနန်းစံကျော်ရွှေနန်းတော်ကြီးကို မြင်တွေ့ကြရပြီး မြန်မာတို့၏ ထီးနန်းဓလေ့ အဆောက်အအုံများကို စိတ်ဝင်စားဂုဏ်ယူမိကြပေသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး မဆုံးရှုံးမီ ကုန်းဘောင်ခေတ် နှောင်းပိုင်းတွင် ရတနာပုံခေတ် မင်းနှစ်ပါး စံမြန်းခဲ့သည့် မြနန်းစံကျော်အပါအဝင် နန်းတော်အဆောက်အအုံများသည် မြန်မာလူမျိုးများအား မျိုးချစ်စိတ်ဓာတ်ကို ခိုင်မာတိုးတက်စေသည့် အမွေအနှစ်များ ဖြစ်ကြပေသည်။

အဆောင်ဆောင်အခန်းခန်းဖြင့် တင့်တယ်လှပနေသည့် မြနန်းစံကျော်ရွှေနန်းတော်သည် မြန်မာတို့၏ နန်းသုံးတော်ဝင်ယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်ပြီး မြန်မာတို့၏ ထီးမွေနန်းမွေ ဗိသုကာနှင့် အနုပညာလက်ရာများ ပေါင်းစုပြသထားသဖြင့် ပြည်တွင်းပြည်ပခရီးသွားများ နေ့စဉ် လာရောက်ကြည့်ရှုလေ့လာနေကြသည့် ထီးရိပ်နန်းရိပ် သင်္ကေတတစ်ခုအဖြစ် ထည်ဝါစွာ တည်ရှိနေပေသည်။

မြန်မာ့သမိုင်းတွင်ထင်ရှားသည့် သာယာဝတီမင်း ခေါ် ရွှေဘိုမင်း(ခရစ်နှစ် ၁၈၃၇-၁၈၄၆)သည် အင်းဝတွင်နန်းစိုက်ခဲ့ပြီး တစ်နှစ်အကြာတွင် အမရပူရမြို့ကို တည်ထောင်၍ ပြောင်းရွှေ့နန်းစံခဲ့သည်။ ခရစ်နှစ် ၁၈၄၀ ပြည့်နှစ်တွင် အမရပူရ၌ ရွှေနန်းတော်ကြီး ဆောက်လုပ်ပြီးစီးခဲ့ကာ သာယာဝတီမင်းသည် အမရပူရနန်းမြို့တော်ကို အောင်မြေစံရာဟုလည်းကောင်း၊ ရွှေနန်းပြာသာဒ်ကြီးကို ရွှေနန်းသာစံဟုလည်းကောင်း အမည်ကမ္ပည်းတပ်ခဲ့သည်။ သာယာဝတီမင်းနောက်တွင် ပုဂံမင်းနှင့် မင်းတုန်းမင်းတို့သည် ထိုရွှေနန်းတော်မှာပင် နန်းစံခဲ့ကြသည်။ သို့သော် မင်းတုန်းမင်းသည် အမရပူရ၌ ခရစ်နှစ် ၁၈၅၃ တွင် နန်းစံခဲ့ပြီး လေးနှစ်အကြာတွင် ရတနာပုံမြို့သစ်ကို တည်ထောင်ခဲ့သည်။

နောင်တွင် မန္တလေးဟုထင်ရှားလာမည့် ရတနာပုံနန်းမြို့သစ်သည် အရှေ့ဘက်တွင် နယ်ထိပ်တာရိုး၊ အနောက်ဘက်တွင် ဧရာဝတီမြစ်၊ တောင်ဘက်တွင် ဒုဋ္ဌဝတီမြစ်နှင့် မြောက်ဘက်တွင် မတ္တရာမြစ်တို့ ဝန်းရံနေသည်။ ယင်းမြို့ကွက် အဝန်းအဝိုင်းအတွင်း၌ နန်းတော်နေရာကို မင်းတုန်းမင်းကြီးကိုယ်တိုင် ရွေးချယ်သတ်မှတ်ခဲ့ပြီး မြန်မာသက္ကရာဇ် ၁၂၁၉ ခုနှစ် နတ်တော်လဆန်း ၁၂ ရက် (ခရစ်နှစ် ၁၈၅၇ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်) သောကြာနေ့တွင် မျဉ်းကြိုးခင်း၍ ပန္နက်တိုင်စိုက်မှတ်ကာ နန်းမြို့တော်တည်ဆောက်ရန် စတင်မြေတူးခဲ့သည်။

ရတနာပုံမြို့တော်နှင့် နန်းတော်ကို တည်ဆောက်ခဲ့ပြီး ၁၈၅၈ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် မင်းတုန်းမင်းနှင့် မိဖုရားခေါင်ကြီးတို့သည် နန်းမြို့ကို ရတနာထမ်းစင်စီးကာ လှည့်လည်ပြီး ရွှေနန်းတော်သို့ မြေနန်းတော်ဦးလှေကားမှ ဝင်ရောက်၍ ထီးနန်းစံမြန်းခဲ့သည်။ ထိုနေ့မှာပင် သောင်သွပ်စော်ဘွားကျော့ထားသည့် ဆင်ဖြူတော်သည် ဖောင်တော်နှင့်တကွ ရွှေမြို့တော်သို့ ရောက်ရှိလာခဲ့သည်။

မင်းတုန်းမင်း နန်းမတက်မီကပင် ရွှေနန်းတော်အဆောက်အအုံ အသီးသီးတွင် သက်ဆိုင်ရာပလ္လင်များကို နေရာချထားခဲ့ရာ ပလ္လင်ရှစ်ခန်းသာ ရှိသော်လည်း သီဟာသနပလ္လင်သည် နှစ်ခုရှိသဖြင့် ပလ္လင်ရှစ်မျိုး၊ အရေအတွက်ကိုးခု ဖြစ်လာခဲ့သည်။ သီဟာသနပလ္လင်နှစ်ခုကို မြေနန်းပြာသာဒ်နှင့် လွှတ်တော်တွင် တစ်လုံးစီထားရှိခဲ့သည်။ ပလ္လင်ကိုးခုလုံးကို ဘိုးတော်ဘုရားလက်ထက်တွင် ပြုလုပ်ခဲ့သည်ဟု ဆိုကြသော်လည်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ရှစ်ခန်းသောပလ္လင်တော်များကို ရွှေဆောက်ငွေဆောက်၊ ရွှေလက်ရိုက် ငွေလက်ရိုက်များဖြင့် ၁၈၅၈ ခုနှစ် မေလ ၇ ရက်နေ့တွင် တစ်ချိန်တည်း လုပ်ကြကြောင်း ရေးသားခဲ့သည်။

မင်းတုန်းမင်းကြီးတည်ထောင်သည့် ရွှေနန်းတော်ကြီးသည် အလွန်ကြီးကျယ်ခမ်းနားခဲ့ကာ နန်းအရှေ့ပိုင်းတွင် မင်းခမ်းတော်ဆောင် ၃၂ ဆောင်၊ အနောက်ပိုင်းတွင် မင်းခမ်းတော်ဆောင် လေးဆောင်၊ မိဖုရားဆောင် ကြီးငယ် ၇၈ ဆောင် စုစုပေါင်း အဆောင် ၁၁၄ ဆောင် ဆောက်လုပ်ခဲ့သည်။ အဆောင်တော်များ ဆောက်လုပ်ပြီးနောက် မင်းတုန်းမင်းကြီးသည် နန်းမြို့ကို လေးကျွန်းအောင်မြေ ဟုလည်းကောင်း၊ ရွှေနန်းတော်ကို မြနန်းစံကျော်ဟုလည်းကောင်း အမည်မှည့်ခေါ်ခဲ့သည်။

နန်းမြင့်ဆောင်ကန်ငယ်အုတ်တိုက်၊ သီပေါမင်းအုတ်တိုက်၊ တောင်ပန်းခုံတော်အုတ်တိုက်၊ အနောက်ဘက်မင်းခမ်းတော်များမှ အနောက်ပွဲတက်ဆောင်များကို မင်းတုန်းမင်းကြီး နတ်ရွာစံပြီးသည့်နောက်ပိုင်းတွင် သီပေါမင်းက ဆောက်လုပ်ခဲ့သည်။ သီပေါမင်းသည် မင်းတုန်းမင်းနတ်ရွာစံခဲ့သော မှန်နန်းဆောင်နှင့်ကပ်လျက်ရှိ ရွှေနန်းဆောင်ကို ဖျက်သိမ်းခဲ့ပြီး ခမည်းတော်အားရည်စူးလျက် မန္တလေးတောင်ခြေတွင် ရွှေနန်းတော်ကျောင်းအဖြစ် ပြန်လည်တည်ဆောက်ခဲ့သည်။

ရတနာပုံရွှေမြို့တော်ကို သာသနာတော်နှစ် ၂၄၀၀ အထိမ်းအမှတ်အဖြစ် မြို့ရိုးအရှည် တာ ၂၄၀၀ ရှိစေရန် မြို့ရိုးတစ်ဘက်စီအား တစ်ပြလျှင် တာ ၅၀ ရှိသည့် ပြ ၁၂ ပြ(တာ ၆၀၀) အညီအမျှ ပြုလုပ်ခဲ့သည်။ တစ်တာလျှင် ခုနစ်တောင်၊ သံတောင် တစ်တောင်လျှင် ၁၉ လက်မစံနှုန်းဖြင့် တွက်ချက်လျှင် မြို့ရိုးလေးဘက်အရှည်သည် ၅ ဒသမ ၀၃ မိုင်ရှိသည်။ အရှေ့အနောက် ၁၂ ပြ တောင်မြောက် ၁၂ ပြဖြင့် ရွှေမြို့တော်တွင် ပြ ၁၄၄ ကွက်ရှိခဲ့ပြီး နန်းမြို့တော်ကို ဗဟို ၁၆ ကွက် အတွင်း၌ တည်ဆောက်ခဲ့သည်။ နန်းမြို့ပတ်လည်ရှိ ပြ ၁၂၈ ကွက်တွင် မင်းညီမင်းသား၊ မှူးမတ်၊ သူဌေးသူကြွယ်များ နေထိုင်ခဲ့ကြပြီး မြို့တော် လေးပြင်လေးရပ်တွင် ပြည်သူများ နေထိုင်ကြသည့် အကွက် ၅၄ ကွက် ရှိခဲ့သည်။ မန္တလေး နန်းမြို့ရိုးသည် မျက်မှောက်ခေတ် အတိုင်းအတာအရ အရှေ့အနောက် ၁ မိုင် ၂ ဖာလုံရှိ၍ တောင်မြောက် ၁ မိုင် ၂ ဖာလုံနှင့် ၈၈ ကိုက်ရှိနေကာ စတုရန်းပုံ အတိအကျမဖြစ်ကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ရေးသားခဲ့သည်။

နန်းမြို့၏ အလယ်ဗဟိုတွင် ရွှေနန်းတော်ကို ၁၁ ပေမြင့်သည့် အုတ်ခုံပေါ်တွင် တည်ဆောက်ထားကာ အရှေ့အနောက် ၁၀၀၄ ပေ၊ တောင်မြောက် ၅၇၄ ပေ ရှိသည်။ ရွှေနန်းတော်ပတ်ပတ်လည်ကို သစ်တပ်ဖြင့် ကာရံထားပြီး သစ်တပ်မှ အတွင်း ၁၀ ပေတွင် ၁၈ တောင်(၂၇ ပေ) မြင့်သည့် အုတ်မြို့ရိုးတစ်ထပ် ကာရံထားသည်။ မြို့ရိုးတစ်ဖက်တွင် တံခါးသုံးရပ်စီ ပြုလုပ်ထားသဖြင့် နန်းမြို့ရိုးတွင် တံခါး ၁၂ ပေါက် ရှိသည်။ မြို့ရိုးတစ်လျှောက်တွင် တံခါး ၁၂ ပေါက်၊ ပြကြီး ၁၆ ခု၊ ပြငယ် ၃၂ ခု ရှိပြီး ပြကြီးပြငယ် ၄၈ ခုပေါ်တွင် ပြာသာဒ်တန်ဆောင်း ၄၈ ဆောင် ဆောက်လုပ်ထားခဲ့သည်။

**နန်းတော် အဆောင်တော်များသည် စစ်တန်းလျားများအဖြစ် အသုံးပြုခြင်းခံခဲ့ရကာ မင်းခမ်းတော်ဝင်ပစ္စည်းများသည် များစွာပျက်စီးဆုံးရှုံးခဲ့ရသည်။ ဒုတိယကမ္ဘာစစ် ဖြစ်ပွားလာချိန်တွင် ရွှေနန်းတော် အဆောင်ဆောင် အခန်းခန်းတို့သည် ဗုံးဒဏ်များကြောင့် မီးလောင်ပျက်စီးခဲ့ကြရသည်။**

ရွှေနန်းတော်၏ အရှေ့မျက်နှာစာတွင် နန်းပေါ်သို့ ဘုရင်နှင့် မိဖုရား ဝင်ထွက်တက်ရောက်သည့် မင်းလှေကားသုံးစင်း ရှိသည်။ မင်းလှေကားထိပ်တွင် ညီလာခံသဘင် ကျင်းပသည့်အခါ မင်းသားကြီးငယ်များ၊ မင်းမှူး၊ နာခံတော်၊ သံတော်ဆင့်၊ နာရီတော်မှူးနှင့် သွေးသောက်ကြီးတို့ ခစားကြသည့် အရှေ့စမုတ်ဆောင်ရှိသည်။ မြေနန်းပြာသာဒ်နှင့် အရှေ့စမုတ်ဆောင် အကြား၌ မြေနန်းစနုဆောင် ရှိသည်။ ညီလာခံသဘင်တွင် လက်ဝဲစစ်သူကြီး၊ လက်ယာစစ်သူကြီးနှင့် စော်ဘွားများသည် ဘုရင်မင်းမြတ်အား မြေနန်းစနုဆောင်မှ ခစားကြရသည်။ အရှေ့စမုတ်ဆောင်နှင့်ဆက်လျက် လက်ဝဲမြေနန်း ပွဲတက်ဆောင်နှင့် လက်ယာမြေနန်း ပွဲတက်ဆောင်များ ရှိသည်။

မြေနန်းစနုဆောင်၏ အနောက်ဘက်ကပ်လျက်တွင် ရွှေနန်းတော်၏ အဓိက အဆောင်ဖြစ်သည့် မြေနန်းပြာသာဒ်ဆောင်ရှိပြီး ဘုံခုနစ်ဆင့်၊ အမြင့် ၂၀၇ ပေ ရှိသည်။ မြေနန်းပြာသာဒ်အလယ်တွင် သီဟာသနပလ္လင်ကို ထားရှိပြီး ပလ္လင်တော်အောက်ခြေတွင် ဗုဒ္ဓဘုရားရှင်ပွင့်တော်မူရာ အိန္ဒိယနိုင်ငံမှ မြတ်သောမြေနေရာများဖြစ်သည့် ဗာရာဏသီ၊ ဝေသာလီ၊ သာဝတ္ထိစသော နေရာ ၁၂ ခုမှ မင်္ဂလာရှိသောမြေကြီးများကို မြန်မာနိုင်ငံမှ သန့်စင်သောမြေများနှင့်ရောစပ်ကာ ကွန်းစင်တိုင်လေးတိုင်အလယ်တွင် ထည့်ဖို့ခဲ့သည်။ ထို့နောက် မြေနီသရွတ်ကိုင်၍ အုတ်အင်္ဂတေတို့ဖြင့် ပလ္လင်ခုံပြုလုပ်ခဲ့သည်။

မြေနန်းပြာသာဒ်တစ်ဆောင်လုံးကို ရွှေပိန်းချထားကာ မင်းမိဖုရားနှစ်ပါးသည် မြေနန်းပြာသာဒ်တော်ကြီးတွင် နှစ်ဦး၊ ဝါဝင်နှင့် ဝါထွက်ချိန်များတွင် ကန်တော့ခံလေ့ရှိသည်။ ပြာသာဒ်တော်ကြီး၏အတွင်းဘက် နောက်ခန်းကြမ်းမြင့်၏ အနောက်မြောက်ထောင့်တွင် နတ်ကွန်းတစ်ခုရှိရာ ယင်းနတ်ကွန်းသည် ပုဂံခေတ် သေလည်ကြောင်မင်းလက်ထက်တွင် စတင်ကိုးကွယ်ခဲ့သော အိမ်တွင်းမင်းမဟာဂီရိ နတ်ကွန်းဖြစ်ပြီး တစ်ပင်တိုင်ခန်း၊ အမိုးသုံးဆင့်ပြာသာဒ်ပုံ တည်ဆောက်ထားသည်။ နတ်ကွန်းတွင် ရွှေချထားသည့် အုန်းပွဲငှက်ပျောပွဲ၊ ဖျင်ဖြူ၊ ဖျင်နီ၊ နှီးခေါက်၊ အချိုပွဲနှင့် ရွှေချထားသည့်ဖယောင်းတိုင်များဖြင့် ပူဇော်ထားလေ့ရှိခဲ့သည်။

မြေနန်းပြာသာဒ်၏ ဝဲယာနှစ်ဘက်တွင် ဖွင့်နိုင်ပိတ်နိုင်သော ကဲလားကြီး သုံးခုစီ ရှိသည်။ ရှည်လျားသော ကဲလားကြီးများ ဖွင့်ထားချိန်တွင် ကဲလားကြီးများ၏ ထိပ်စွန်းကို ရွှေပိန်းချသစ်သားထောက်ထိုင်နှစ်ခုဖြင့် ထောက်ထားသည်။ မင်းခမ်းမင်းနားများ ကျင်းပချိန်တွင် ကဲလားကြီးများကိုဖွင့်လျက် ဝဲဘက်တွင် မြန်မာအငြိမ့်သဘင်၊ ယာဘက်တွင် မွန်အငြိမ့်သဘင်များဖြင့် သီဆိုတီးမှုတ် ကခုန်ဖျော်ဖြေခဲ့ကြသည်။

မြေနန်းပြာသာဒ်၏ အနောက်ဘက်တွင် ဗုဒ္ဓဘုရားရှင် သီတင်းသုံးတော်မူခဲ့သည့် ဇေတဝန်ကျောင်းတော်ပုံစံအတိုင်း တည်ဆောက်ထားသည့် ဇေတဝန်ဆောင်ရှိသည်။ ဇေတဝန်ဆောင်တွင် ဟံသာသနပလ္လင်တော်ကို ထားရှိပြီး ဇေတဝန်ဆောင်၏ မြောက်ဘက်တွင် ဂဇာသနပလ္လင်တော်ထားရှိသည့် ဖြဲတိုက်ဆောင်ရှိသည်။ ဇေတဝန်ဆောင်၏ တောင်ဘက်တွင် လေသာဆောင်ရှိပြီး သင်္ခါသနပလ္လင် ထားရှိသည်။ လေသာဆောင်ကို ကွမ်းရေတော်ဆောင်၊ ပရိတ်နာဆက်ဆောင်ဟုလည်း ခေါ်ကြသည်။ တောင်ဘက် မင်းတက်လှေကားအနီးတွင် မိဂါသနပလ္လင်ထားရှိသော တောင်စမုတ်ဆောင်ရှိပြီး မြောက်စမုတ်ဆောင်တွင် မယုရာသန ပလ္လင်တော်ကို ထားရှိသည်။ အနောက်စမုတ်ဆောင်၏ အရှေ့ဘက်ရှိ အနောက်ဇေတဝန်ဆောင်တွင် ပဒုမာသနပလ္လင်ကို ထားရှိသည်။

နန်းခံ၏အလယ်ရှိ မှန်နန်းဆောင်ကြီးသည် နန်းတော်အတွင်းရှိ အဆောင်များအနက် မြေနန်းပြာသာဒ်မှလွဲလျှင် အကြီးဆုံးနှင့် အမြင့်ဆုံးနန်းဆောင်ဖြစ်သည်။ ယင်းအဆောင်တွင် ဘမယာသနပလ္လင်ထားရှိကာ ထီးဖြူများ စိုက်ထူထားသည်။ နန်းဆောင်များ၏ အမည်နာမများကို ကောင်းမွန်သောအဓိပ္ပာယ်များ ဖော်ဆောင်မှည့်ခေါ်ထားသကဲ့သို့ ပလ္လင်တော်များကိုလည်း ဆန်းပြားခမ်းနားစွာ ထုလုပ်၍ သက်ဆိုင်ရာအဆောင်အသီးသီးတွင် နေရာချထားခဲ့ပြီး ဘုရင်နှင့်မိဖုရားတို့ စံမြန်းခဲ့ကြသည်။ မင်းခမ်းမင်းနား ကြီးကျယ်ခမ်းနားသည်နှင့် အမျှ အဆောင်တော်များ၊ ဝတ်စားဆင်ယင်ပုံများ၊ အသုံးအဆောင်များသည်လည်း တော်ဝင်နန်းသုံးများအဖြစ် များစွာခံ့ညားခဲ့ပေသည်။

ရတနာပုံ မန္တလေးမြို့သည် စတင်မြေတူးခဲ့သည့် ၁၈၅၇ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်မှ သီပေါမင်း ပါတော်မူခဲ့သည့် ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်အထိ ၂၈ နှစ်တိတိသာ တည်တံ့ခဲ့ပြီး နယ်ချဲ့တို့၏ သိမ်းပိုက်ခြင်းကိုခံခဲ့ရကာ ဘုရင်နှစ်ပါးနန်းစံခဲ့သည့် နန်းတော်သည် ရွှေမှန်ကင်းမှ ထင်းဖြစ်ခဲ့ရပေသည်။ နန်းတော် အဆောင်တော်များသည် စစ်တန်းလျားများအဖြစ် အသုံးပြုခြင်းခံခဲ့ရကာ မင်းခမ်းတော်ဝင်ပစ္စည်းများသည် များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ဒုတိယ ကမ္ဘာစစ် ဖြစ်ပွားလာချိန်တွင် ရွှေနန်းတော် အဆောင်ဆောင် အခန်းခန်းတို့သည် ဗုံးဒဏ်များကြောင့် မီးလောင်ပျက်စီးခဲ့ကြရသည်။ နန်းမြို့အပြင်သို့ သီပေါမင်း ပြောင်းရွှေ့တည်ဆောက်ထားခဲ့သည့် ရွှေနန်းတော်ကျောင်းကြီးသည်သာ မူလလက်ရာအတိုင်း ကျန်ရှိနေခဲ့သည်။

မဝေးကွာလှသေးသည့်ကာလက မြန်မာဘုရင်များ ကိုယ့်ထီးကိုယ်နန်းကိုယ့်ကြငှန်းနှင့် စံမြန်းအုပ်ချုပ်ကာ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်ခဲ့သော အထောက်အထားများအဖြစ် မြနန်းစံကျော်ရွှေနန်းတော်ကို ပေပုရပိုက်မှတ်တမ်းများ၊ အင်္ဂလိပ် မြန်မာမှတ်တမ်းများ၊ သမိုင်းအထောက်များအရ ညှိနှိုင်းပြီး မြန်မာနိုင်ငံကို နောက်ဆုံးအုပ်ချုပ်ခဲ့သည့် သီပေါမင်းလက်ထက်တော်တွင် ရှိခဲ့သည့်ပုံစံအတိုင်း ရှေးမူမပျက် ပြန်လည်တည်ဆောက်ရန် နိုင်ငံတော်အစိုးရက ဆုံးဖြတ်ခဲ့သည်။

ထို့ကြောင့် မြန်မာလူမျိုးတို့၏ ထီးမွေနန်းမွေ မြနန်းစံကျော်ရွှေနန်းတော် အဆောက်အအုံများအား ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၈ ရက်တွင် စတင်ပန္နက်တင်ခဲ့သည်။ မြို့ထောင့်ပြာသာဒ်တော်လေးခု၊ မြောက်ဘက်မြို့ရိုးထွက်ပေါက် လေးသိန်း တံခါးနှင့် အရှေ့ဘက်ထွက်ပေါက် ဦးထိပ်တံခါးတို့ကို မူလပုံစံအတိုင်း ဘုံခုနစ်ဆင့်ပြာသာဒ်များဖြင့် ပြန်လည်တည်ဆောက်ခဲ့သည်။ မြို့ရိုးပေါ်မှ ပြကြီးပြငယ် ၄၈ ခုတွင် မူလပြာသာဒ် ၃၅ ခုသည် စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးနေခဲ့သဖြင့် ရှေးမူအတိုင်း ပြန်လည်ဆောက်လုပ်ခဲ့သည်။

မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအမွေအနှစ် တစ်ရပ်ဖြစ်သည့် မြနန်းစံကျော်ရွှေနန်းတော်ကို ရှေးမူအတိုင်း ပြန်လည်တည်ဆောက်ပြီး ၁၉၉၆ ခုနှစ် ဇက်တင်ဘာလ ၁၈ ရက်တွင် ဖွင့်ပွဲမဟာသဘင်ကို ကျင်းပခဲ့သည်။ မြနန်းစံကျော်နှင့်အတူ မန္တလေးတောင်ခြေရှိ မီးလောင်ပျက်စီးခဲ့သည့် မဟာအတုလဝေယံ (အတုမရှိကျောင်းတော်ကြီး)ကိုလည်း ဖွင့်လှစ်ခဲ့သည်။

လက်ရှိအချိန်တွင် မန္တလေးနန်းတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်အတွင်း နန်းမြင့်ဆောင်၊ အရှေ့ဘက်ခန်းဆောင်များနှင့် အနောက်မိဖုရားဆောင်များကိုလည်း မူလပုံစံအတိုင်း မြင်တွေ့ကြရပေသည်။ နန်းမြင့်ဆောင်ကို သီပေါမင်းလက်ထက်တွင် ရွှေနန်းတော် တောင်ဘက်စမုတ်ဆောင်ရှေ့၌ ဆောက်လုပ်ခဲ့သည်။ အမြင့် သံတောင် ၇၀ ကျော်ရှိသည့် နန်းမြင့်ဆောင်အပေါ်ထိပ်အထိ တက်ရောက်နိုင်ရန် ခရုပတ်လှေကားဖြင့် ရစ်ပတ်ထားသည်။ နန်းမြင့်ဆောင်တည်ဆောက်ပြီးနောက် မြန်မာသက္ကရာဇ် ၁၂၄၆ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက်(ခရစ်နှစ် ၁၈၈၄ ခုနှစ် စက်တင်ဘာလ ၂၀ ရက်)တွင် ရွှေနန်းတော်မှ မဟာမုနိဘုရားကြီးအထိ တာ ၂၄၀၀ ကွာဝေးသော အကွာအဝေးတစ်လျှောက် ဝဲယာနှစ်ဘက်တွင် မီးစောင်းတန်းကို လှပတင့်တယ်စွာ သွယ်တန်းပြီး ပန်းထီး၊ ပန်းတံခွန်အလှူတော်များကို ခင်းကျင်း၍ ခြောက်ရက်တိုင် ပူဇော်ခဲ့သည်။ ယခု ပြန်လည်တည်ဆောက်ထားသည့် နန်းမြို့မျှော်စင်ပေါ်သို့ တက်ရောက်၍ နန်းမြို့ကြီးအား အပေါ်စီးမှ ကြည့်ရှုနိုင်ပေသည်။

မြနန်းစံကျော်ရွှေနန်းတော်တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ဖွင့်လှစ်ပြသထားသည့် ယဉ်ကျေးမှုပြတိုက်တွင် ရတနာပုံခေတ်မှတ်တမ်းများ၊ ထီးသုံးနန်းသုံးပစ္စည်းများ၊ တော်ဝင်အသုံးအဆောင်များ၊ မှတ်တမ်းဓာတ်ပုံများကို ပြသထားသည်။ သမိုင်းတစ်လျှောက် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနှင့် နေထိုင်ခဲ့ကြသည့် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှု၊ ဗိသုကာလက်ရာ၊ အဆောင်အယောင်များကို မြနန်းစံကျော်ရွှေနန်းတော်ကြီးတွင် လွမ်းမောတသဖွယ် မြင်တွေ့ကြရသည်နှင့်အမျှ မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထား မြတ်နိုးလာနိုင်ကြမည်ဟု ယူဆမိပါသည်။ ။

**ကိုးကား**

**မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၁၉၉၅)**

**ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည်(နတ်မောက်ထွန်းရှိန်)**

**မြန်မာရက်စွဲသမိုင်း၊ကုန်းဘောင်ဆက်**

**(ဦးတိက္ခဓမ္မလင်္ကာရနှင့် ဒေါက်တာသန်းထွန်း)**

## သတင်းတိုများ

### သွေးလွန်တုပ်ကွေးကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် NGO အဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ အပတ်စဉ် ဆောင်ရွက်လျက်ရှိသော သွေးလွန်တုပ်ကွေးကာကွယ်ရေးနှင့် ခြင်နှိမ်နင်းရေးလုပ်ငန်းများကို မင်းလှမြို့ ပန်းဘဲချောင်ရပ်ကွက်၌ ဇူလိုင် ၃၀ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး နေအိမ်များတွင် ခြင်ပေါက်ပွားခြင်း မရှိစေရန်အတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ကျန်းမာရေးဆိုင်ရာများ အသိပညာပေးဟောပြောကာ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခဲ့ကြောင်း သိရသည်။
**ပေါက်စ(မင်းလှ)**

### နတ်တလင်းမြို့တွင် ဘီပိုးကာကွယ်ဆေးများထိုးနှံပေး

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အတွင်းမှ ပြည်သူများအား ဘီပိုးကာကွယ်ဆေးများကို ဇူလိုင် ၃၀ ရက်က ထိုးပေးခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံ အသည်းဖောင်ဒေးရှင်း၊ ဗိုလ်ကျော်သန်းပရဟိတအဖွဲ့နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဝံသာနုရက္ခိတအဖွဲ့တို့ ပူးပေါင်း၍ ပြည်သူ့အကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်သည့်အနေဖြင့် ဘီပိုးကာကွယ်ဆေးများကို ရတနာပုံမန္တလေးကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာဆောင်နှင့် ဘောဇနဆောင်တို့တွင် ထိုးနှံပေးခြင်းဖြစ်ကာ ပထမအကြိမ်တွင် လူဦးရေ ၆၀၀ နှင့် ဒုတိယအကြိမ်တွင် လူဦးရေ ၁၄၆၀ ကို ကာကွယ်ဆေးများ ထိုးပေးနိုင်ခဲ့ကြောင်း သိရသည်။
**တင်မြင့်(နတ်တလင်း)**

### ဘုန်းတော်ကြီးသင်ကျောင်းမှ မိဘမဲ့ကလေးများအား လှူဒါန်း

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် တံခွန်တိုင်ကျေးရွာအုပ်စု သပြေသာကျေးရွာရှိ ဘုန်းတော်ကြီး ပညာသင်ကျောင်းတွင် နေထိုင်ပညာသင်ကြားလျက်ရှိကြသော ရှမ်းပြည်နယ်တောင်ပိုင်း ကျောက်တစ်လုံးကြီးဒေသ နောင်ဟိုင်းကြီးကျေးရွာ စစ်ပွဲရှောင်မိသားစုများမှ ကလေးများနှင့် မိဘမဲ့ ကျောင်းသားကျောင်းသူ ၂၈ ဦးတို့အား စားသောက်ဖွယ်ရာနှင့် မုန့်များကို ဖြူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးချစ်မင်းနှင့် ဝန်ထမ်းများ စုပေါင်း၍ ဇူလိုင် ၂၉ ရက်က သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။
**ဖြူးမြင့်ဦး**

## ဆင်းသုခမိုးစပါးမျိုးစေ့ မျိုးသန့်ထုတ်စိုက်ပျိုးနည်း တောင်သူပညာပေးသရုပ်ပြပွဲပြုလုပ်

**လှိုင်းဘွဲ့ ဩဂုတ် ၁**
မိုးစပါးစိုက်ပျိုးရန် ဆင်းသုခမျိုးစေ့ မျိုးသန့်ထုတ်စိုက်ပျိုးနည်း ပညာပေးသရုပ်ပြပွဲကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ လှိုင်းဘွဲ့မြို့နယ် သမ္ဘန်ကျေးရွာ၌ ဇူလိုင် ၃၀ ရက်က ပြုလုပ်ခဲ့ပြီး ကျေးရွာအုပ်စုလေးအုပ်စုရှိ တောင်သူများအား သရုပ်ပြခဲ့သည်။

သရုပ်ပြပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်လင်းက မျိုးသန့်မျိုးစေ့ စိုက်ပျိုးထုတ်လုပ်နည်းများကို ရှင်းလင်းပြောကြားပြီး ပြည်နယ် မျိုးစေ့ထုတ်သူများအသင်း ဥက္ကဋ္ဌက မျိုးစေ့ထုတ်သူများအဖွဲ့ ဖွဲ့စည်းရန်လည်းကောင်း၊ အသင်းအတွင်းရေးမှူးက မျိုးစေ့ထုတ်ယူစိုက်ပျိုးခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးက မြို့နယ်အတွင်း အထွက်နှုန်းတိုးတက်ကောင်းမွန်လာစေရန် လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဆင်ဇခုပ်က မျိုးကောင်းမျိုးသန့်မျိုးစေ့များ စိုက်ပျိုးထုတ်လုပ်ခြင်း ရည်ရွယ်ချက်နှင့် မျိုးထုတ်လုပ်မှု တစ်ဧကအထွက်နှုန်း ကောင်းမွန်ရေးဆိုင်ရာများကိုလည်းကောင်း တောင်သူများအား ပညာပေးဆွေးနွေးခဲ့ကြကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ထို့နောက် မျိုးစေ့ထုတ်စိုက်ပျိုးနည်းများကို လက်တွေ့သရုပ်ပြခဲ့ပြီး ဒေသခံ တောင်သူလယ်သမားများက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။
**(မြို့နယ် ပြန်/ဆက်)**

## ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း ကွင်းဆင်းကြည့်ရှု

**ငပုတော ဩဂုတ် ၁**
ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးလက် အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း(ERLIP) ဆောင်ရွက်နေမှုများကို အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူ Mr. Jessie Ponce နှင့်အဖွဲ့က ဇူလိုင် ၃၀ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

Mr. Jessie Ponce နှင့်အဖွဲ့သည် ငပုတောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများနှင့် ERLIP စီမံကိန်းမှ ဝန်ထမ်းများအား တွေ့ဆုံ၍ ကျေးရွာအုပ်စု အဆင့် လုပ်ငန်းလိုအပ်ချက်များနှင့် ဦးစားပေးလုပ်ငန်းများ ရွေးချယ်ခြင်းတို့ကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် စီမံကိန်းဆောင်ရွက်နေသော စဉ့်အိုးဖိုအောက် ကျေးရွာအုပ်စု၊ ဝက်ဆူကျေးရွာအုပ်စု၊ ရွှေတောင်ကျေးရွာအုပ်စုနှင့် ကျောက်တန်း ကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူများနှင့် စီမံကိန်းကော်မတီဝင်များအား သွားရောက်တွေ့ဆုံကာ ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများ၏ အခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။
**မျိုးကျော်သူ(ပြန်/ဆက်)**

## မြဝတီမြို့ ရွှေမြင်းဝန်စေတီတော်ကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မြဝတီ ဩဂုတ် ၁**
ကရင်ပြည်နယ် မြဝတီမြို့ကျက်သရေဆောင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီးနှင့် ရွှေတိဂုံပုံတူ မဟာကနက ရွှေစေတီတော်များတွင် စေတီတော်ပရဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးအတွက် လစဉ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မြဝတီခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိရာ ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၌ ဇူလိုင် ၃၀ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ တပ်မတော်နှင့် တပ်ရင်းတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဘာသာရေးအသင်းအဖွဲ့များ စုပေါင်းပြီး သန့်ရှင်းရေးလုပ်ငန်းများကို ကုသိုလ်ပြုဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။
**ထိန်လင်းအောင်(ပြန်/ဆက်)**



## နွေစပါးစိုက်ခင်းများ ရေနစ်မြုပ်လျက်ရှိသဖြင့် လှေများဖြင့် လိုက်လံရိတ်သိမ်းနေရ

**ရေစကြို ဩဂုတ် ၁**
ချင်းတွင်းမြစ်ရေသည် ရေစကြိုမြို့နယ်တွင် စိုးရိမ်ရေမှတ်အထက် ကျော်လွန်၍ ဒုတိယအကြိမ်မြောက် ပြန်လည်မြင့်တက်လာလျက်ရှိရာ မြစ်ရေဝင်ရောက်ရာကျေးရွာများ၌ စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများတွင် စပါးပင်ဖုံးလွှမ်းသည်အထိ ရေနစ်မြုပ်လျက်ရှိသဖြင့် စပါးပင်များကို ရေထဲ၌ လက်ဖြင့်စမ်း၍ လှေများဖြင့် လိုက်လံ ရိတ်သိမ်း



ကြရလျက်ရှိကြောင်း ဒေသခံတောင်သူများ၏ ပြောကြားချက်အရ သိရသည်။

“စပါးခင်းတွေ ရေနစ်နေလို့ ကောက်ရိတ်သမငှားပြီး ရေထဲတင် ရိတ်နေရပါတယ်။ နှစ်တိုင်းတော့ စပါးပင်ကို နွားစာရအောင် အောက်ခြေကနေစပြီး ရိတ်တာပါ။ အခု စပါးအနှံတွေက ရေထဲမှာဆိုတော့ လက်နဲ့စမ်းမိတဲ့ စပါးအနှံကိုပဲ ရသလောက်လေး ရိတ်နေရတာပါ။ နှစ်တိုင်းလို ကောက်ရိုးမရတော့ နွားစာလည်း မရပါဘူး။ ဒီနှစ်က ကျွန်မတို့စိုက်ခင်းဘက်တွေ ရေဝင်စောလို့ပါ။ အရင်နှစ်တွေကတော့ ခုလိုအချိန်ဆို စပါးရိတ်စက်ငှားရိတ်ပြီးတော့ အိမ်ကို စပါးအိတ်သယ်ရုံပါပဲ။ အခုနှစ်က စိုက်ခင်းတွေထဲကို ရေဝင်စောတော့ ရေထဲကို စပါးရိတ်စက်က လိုက်မရိတ်ပေးပါဘူး။ ကောက်ရိတ်သမပဲ ငှားရိတ်ခိုင်းရပါတယ်”ဟု ရေမြုပ်စပါးစိုက်ခင်းပိုင်ရှင်တစ်ဦးက ပြောသည်။

“ဒီနှစ်နွေစပါးက စိုက်စရိတ်ကုန်တာနဲ့ မြေဆီကျွေးရ၊ အလုပ်သမားခပေးရ၊ စပါးချွေစက်ငှားရတာနဲ့ ရှုံးပါတယ်။ ဒါပေမယ့် ကိုယ်စိုက်ထားရတာလေး နှမြောလို့သာ ရသလောက်ကလေး ပြန်ယူနေရတာပါ”ဟုလည်း ၎င်းက ဆက်ပြောသည်။

ကောက်စိုက်သမများငှား၍ စပါးခင်းများကို လိုက်လံရိတ်သိမ်းလျက်ရှိရာတွင် အချို့စပါးစိုက်ခင်းများမှာ ပေါင်လယ်ခန့်ရေအနက်တွင်ဆင်း၍ ရိတ်သိမ်းရပြီး အချို့စိုက်ခင်းများမှာ စပါးအနှံကို မြင်ရရုံသာရှိတော့သဖြင့် လှေများဖြင့် လိုက်လံရိတ်သိမ်းကြရခြင်းဖြစ်ကြောင်း သိရသည်။

“စပါးတစ်ဧကကို လူ ၁၈ ယောက် နှစ်ရက် ရိတ်နေရပါတယ်။ ခါတိုင်းတော့ ကောက်ရိတ်သမတစ်ယောက်ကို တစ်နေ့ ဆန်နှစ်ပြည် ပေးပါတယ်။ အခုတော့ ရေထဲလည်း ဆင်းရိတ်နေရတာဆိုတော့ ဆန်ယူရင် ခြောက်ပြည်ပေးပါတယ်။ ဆန်မယူဘဲ ပိုက်ဆံယူရင်တော့ တစ်နေ့ လေးထောင်ပေးပါတယ်”ဟု ကောက်ရိတ်သမတစ်ဦးကပြောသည်။

ယခုရက်ပိုင်းအတွင်းတွင် ရေစကြိုမြို့နယ်အတွင်း မိုးဖွဲလေးများမှာလည်း ရွာသွန်းလျက်ရှိသဖြင့် ရိတ်သိမ်းထားပြီးသော တောင်သူများ၏ အခြောက်လှန်းထားသော စပါးများမှာ မိုးအစိုဓာတ်ကြောင့် အညှောင့်များပေါက်လာလျက်ရှိပြီး စပါးချွေလှေ့စက်ဖြင့် ချွေလှေ့ရာတွင်လည်း စပါးများမှာ ရေစိုနေသဖြင့် အလေအလွင့်များကာ ဆန်ကြိတ်ခွဲရလျှင်လည်း ရေစိုဖူးသောစပါးများအား ကြိတ်ခွဲရသောကြောင့် ဆန်ကောင်း ရရှိနိုင်မည်မဟုတ်ကြောင်း တောင်သူများ၏ ပြောကြားချက်များအရ သိရသည်။
**အိမွန်ဆွေ(ရေစကြို)**

## မြို့နယ်ပြည်သူ့ဆေးရုံ လူနာဆောင်သစ်နှင့် နန်းမယ်ခုံတိုက်နယ်ဆေးရုံ အဆောက်အအုံသစ်များ ဖွင့်

**ဒီမော့ဆို ဩဂုတ် ၁**
ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီမော့ဆိုမြို့နယ် ပြည်သူ့ဆေးရုံ တိုးချဲ့နှစ်ထပ်လူနာဆောင် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် နန်းမယ်ခုံ တိုက်နယ်ဆေးရုံအဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၃၀ ရက်က ကျင်းပခဲ့သည်။

မြို့နယ်ပြည်သူ့ဆေးရုံလူနာဆောင်သစ်ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးနှင့် ပြည်နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာရန်နိုင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ပြည်နယ်ကုသရေးဦးစီးဌာနမှူးက ကုသရေးလုပ်ငန်း ဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နန်းမယ်ခုံ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲသို့ သွားရောက်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ကျန်းမာရေးနှင့် ပတ်သက်သော လိုအပ်ချက်များအား ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဒီမော့ဆိုမြို့နယ် ပြည်သူ့ဆေးရုံ တိုးချဲ့နှစ်ထပ် လူနာဆောင်သစ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ် ၃၈၇ သန်းဖြင့်လည်းကောင်း၊ နန်းမယ်ခုံတိုက်နယ်ဆေးရုံ ပင်မအဆောက်အအုံနှင့် တိုက်နယ်ဆရာဝန်နေအိမ် ဆောက်လုပ်ခြင်းလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၄၂၃ သန်းကျော်ဖြင့်လည်းကောင်း ဆောက်လုပ်ခဲ့ပြီး အဆိုပါ ဆေးရုံအဆောက်အအုံများတွင် လူနာခုတင်များ၊ ခွဲစိတ်ခန်းသုံးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ အပါအဝင် စက်ကိရိယာပစ္စည်းများ၊ လူနာများအတွက် ဆေးနှင့်ဆေးပစ္စည်းများ လုံလောက်စွာ ဖြည့်ဆည်းထားရှိပြီး ကုသရေးလုပ်ငန်းများဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

## ကျေးရွာမြေငှားဂရန်များထုတ်ပေးရန်အတွက် ကွင်းဆင်းတိုင်းတာမှုများဆောင်ရွက်

**နမ့်ခမ်း ဩဂုတ် ၁**
ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် ဟိုနားကျေးရွာအုပ်စု ပန်ထိုလင်ကျေးရွာမှ ပြည်သူများအတွက် ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်ရန် ကွင်းဆင်းတိုင်းတာမှုများကို ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့နှင့် မြို့နယ်လုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများက ဇူလိုင် ၃၀ ရက်တွင် အဆိုပါကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ခရိုင်မြေစာရင်းဦးစီးမှူး ဦးဇော်အေးမိုး၊ မြို့နယ်အဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေးနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများအား တွေ့ဆုံပြီး ကျေးရွာမြေငှားဂရန် ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျေးရွာအတွင်း အိမ်မြေကွက်အနေအထားများကို စနစ်တကျတိုင်းတာခဲ့သည်။ ပန်ထိုလင်ကျေးရွာ၌ မြေငှားဂရန်များကို ကျေးရွာရှိ အိမ်ခြေ ၄၃ အိမ်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**ဉာဏ်မင်း(နမ့်ခမ်း)**

# တရားမဝင်သစ်ထုတ်လုပ်မှု လျှော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြော

**မိုင်းဆတ် ဩဂုတ် ၁**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့နယ်အတွင်း တရားမဝင်သစ်ထုတ်လုပ်မှု လျှော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွက် အသိပညာပေးဟောပြောပွဲကို သစ်တောဦးစီးဌာနက ကြီးမှူး၍ လွယ်ဆောင်ကျေးရွာအုပ်စု ဘာထန်ကျေးရွာ၌ ဇူလိုင် ၃၀ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မိုင်းခုတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူလှိုင်က ယခုအချိန်တွင် လက်ကိုင်လွှစက်များ အလွယ်တကူဝယ်ယူရရှိနိုင်၍ ကိုင်ဆောင်အသုံးပြုလာကြခြင်းတို့ကြောင့် နှစ်ရှည်ပင်များမှာ တစ်ခဏအတွင်း ပျောက်ပျက်သွားသဖြင့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းသောအားဖြင့် နှစ်ရှည်ပင်ကြီးများကို ပျက်စီးမည့် အခြေအနေမျိုး မဖြစ်စေရန် လက်ကိုင်လွှစက်ရောင်းချသည့်ဆိုင်များ၊ ကိုင်ဆောင်သည့်ဌာနများ၊ အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးအေးချမ်းအောင်က လက်ကိုင်လွှစက်ကိုင်ဆောင်ခြင်းနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများအကြောင်းနှင့် လက်ကိုင်လွှစက် ရောင်းချခြင်း၊ ကိုင်ဆောင်အသုံးပြုခြင်းတို့တွင် မှတ်ပုံတင်ပြုလုပ်ရန် လိုအပ်ကြောင်း၊ မှတ်ပုံတင်ပြုလုပ်ခြင်းမရှိပါက ဥပဒေအရအရေးယူနိုင်သည့် ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို အသိပညာပေးဟောပြောပြီး ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

အလားတူ အသိပညာပေးဟောပြောပွဲကို မိုင်းဆတ်မြို့နယ် ကျဒယ်ကျေးရွာတွင်လည်း နေ့လယ်ပိုင်း၌ ဆက်လက်ပြုလုပ်ခဲ့ပြီး ဒေသခံပြည်သူများအား ပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## သစ်တောဦးစီးဌာနက ကျေးရွာများအရောက် ပျိုးပင်များအခမဲ့ဖြန့်ဝေပေး

**မတ္တရာ ဩဂုတ် ၁**
ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ကျောက်စရစ်(တောင်)ကျေးရွာနှင့် ကျောက်စရစ်(မြောက်)များ၌ ဒေသစိမ်းလန်းစိုပြည်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုတွင် အထောက်အကူဖြစ်ရေး ရည်ရွယ်ချက်များဖြင့် ဒေသခံပြည်သူများအား သစ်ပင်ပျိုးပင်များကို သစ်တောဦးစီးဌာနက ဇူလိုင် ၃၀ ရက်က အခမဲ့ သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ပျိုးပင်များကို မြို့နယ်သစ်တောဌာနမှ ဦးစီးအရာရှိ ဦးသန်းကျော်နှင့် ဝန်ထမ်းများက သွားရောက်ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ပြီး မဟော်ဂနီပင် ၂၀၀၊ ကျွန်းပင် ၂၀၀၊ ပိတောက်ပင် ၂၀၀၊ လျှော်ဖြူပင် ၂၀၀၊ ရေတမာပင် ၁၀၀၊ ခရေပင် ၁၀၀၊ ယင်းမာပင် ၁၀၀ နှင့် ပျဉ်းကတိုးပင် ၁၀၀၊ စုစုပေါင်း ပျိုးပင် ၁၂၀၀ ကို ကျေးရွာနေပြည်သူများထံသို့ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## သထုံဆေးရုံကြီးဝင်းအတွင်း ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးပြုလုပ်



**သထုံ ဩဂုတ် ၁**
မွန်ပြည်နယ် သထုံမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်း သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးနန္ဒဝင်း ဦးဆောင်သည့် ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းကာ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုအဖြစ် သန့်ရှင်းရေးလုပ်ငန်းများကို ဇူလိုင် ၃၀ ရက်က ဆောင်ရွက်ခဲ့ကြသည်။

"ပြည်သူ့ဝန်ဆောင်မှု ရဲလုပ်ငန်းကို ဖော်ဆောင်တဲ့အနေနဲ့ ကျွန်တော်တို့တပ်ဖွဲ့ဝင်တွေကို ပြည်သူတွေနဲ့ တသားတည်းဖြစ်အောင် ခုလို ပြည်သူ့အကျိုးပြုလုပ်ငန်းတွေ၊ အပတ်စဉ်လှုပ်ရှားမှုလေးတွေ လုပ်စေတာပေါ့။ ဒါက တပ်ဖွဲ့ဝင်တွေအတွက် အသိပညာပေးလုပ်ငန်းလည်းဖြစ်တယ်"ဟု သထုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းက ပြောသည်။ သန့်ရှင်းရေးစုပေါင်းဆောင်ရွက်ရာတွင် အရာရှိနှင့် အခြားအဆင့် ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၅၀ ခန့်က သထုံခရိုင် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း အနောက်ဘက်ခြမ်း၊ ရင်ခွဲရုံနှင့် အဆောက်အအုံသစ် နေရာဝန်းကျင်တို့မှ ခြုံနွယ်များကို ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းစသည့် သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## စပါး တိုက်ရိုက်မျိုးစေ့ချစိုက်ခင်းများတွင် အပင်ပြုစုခြင်းနည်းပညာအကြောင်း ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁**
နေပြည်တော် ဇေယျာသီရိမြို့နယ် မအူတော Knowledge Center ၌ စပါး တိုက်ရိုက်မျိုးစေ့ချစိုက်ခင်းများတွင် အပင်ပြုစုခြင်းနည်းပညာအကြောင်း ဆွေးနွေးပွဲကို နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဇူလိုင် ၃၀ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်ဦးကြိုင်က စပါးမျိုးစေ့ချစိုက်ခင်းများတွင် အပင်ပြုစုခြင်း နည်းပညာအကြောင်းကို ဆွေးနွေးပြောကြားပြီး နေပြည်တော် တိုင်းစိုက်ပျိုးရေးရုံးမှ ဒေါ်လဲ့လဲ့ဝင်းက တောင်သူများအတွက် စပါးမျိုးစေ့ ရွေးချယ်ပုံနှင့် ပျိုးပင် အဆင့်အဆင့်အကြောင်းကိုလည်းကောင်း၊ တိုင်းစိုက်ပျိုးရေးရုံး အပင်ပိုးမွှားရောဂါ ကာကွယ်ရေးဌာနမှ ဒေါ်ဝေဇင်ဖြိုးက စပါးပင်များ ပိုးမွှားကင်းစင်ရေးအတွက် မြေသြဇာအသုံးပြုပုံများကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကံဝင်းက တောင်သူများအား ရွက်ဖျန်းအားဆေး ဓာတ်မြေသြဇာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## မိုးညှင်းမြို့မစျေး ဆိုင်ကယ်ရပ်နားနေရာပြောင်းရွှေ့ရန်ကိစ္စ မီဒီယာရှင်းလင်း

**မိုးညှင်း ဩဂုတ် ၁**
ကချင်ပြည်နယ် မိုးညှင်းမြို့ မြို့မစျေးတောင်ဘက်ရှိ ဆိုင်ကယ်ရပ်နား နေရာပြောင်းရွှေ့ပေးရန်ကိစ္စနှင့် ပတ်သက်၍ နစ်နာသူအိမ်ရှင်နှင့် အိမ်ဆိုင်ပိုင်ရှင်များ၊ မြို့နယ်စည်ပင်သာယာဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြို့နယ်သတင်းထောက်အဖွဲ့ဝင်များနှင့် မိုးညှင်းမြို့နယ် စည်ပင်သာယာရုံး၌ ဇူလိုင် ၂၉ရက်က တွေ့ဆုံ၍ ရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် ဆိုင်ကယ်ရပ်နားနေရာကြောင့် ထိခိုက်နစ်နာမှုရှိနေသော အိမ်ရှင်နှင့် ဆိုင်ရှင်များက အဆိုပါဆိုင်ကယ်ရပ်နားနေရာကို ဖယ်ရှားပေးစေလိုကြောင်း



မြို့နယ်စည်ပင်သာယာသို့ အကြံပြုတင်ပြကြသည်။ "ပုဂ္ဂလိက ဆိုင်ကယ်ရပ်နားနေရာလိုင်စင်ယူထားတဲ့အဖွဲ့ကို ဒီနေရာကနေ လုံးဝဖယ်ရှားပေးစေချင်ပါတယ်" ဟု အိမ်ရှင်နှင့် စျေးဆိုင်ပိုင်ရှင်တစ်ဦးဖြစ်သည့် ဦးထွန်းမြင့်နောင်က ပြောသည်။ ဒေသခံများအနေဖြင့် အမှတ်(၁)စည်ပင်သာယာစျေးကို အဆင့်မြင့် နှစ်ထပ်သို့မဟုတ် သုံးထပ်ဆောက် ရန်အတွက် သက်ဆိုင်ရာသို့ တင်ပြထားပြီးဖြစ်ကြောင်းနှင့် အဆင်မြင့်စျေးသစ်ကြီးကို တည်ဆောက်ပေးပြီး ကားပါကင်နှင့် ဆိုင်ကယ်ရပ်နားနေရာများကို မြေညီထပ်တွင် နေရာပေးထားရန်လည်း တင်ပြထားကြောင်း သိရသည်။

မိုးညှင်းမြို့နယ် စည်ပင်သာယာဥက္ကဋ္ဌ ဦးဇော်ဝင်းလေးက "စျေးတောင်ဘက်ခြမ်းမှာ ဆိုင်ကယ်ရပ်နားနေရာ ထားခြင်းအားဖြင့် လမ်းသွားလမ်းလာတွေအတွက် ထိခိုက်စေနိုင်သလို မလိုလားအပ်တဲ့ ပြဿနာတွေလည်း ဖြစ်စေနိုင်ပါတယ်ဆိုတာမှန်ပါတယ်။ စည်ပင်သာယာစျေးဆိုတာကလည်း ဆိုင်ကယ်စတင်းမရှိလို့ မဖြစ်ပါဘူး။ ဒီအတွက်နဲ့ မြို့နယ်စည်ပင်သာယာစျေးကို နေရာအသစ်ကို ပြောင်းရွှေ့ဖို့ဆိုတာလည်း မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဆိုင်ကယ်စတင်း လေလံဆွဲသူတွေ စည်းကမ်းတကျ လုပ်ကိုင်ကြဖို့ လိုအပ်ပါတယ်။ စည်းကမ်းဖောက်ဖျက်တာပဲဖြစ်ဖြစ် တစ်စုံတစ်ဦးက တိုင်ကြားခဲ့လို့ စည်းကမ်းဘောင်နဲ့ မညီညွတ်ခဲ့တာမှန်ရင် ထိရောက်အောင် အရေးယူဆောင်ရွက်တာမျိုး လုပ်ဆောင်သွားမှာပါ"ဟု ပြောသည်။

မိုးညှင်းမြို့နယ် စည်ပင်မှ ၂၀၁၆ ခုနှစ်အတွင်း အခွန်ဝင်ငွေမှာ ကျပ်သိန်းပေါင်း ၅၂၇၀ ကျော်ရရှိကြောင်း၊ လိုင်စင်စီမံရရှိသော ဝင်ငွေမှာ ကျပ်သိန်းပေါင်း ၄၂၀၀ ကျော်ရှိပြီး အိမ်ခွန် ဆိုင်ခွန် ပုံကျစျေးသည်များမှရရှိသော စည်ပင်လိုင်စင်ခွန်မှာ ကျပ်သိန်းပေါင်းတစ်ထောင်ကျော်ရှိကြောင်း မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးဂျွန်စယ်က ပြောသည်။

**နီတိုး**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**တာပွန် ဩဂုတ် ၁**
ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် တာပွန်မြို့နယ်၌ မိုးရာသီကာလအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရန်အတွက် အသိပညာပေးဟောပြောပွဲကို မကျည်းပင်စုကျေးရွာအုပ်စု သပြေလှကျေးရွာ၌ ဇူလိုင် ၂၃ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် တာပွန်မြို့လျှပ်စစ်မှူး ဦးခင်မောင်ဌေးနှင့် ဝန်ထမ်းများက ကျေးရွာ မီးလင်းရေးကော်မတီဝင်များနှင့် ဒေသခံပြည်သူများအား လျှပ်စစ် အသုံးပြုလျှင် သတိပြုသင့်သည့်အချက်များကို ပညာပေးဟောပြောပြီး အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## စပါးဟောင်းစျေးကွက် အေးနေခြင်းနှင့် မိုးစပါးစိုက်ပျိုးစရိတ် အချိန်မီမရခြင်းကြောင့် စပါးစိုက်တောင်သူများ အခက်အခဲများစွာ ကြုံတွေ့နေရ

**ရေတာရှည် ဩဂုတ် ၁**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း စပါးဟောင်းစျေးကွက် အရောင်းအဝယ်အေးနေခြင်းနှင့် စိုက်ပျိုးစရိတ်ရရှိရန်ကြန့်ကြာနေခြင်းတို့ကြောင့် တောင်သူအချို့အနေဖြင့် မိုးရာသီစပါးစိုက်ပျိုးမည့်အချိန်တွင် လိုအပ်သော သွင်းအားစုများအတွက် ကုန်ကျစရိတ်များ ရရှိရန် ငွေကြေးအခက်အခဲများဖြင့် ကြုံတွေ့နေရကြောင်း သိရသည်။

မိုးရာသီ စပါးစိုက်ပျိုးရာတွင် ထွန်ယက်စရိတ်၊ အလုပ်သမားငှားရမ်းခများအပြင် သွင်းအားစုများဖြစ်သည့် မျိုးစပါး၊ လယ်ယာသုံး ဆေးမျိုးစုံ၊ ဓာတ်မြေသြဇာများအတွက် ကုန်ကျစရိတ်များစွာရှိရာ စိုက်ပျိုးစရိတ်ချေးငွေကို အချိန်မီထုတ်ချေး၍ မရသည့်အတွက် တောင်သူများအဖို့ ငွေကြေးအခက်အခဲများ ကြုံတွေ့နေရခြင်းဖြစ်ကြောင်း မှန်စီကျေးရွာနေ တောင်သူအချို့က ဆိုသည်။

"အခု မိုးစပါးစိုက်ဖို့အတွက် ထွန်စက်နဲ့ ထွန်ယက်ခတောင် ငါးသိန်းကျော်ရှိတယ်။ ခုထိ မပေးနိုင်သေးဘူး။ နောက်စိုက်ပျိုးစရိတ်ချေးငွေက ကိုယ့်မှာဘာအကြွေးမှမရှိဘူး။ အကြေပေးဆပ်ပြီးသား။ သုံးဦးတစ်တွဲထုတ်ထားတာ နှစ်ဦးက ကြေပြီ။ တစ်ဦးကျန်နေတာနဲ့ ကျန်တဲ့ကြွေးကျေတဲ့တောင်သူပါ ထုတ်မရဘူးဖြစ်နေတယ်"ဟု မှန်စီကျေးရွာနေ တောင်သူဦးတင်ဝင်းက ပြောသည်။

ထို့အတူပင် စပါးစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်စေရန်အတွက် ဓာတ်မြေသြဇာများကိုလည်း မဖြစ်မနေ ဝယ်ယူကြရကာ အကြွေးစနစ်ဖြင့် ဝယ်ယူသည့်အခါ အတိုးနှုန်းမှာ သုံးကျပ်တိုးပေး၍ ဝယ်ယူကြရသည့် အတွက် နှစ်စဉ်ရရှိသည့် စပါးရောင်းချရသောငွေများကို သွင်းအားစုအတွက် ရှင်းလင်းနေကြရပြီး အကြွေးသံသရာလည်နေကြကြောင်းလည်း တောင်သူအချို့က ပြောသည်။

ကျေးလက်ဒေသနေတောင်သူများအနေဖြင့် ထိုသို့အကြွေးသံသရာလည်နေခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခြင်းမရှိစေရန်အတွက် နိုင်ငံတော်အစီအစဉ်ဖြင့် ထုတ်ချေးပေးလျက်ရှိသော စိုက်ပျိုးစရိတ်ချေးငွေ၊ သမဝါယမချေးငွေများကို ချေးယူရာတွင် ထိုက်သင့်သလောက်သာ ချေးယူကြရန် လိုအပ်ကြောင်းနှင့် မိုးစပါး၊ နွေစပါးများ ရိတ်သိမ်းချွေလှေ့ပြီးသည့်အခါတွင်လည်း အဆိုပါချေးငွေများကို ဦးစားပေး၍ ပြန်လည်ပေးဆပ်ရန်လိုအပ်ကြောင်း တောင်သူအချို့၏ ပြောကြားချက်များအရ သိရသည်။

**ကိုလွင်(ဆွာ)**

## ချယ်လ်ဆီးက အလိုရှိနေတဲ့ အိုင့်ဟိုဗင်နောက်တန်းလူ အာရိယပ်စ်

ချယ်လ်ဆီးအသင်းဟာ ဘာဘာရာမန် နေရာကို အစားထိုးဖို့ ပီအက်စ်ဗွီ အိုင့်ဟိုဗင် နောက်တန်း ကစားသမား ဆန်တီယာဂို အာရိယပ်စ်ကို အလိုရှိနေတယ်လို့ ဆိုပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိ ကိုလံဘီယာနောက်တန်းကစားသမား အာရိယပ်စ်ဟာ နောက်တန်းကစားသမားအဖြစ် ဘယ်တောင်ပံ၊ ညာတောင်ပံ နှစ်မျိုးစလုံး ကစားနိုင်တဲ့သူဖြစ်ပါတယ်။ ချယ်လ်ဆီး နောက်တန်းကစားသမား ရာမန်ဟာ ဘွန်ဒက်စ်လီဂါကလပ် ရှော်လ်ကေးအသင်းကို ပြန်ရမယ့် ကစားသမားတစ်ဦးဖြစ်ပါတယ်။ ချယ်လ်ဆီးက သူ့ကို ရာသီကုန်သည်အထိ ရှော်လ်ကေးမှာ အငှားချထားခဲ့တာပါ။ အငှား ကစားသမားအဖြစ်ကနေ ရှော်လ်ကေးကို အပြီးပြန်ရဖွယ်ရှိနေပါတယ်။ အသက် ၂၂ နှစ်အရွယ်ရှိ ဘာဘာရာမန်ဟာ ၂၀၁၆ ခုနှစ် နွေရာသီက ပေါင်သန်း ၂၀ နဲ့ ပြောင်းလာပြီးနောက် ပြီးခဲ့တဲ့ရာသီက ချယ်လ်ဆီးအတွက် ၁၅ ပွဲသာ ကစားပေးနိုင်ခဲ့ပါတယ်။ အာရိယပ်စ်ဟာ ပြီးခဲ့တဲ့နှစ်က ပီအက်စ်ဗွီအိုင့်ဟိုဗင်အသင်းအတွက် ၃၂ ပွဲ ပါဝင်ကစားခဲ့ပြီး သုံးဂိုး သွင်းယူခဲ့ပါတယ်။ သူဟာ ၂၀၁၃ ခုနှစ်က ပါရာဂွေးနဲ့ပွဲမှာ စတင် ပါဝင်ကစားခဲ့ပြီး ကိုလံဘီယာအသင်းမှာ ၂၇ ပွဲ ပါဝင်ကစားခဲ့ပါတယ်။



## ဝက်စ်ဟမ်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ ဆွမ်ဆီးတိုက်စစ်မှူး အင်ဒရီအာယော

ဝက်စ်ဟမ်းအသင်းနည်းပြ ဆလေဗင် ဘီလစ်ဟာ ဆွမ်ဆီးတိုက်စစ်မှူး အင်ဒရီအာယောကို ပေါင်သန်း ၂၀ နဲ့ ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။ လိုင်ယွန် တိုက်စစ်မှူး လက်ကာဇတ်တီကို လုပ်ခလစာပုံအောပေးပြီး ခေါ်ယူမှုကို လိုင်ယွန်က ငြင်းပယ်လိုက်ပြီးနောက် အာယောကို ခေါ်ယူဖို့ ဘီလစ်က ဆုံးဖြတ်လိုက်တယ်လို့ ဆိုပါတယ်။ ဝက်စ်ဟမ်းအသင်းအနေနဲ့ ဂါနာတိုက်စစ်မှူး အာယောကို ပေါင် ၁၆ သန်းနဲ့ အရခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ ဆိုပါတယ်။ သို့သော်လည်း ဆွမ်ဆီးက အလိုရှိတဲ့အတိုင်း ပေါင်သန်း ၂၀ အပြည့်အဝပေးပြီး ခေါ်ယူရဖွယ်ရှိနေပါတယ်။ တိုက်စစ်မှူး အာယောဟာ ပြီးခဲ့တဲ့ ရာသီက ဆွမ်ဆီးအတွက် ၁၂ ဂိုးသွင်းယူပေးခဲ့သူဖြစ်ပါတယ်။ ဝက်စ်ဟမ်းအနေနဲ့ အာယောကို အရခေါ်ယူနိုင်မယ်ဆိုရင်တော့ လာမယ့်ရာသီမှာ အဓိက ကစားသမားတစ်ဦးဖြစ်လာနိုင်ပါတယ်။ အာယောဟာ ရာသီအကြိုပွဲတွေမှာတော့ ဆွမ်ဆီးအသင်းနဲ့အတူ ဥရောပခရီးစဉ်တွေမှာ သွားရောက်ကစားနေပါတယ်။ အာယောဟာ အရည်အချင်းပြည့်ဝတဲ့ တိုက်စစ်မှူးဖြစ်လို့ လင်းလက်တောက်ပလာမယ့် ကစားသမားတစ်ဦးလို့ ဆိုနိုင်ပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်။



# ချန်ပီယံလိဂ် တတိယအဆင့် ခြေစစ်ပွဲ ဒုတိယအကျော့မှာ အသင်းကြီးတွေ နောက်တစ်ဆင့် တက်လှမ်းနိုင်ပါ့မလား

ချန်ပီယံလိဂ် တတိယအဆင့် ခြေစစ်ပွဲ ဒုတိယအကျော့ ပွဲစဉ်တွေကို ဩဂုတ် ၃ ရက်မှာ ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်တွေမှာ စတူအာဘူခါရက်၊ ရှက်တာဒိုးနက်နဲ့ အေပိုးအသင်းတွေရဲ့စွမ်းဆောင်မှုဟာ ဘယ်လောက်ကောင်းမွန်ပြီး နောက်တစ်ဆင့်ကို တက်လှမ်းနိုင်တဲ့အထိ အားထုတ်နိုင်ကြမလား ဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ နောက်ဆုံးအဆင့် ပွဲစဉ်တွေမှာ ပါဝင်ဆင်နွှဲနိုင်ဖို့ဆိုတာ ဒီပွဲစဉ်တွေမှာ ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားမှ ရပါလိမ့်မယ်။

### ယန်းဘွိုင်းနှင့် ရှက်တာဒိုးနက်

ပထမအကျော့ ပွဲစဉ်မှာ ယန်းဘွိုင်းတို့ နှစ်ဂိုးပြတ်နဲ့ ရှုံးထားတာမို့ အခုပွဲအိမ်ကွင်းမှာ အနိုင်ရဖို့ ခြေကုန်ဖွင့်မှာဖြစ်ပေမယ့် ရှက်တာဒိုးနက်တို့ကို နိုင်ဖို့မလွယ်လောက်ပါဘူး။ ဆွစ်ဇာလန်လိဂ်ကလပ် ယန်းဘွိုင်းဟာ ခံစစ်ပိုင်း အားနည်းပြီး ပြိုင်ဘက်တိုက်စစ်မှူးတွေကို ထိန်းချုပ်ရာမှာ အမှားအယွင်းတွေရှိတတ်တာမို့ အခုပွဲမှာလည်း ရှက်တာဒိုးနက်တို့ပဲ နိုင်ပွဲရသွားဖို့များပါတယ်။ ရှက်တာဒိုးနက် တိုက်စစ်မှူးတွေဟာ အခက်အခဲကြားမှာ ဂိုးရအောင် သွင်းယူနိုင်သူတွေဖြစ်တာမို့ ဂိုးမပြတ်ပေမယ့် ညှေ့သည်တို့ပဲ နိုင်ပွဲရယူသွားပါလိမ့်မယ်။

### စတူအာဘူခါရက်နှင့် စပါတာပရပ်

ပထမအကျော့မှာ တစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ ဒီပွဲက အကြိတ်အနယ် ကစားကြမယ့်ပွဲပါပဲ။ ရိုမေးနီးယားကလပ် စတူအာဘူခါရက်တို့က တိုက်စစ်ရောခံစစ်ပါ ထူးခြားတဲ့ထက်မြက်မှုမရှိပါဘူး။ ချက်ကလပ် စပါတာပရပ်တို့က တိုက်စစ်ဖွင့်ကစားတတ်သလို ခံစစ်ပိုင်းကလည်း ကျစ်လစ်တောင့်တင်းပါတယ်။ စတူအာဘူခါရက်တို့ရဲ့ခံစစ်ကြောင်းက ပြိုင်ဘက်တိုက်စစ်မှူးတွေကို ဟန့်တားထိန်းချုပ်ရာမှာ ကျွမ်းကျင်သူတွေဖြစ်တာကြောင့် အခုပွဲဟာ အိမ်ရှင်တို့ အလေးသာမှု ရှိနေပြီး နောက်တစ်ဆင့်တက်ရေး အခြေအနေကောင်းသွားနိုင်ပါတယ်။

### ဆဲလ်ဘတ်နှင့် တီရာနာ

ပထမအကျော့မှာ ဩစတြီးယားကလပ်ဆဲလ်ဘတ်တို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရခဲ့ပါတယ်။ ဆဲလ်ဘတ်တို့က ဩစတြီးယားလိဂ်မှာတော့ ချန်ပီယံဖြစ်ပြီး ဂိုးသွင်းအားကောင်းတဲ့ တိုက်စစ်မှူးတွေ ပိုင်ဆိုင်ထားပါတယ်။ တီရာနာတို့ကလည်း အယ်လ်ဘေးနီးယားလိဂ်မှာတော့ ပြီးခဲ့တဲ့နှစ်က ဒုတိယရရှိခဲ့တဲ့ အသင်းဖြစ်တာမို့ လျှော့တွက်လို့မရပါဘူး။ တိုက်စစ်မှာ ဆဲလ်ဘတ်တို့ကသာလွန်ပြီး ခံစစ်ပိုင်းမှာတော့ တီရာနာတို့က ပိုပြီး ကောင်းမွန်တာတွေ့ရပါတယ်။ ဒါပေမယ့် အိမ်ရှင်ဖြစ်တဲ့ ဆဲလ်ဘတ်တို့ ဒီပွဲမှာ အနိုင်ရပြီး နောက်တစ်ဆင့် တက်လှမ်းသွားပါလိမ့်မယ်။

### အေပိုးနှင့် ရိုဆင်ဘော့

အေပိုးတို့ဟာ ပထမအကျော့ပွဲစဉ်မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တာမို့ အခုပွဲမှာ ရှုံးကြွေးဆပ်ပြီး နိုင်ပွဲရနိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ ဆိုက်ပရပ်ကလပ် အေပိုးဟာ တိုက်စစ်မှူးကောင်းတွေရှိနေပြီး ဂိုးသွင်းအားလည်း ကောင်းပေမယ့် ပြီးခဲ့တဲ့ ပထမအကျော့ပွဲစဉ်မှာတော့ ကစားသမားမစုံခဲ့ပါဘူး။ ခံစစ်ပိုင်း ထူးထူးခြားခြား ကောင်းမွန်တဲ့ အေပိုးတို့ အခုပွဲအိမ်ကွင်းမှာ ကစားမှာမို့ အားထည့်ပါလိမ့်မယ်။ ရိုဆင်ဘော့တို့ကလည်း နော်ဝေလိဂ်မှာတော့ ပြိုင်ဘက်အသင်းတွေကို ပညာပေးနေတဲ့ အသင်းဖြစ်ပြီး နိုင်ပွဲဆက်အောင် ကစားနိုင်တဲ့ အသင်းဖြစ်ပါတယ်။ ရိုဆင်ဘော့ရဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် နော်ကိုပင်၊ ဟူဂီဆောင်နဲ့ အေပိုးတို့ကို ဆက်တိုက်နိုင်ပွဲတွေရအောင် ကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် အိမ်ကွင်းမှာဆိုရင် ပြိုင်ဘက်တွေကို နိုင်အောင်ကစားနိုင်တဲ့ အေပိုးရဲ့စွမ်းဆောင်မှုကို ရိုဆင်ဘော့တို့ ကြာရှည်ထိန်းချုပ်လို့မရနိုင်ပါဘူး။ အိမ်ရှင်အေပိုးတို့ပဲ အနိုင်ကစားပြီး နောက်တစ်ဆင့်တက်သွားနိုင်မယ်လို့ ယူဆပါတယ်။ ။

မိုးမြင့်လင်းလက်

## ရှော်လ်ကေးတိုက်စစ်မှူး လီရွိုင်းဆိန်းကို မန်စီးတီးက ခေါ်ယူဖို့ နီးစပ်လာ

ဂျာမနီ ဘွန်ဒက်စ်လီဂါကလပ် ရှော်လ်ကေးအသင်းရဲ့ တောင်ပံတိုက်စစ်မှူး လီရွိုင်းဆိန်းကို မန်စီးတီးက ခေါ်ယူဖို့ နီးစပ်လာပါတယ်။ မန်စီးတီးနဲ့ ရှော်လ်ကေးတို့ဟာ လီရွိုင်းဆိန်းရဲ့ပြောင်းရွှေ့ကြေးကို ကနဦး သဘောတူညီချက်အရ ပေါင် ၃၁ ဒသမ ၂ သန်းနဲ့ အပြောင်းရွှေ့ဖြစ်လာနိုင်ပါတယ်။ မန်စီးတီးကို အပြီးသတ် စာချုပ်ပြောင်းရွှေ့ခြင်း မတိုင်မီ လီရွိုင်းဆိန်းက ‘နှုတ်ဆက်ခဲ့ ပါတယ် ရှော်လ်ကေး’ လို့ ပြောဆိုနေပြီဖြစ်ပါတယ်။ ရှော်လ်ကေး ကစားဖော်တွေကို နှုတ်ဆက်ပြီး မန်ချက်စတာမြို့ကို ထွက်ခွာဖို့ ပြင်ဆင်နေပြီလို့ သူကဆိုပါတယ်။ ကျွန်တော့်အနေနဲ့ မန်စီးတီးကို ပြောင်းချင်နေတာ ကြာခဲ့ပါပြီ။ မကြာမီမှာ ဆန္ဒပြည့်ဝတော့မှာ ဖြစ်ပါတယ်လို့ တောင်ပံတိုက်စစ်မှူး လီရွိုင်းဆိန်းက ဆိုပါတယ်။ သို့ပေမယ့် ရှော်လ် ကေးကတော့ အသက် ၂၀ အရွယ်ရှိတဲ့ တိုက်စစ်မှူး လီရွိုင်းဆိန်းရဲ့ပြောင်းရွှေ့ကြေး ကို ပေါင်သန်း ၅၀ အထိ လိုချင်နေတယ်လို့ ဆိုပါတယ်။ မန်စီးတီးနည်းပြ ဂွာဒီယိုလာအနေနဲ့ အရည်အချင်းပြည့်ဝတဲ့ ဂျာမနီလူငယ်ကစားသမား လီရွိုင်းဆိန်းကို အကောင်းဆုံး တိုက်စစ်မှူးဖြစ်လာဖို့ ပံ့ပိုးမှုတွေ ပြုလုပ်သွားဖွယ်ရှိနေပါတယ်။



# အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်းမှ ရဲတပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဝန်ဆောင်မှုကို ရှေးရှုသောရဲလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၁ ရက် နံနက် ၇ နာရီခွဲမှ ၁၀ နာရီ ၅ မိနစ်ထိ မန္တလေးတိုင်းဒေသကြီး အမှတ် (၁) ရဲလေ့ကျင့်ရေးကျောင်း (ရမည်းသင်း) မှ ကျောင်းအုပ်ကြီး ဒုတိယ ရဲမှူးကြီး ကျော်မိုး ဦးစီးသည့် တပ်ဖွဲ့ဝင်များက ရမည်းသင်းခရိုင်ပြည်သူ့ဆေးရုံကြီး ဝင်းအတွင်း၌ သန့်ရှင်းရေးများ ပြုလုပ်ဆောင်ရွက်ခြင်း၊ ချုံနွယ်၊ မြက်ပင်များ ရှင်းလင်းခြင်းတို့ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

**သံတွဲ ဩဂုတ် ၁**

သံတွဲမြို့နယ် ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက ဇူလိုင် ၂၈ ရက်က ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်မှတ်တမ်းများ၊ ဥပဒေ၊ နည်းဥပဒေ စာအုပ်များ၊ လွှတ်တော်ဂျာနယ်နှင့် အခြားသုတ၊ ရသစာအုပ် စုစုပေါင်း ၁၆၄ အုပ်တို့ကို လာရောက်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးမြင့်ရွှေက လက်ခံယူခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## သံဃာတော်များအားကျမ်းစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများ လှူဒါန်း

**ဇီးကုန်း ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်လုံးဆိုင်ရာ ဓမ္မရက္ခိတအသင်းကြီးမှ မြို့နယ်အတွင်းရှိ စာသင်၊ စာချလျက်ရှိသည့် သောတုဇနေအရှင်သူမြတ်များအား ဇူလိုင် ၂၈ ရက်တွင် စာပေကျမ်းဂန်များနှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့လှူဒါန်းသည့်အခမ်းအနားကို ရတနာသီရိလမ်းဓမ္မရိပ်သာကျောင်းတိုက်ရှိ သီရိရတနာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့ပေါ်စာသင်တိုက်များ၌ ပညာသင်ကြားလျက်ရှိကြသော မူလတန်း ၁၅ ပါး၊ အငယ်တန်းကိုးပါး၊ အလတ်တန်းကိုးပါး၊ ပထမကြီးတန်း ၁၀ ပါး၊ ဓမ္မာစရိယတန်းခြောက်ပါး စုစုပေါင်း ၄၉ ပါးတို့အတွက် စာပေသင်ကြားရာတွင် သင်ထောက်ကူပစ္စည်းများနှင့် စာအုပ်စာတမ်းများ အခက်အခဲမဖြစ်စေရန်အတွက် ရည်ရွယ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# သဖန်းဆိပ်ဆည်ရေဖြင့် မိုးစပါးကေပေါင်း လေးသိန်းခွဲနီးပါး စိုက်ပျိုးမည်

**ရေဦး ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါး လျာထားကေပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေအလုံအလောက် ရေပေးဝေသွားနိုင်စေရန် တူးမြောင်းနှင့်တူးမြောင်း အဆောက်အအုံများ ကြံ့ခိုင်မှုရှိ မရှိနှင့် မြောင်းပေါင်လမ်းများ ကောင်းမွန်မှုရှိ မရှိကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်တို့က ဇူလိုင် ၉ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းလွင်ဦးက သဖန်းဆိပ်ဆည်ရေဖြင့် မိုးစပါးပျိုးထောင်ရေပေးဝေနေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ရွှေဘိုခရိုင်တွင် မိုးစပါးကေ ၆၈၆၀၃၀ စိုက်ပျိုးမည်ဖြစ်ပြီး သဖန်းဆိပ်ဆည်ရေဖြင့် မိုးစပါး ၄၃၉၉၈၈ ကေ စိုက်ပျိုးမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**သန်းထိုက်(ရေဦး)**



## ကျေးရွာမြေငှားဂရန် ကွင်းဆင်းထုတ်ပေး

**ဖြူး ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ရွာတန်းရှည်ကျေးရွာအုပ်စု ငုက်ကြီးသိုက်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲကို ဇူလိုင် ၃၀ ရက်က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်က ကျေးရွာမြေငှားဂရန်များ ထုတ်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဖြူးမြို့နယ် ရွာတန်းရှည်အုပ်စု ငုက်ကြီးသိုက်ရွာမှာ ရွာမြေ ၆ ဒသမ ၉၃၁ ကေနှင့် လယ်ကျူးမြေ ၆ ဒသမ ၈၈ ကေပေါ်တွင် တည်ဆောက်နေထိုင်သော အိမ်ခြေပေါင်း ၅၅ အိမ်ရှိပြီး အိမ်ထောင်စု ၂၈ စုတို့အား ကျေးရွာ မြေငှားဂရန်စာချုပ်များကို ခရိုင်ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အိမ်ထောင်ဦးစီးများအား တစ်ဦးချင်းပေးအပ်ကြပြီး ငုက်ကြီးသိုက် ကျေးရွာနေ ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

## မြစိမ်းရောင် စီမံကိန်းများ တိုးချဲ့ဖွဲ့စည်း

**နောင်ချို ဩဂုတ် ၁**

ကျေးလက်နေဒေသခံတိုင်းရင်းသားပြည်သူများ အလုပ်အကိုင်အခွင့်အရေးရရှိစေရေး၊ ဆင်းရဲမှုလျှော့ချရေး၊ ကျေးရွာဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် နောင်ချိုမြို့နယ် သံဘိုကျေးရွာအုပ်စုအပါအဝင် ကျေးရွာ ၁၄ ရွာသို့ ဇူလိုင် ၂၉ ရက်က မြို့နယ်ဦးစီးဌာန ဦးစီးမှူးနှင့်အဖွဲ့တို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

## စီမံကိန်းပိတ်ပွဲအခမ်းအနားကျင်းပ

**လှိုင်းဘွဲ့ ဩဂုတ် ၁**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် Malteser Internationalနှင့် ADRA (မြန်မာ)တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မှုဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ခုနှစ်အထိ ဆောင်ရွက်ပြီးစီးခဲ့သော ဥရောပသမဂ္ဂရန်ပုံငွေဖြင့် ကျင်းပသော စီမံကိန်းလုပ်ငန်းများပြီးစီးသည့် ပိတ်ပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက် ၁၀နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးက အမှာစကားပြောကြားခြင်း၊ မြို့နယ်ကုသရေးဦးစီးမှူး(ကိုယ်စား)ကျန်းမာရေးမှူး-၁ ဒေါ်အဲမွှိက ကျန်းမာရေးနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခြင်း၊ Malteser International စီမံကိန်းမန်နေဂျာ ဒေါက်တာစိုးနိုင်က စီမံကိန်းကာလအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအကြောင်း၊ အားသာချက်၊ အားနည်းချက်များ၊ ပြုပြင်သင့်သည့် အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ဆင်ဖြူချပ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ဗလာစာအုပ်များ လှူဒါန်း

**ကျောက်ဆည် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ပတ္တာအုပ်စု မြင်စိုင်းရပ်ကွက်ရှိ ဆင်ဖြူချပ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ဇူလိုင် ၂၈ ရက်က တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြဒွေးဝင်းနှင့် အဖွဲ့ဝင်များသည် စာသင်သားများလိုအပ်လျက်ရှိသောဗလာစာအုပ် ဒါဇင် ၁၀၀ ကို ကျောင်းထိုင် ဆရာတော် အရှင်စိန္တဝရထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးအမျိုးသမီးရေးရာဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘုန်းတော်ကြီးကျောင်းမှ လက်မှုပညာအဖြစ် ဖွင့်လှစ်သင်ကြားပေးသော စက်ချုပ်သင်တန်းနှင့် ရက်ကန်းလုပ်ငန်းများကို ကြည့်ရှုလေ့လာအားပေးပြီး လုပ်ငန်းအတွက် သုံးရန် အလှူငွေနှင့် ဗုဒ္ဓဆင်းတုတော်တစ်ဆူ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဆင်ဖြူချပ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသည် ၂၀၀၈ ခုနှစ် နိုဝင်ဘာလမှ စတင်ဖွင့်လှစ်တည်ထောင်ခဲ့သော ကျောင်းတစ်ကျောင်းဖြစ်ပြီး ယခုနှစ်တွင် ကျောင်းသား ကျောင်းသူ ၃၀၀၀ ခန့် တက်ရောက်ပညာသင်ယူလျက်ရှိပြီး ကျောင်းအိပ်ကျောင်းစား ၆၀၀ ကျော်ရှိကာ ကိုရင်ဝတ် ပညာသင်ကျောင်းသား ၁၀၀ နှင့် သီလရှင်ဝတ် ကျောင်းသူ ၉၈ ဦးရှိကြောင်းလည်း ကျောင်းထိုင်ဆရာတော်၏ ပြောကြားချက်အရ သိရသည်။

**သက်မောင် (ကျောက်ဆည်)**

## မြစိမ်းရောင်စာရင်းဇယားများကို ကွင်းဆင်းစစ်ဆေး

**သုံးခွ ဩဂုတ် ၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ မိသားစုဝင်ငွေတိုးပွားစေရန်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြစိမ်းရောင်ကျေးရွာတစ်ရွာဖြစ်သော ကံမြင့်ကျေးရွာသို့ သန်လျင်မြို့ တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးကြူနှင့် ဝန်ထမ်းအဖွဲ့က ဇူလိုင် ၂၇ ရက်တွင်ကွင်းဆင်း၍ ကျေးရွာမြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံ၍ မြစိမ်းရောင်စာရင်းဇယားများအမှားအယွင်းမရှိ၊ မှန်ကန်မှုရှိစေရန် တည့်မတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် မြစိမ်းရောင်ချေးငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင် ၁၉၈ ဦး၊ မွေးမြူရေးလုပ်ငန်းတွင် ၈၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းတွင် ၂၁ ဦး၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ၂၇ ဦး စုစုပေါင်း ၃၂၉ ဦးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## မြစိမ်းရောင်ရန်ပုံငွေနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

**ဂွ ဩဂုတ် ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ မြစိမ်းရောင်ကျေးရွာစီမံကိန်း ခြောက်ရွာကို ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းအပ်နှံခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်းကို ဇူလိုင် ၂၇ ရက်က မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**




**ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ သာကေတမြို့နယ် အမှတ်(၇)အရှေ့ရပ်ကွက်ရှိ အထူးကုဆေးရုံသို့ ဇူလိုင် ၂၉ ရက်က ဆန်နှင့် အာဟာရပြည့် အစားအစာများပေးအပ်လှူဒါန်းစဉ်**

တင်ဝင်းလေး(ကြည့်မြင်တိုင်)

**ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

# စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်နှင့် လူ့အခွင့်အရေး

**ဒေါက်တာခိုင်ခိုင်ဝင်း**

၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ လုပ်ငန်းစဉ် (The 2030 Agenda for Sustainable Development) ကို ကုလသမဂ္ဂအထွေထွေညီလာခံမှ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ တညီတညွတ်တည်း သဘောတူညီမှုဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါလမ်းစဉ်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် ( Sustainable Development Goals- SDGs) ၁၇ ခုနှင့် ရည်မှန်းချက်ပေါင်း ၁၆၉ ခုပါရှိသည်။ ရည်မှန်းချက်များအား အကောင်အထည်ဖော်ရာတွင် တိုင်းတာမည့် ညွှန်းကိန်းပေါင်း ( Indicators) ၂၃၀ ရှိပါသည်။ အဆိုပါလုပ်ငန်းစဉ်အား ကမ္ဘာတစ်ဝန်းတွင် အကောင်အထည်ဖော်ရန်မှာ ၂၀၁၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ၁၅ နှစ်တာ ဖြစ်ပါသည်။

လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတွင် မရှိမဖြစ် လိုအပ်လာပြီဖြစ်ကြောင်းကို ၂၀၃၀ လုပ်ငန်းစဉ် ကြေညာချက်တွင် လူ့အခွင့်အရေးစကားလုံးအား (၁၂) ကြိမ်တိတိဖော်ပြထားသည်ကို ကြည့်ရှုခြင်းဖြင့်သိရှိနိုင်ပါသည်။ နိဒါန်းပိုင်းတွင် တစ်ကြိမ်၊ အပိုဒ် ၃၊၈၊၁၀ တို့တွင် တစ်ကြိမ်စီ၊ အပိုဒ်၁၉ တွင် နှစ်ကြိမ်နှင့် အပိုဒ် ၂၀၊ ၂၉၊ ၃၅၊ ၅၉ ၏ ၄ ဒသမ ၇၊ ၆၇ နှင့် ၇၄ ၏ (c) တို့တွင်ဖော်ပြထားသည်ကို လေ့လာသိရှိရပါသည်။ ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်တွေမှာ လူ့အခွင့်အရေးက ပဓာနကျလာတာကို အဆိုပါလုပ်ငန်းစဉ်ကြေညာချက်က သက်သေပြနေသလို ကမ္ဘာ့နိုင်ငံခေါင်းဆောင်များကလည်း အဆိုပါကြေညာချက်ကို ထောက်ခံအတည်ပြုခြင်းအားဖြင့် လူ့အခွင့်အရေး အခြေခံသဘောတရားများသည် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် မရှိမဖြစ်ပါဝင်နေခြင်းကို ထောက်ခံအတည်ပြုခြင်းဟု ဆိုနိုင်ပါသည်။

ကြေညာချက်၏နိဒါန်းပိုင်းတွင် လူသားတိုင်း၏လူ့အခွင့်အရေးကို အသိအမှတ်ပြုနိုင်ရေး ကြိုးပမ်းရှာဖွေရန်ဟု လည်းကောင်း၊ အပိုဒ်(၃)တွင် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်နှင့် ကျား/မတန်းတူရှိစေရေးကို မြှင့်တင်ရန်ဟု လည်းကောင်း၊ အပိုဒ်(၈)တွင် လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာကို လေးစားသော ကမ္ဘာကြီးဖြစ်ပေါ်လာရေး မျှော်မှန်း၍ဟုလည်းကောင်း၊ အပိုဒ်(၁၀)တွင် ယခုလုပ်ငန်းစဉ်အသစ်သည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များကို အခြေပြုထားခြင်းဖြစ်သည် ဟုလည်းကောင်း၊ အပိုဒ်(၁၉) တွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များ၏ အရေးပါမှုကို ထပ်လောင်းအတည်ပြု၍လည်းကောင်း၊ အပိုဒ်(၂၀)တွင် လူသားတို့၏ လူ့အခွင့်အရေးနှင့် အခွင့်အလမ်းများကို အပြည့်အဝခံစား၍ မရအောင်ငြင်းပယ်ခံရခြင်းများရှိခဲ့ပါက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကိုရရှိခံစားနိုင်မည်မဟုတ် ဟူ၍လည်းကောင်း၊ အပိုဒ်(၂၉) တွင် ရွှေ့ပြောင်းနေထိုင်သူများ၊ နိုင်ငံရေးခိုလှုံသူများ၊ ရွှေ့ပြောင်းခံရသူများ၏ လုံခြုံရေးနှင့် ကောင်းမွန်စွာ စနစ်တကျနေထိုင်ရေးတို့ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးကို အပြည့်အဝလေးစားရန် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မည်ဟုလည်းကောင်း၊ အပိုဒ်(၃၅) တွင် လူ့အခွင့်အရေးလေးစားမှုကို အခြေခံ၍ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ဖြင့် ငြိမ်းချမ်း၍ တရားမျှတပြီး အားလုံးအကျုံးဝင်ပါဝင်သည့် လူမှုအဖွဲ့အစည်းတည်ဆောက်ရန်လိုအပ်မှုကို ဤကြေညာချက်အသစ်မှ အသိအမှတ်ပြု၍ ဟုလည်းကောင်း၊ အပိုဒ်(၅၉)ပန်းတိုင် (၄) ၏ ရည်မှန်းချက် ၄ ဒသမ ၇ တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုနှင့် စဉ်ဆက်မပြတ် လူနေမှုဘဝတို့အတွက် လူ့အခွင့်အရေး၊ ကျား/မ တန်းတူရှိရေး၊ ငြိမ်းချမ်းရေး၊ အကြမ်းမဖက်ရေးစသည့် အသိပညာများကို အသိပညာပေးလုပ်ငန်းများမှ လေ့လာဆည်းပူးသူအားလုံးသည် ၂၀၃၀ ပြည့်နှစ်တွင် လိုအပ်သည့် ဗဟုသုတများ၊ ကျွမ်းကျင်မှုများကို သိရှိနားလည်ပြီးဖြစ်ရန်အတွက် သေချာအောင် ဆောင်ရွက်ရန်ဟုလည်းကောင်း၊ အပိုဒ်(၆၇) တွင် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်အခြေခံမှုများ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၏ အလုပ်သမားအဆင့်အတန်းများ၊ အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့် နိုင်ငံအများမှ သဘောတူညီထားသည့် ပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်များအတိုင်း အလုပ်သမားများ၏ အခွင့်အရေး၊ ပတ်ဝန်းကျင်နှင့် ကျန်းမာရေးအဆင့်အတန်းများကို ကာကွယ်စောင့်ရှောက်ရင်း စီးပွားရေးလုပ်ငန်းများ ကောင်းမွန်စွာ လုပ်ကိုင်နိုင်ရေး မြှင့်တင်ဆောင်ရွက်သွားမည်ဟူ၍လည်းကောင်း၊ အပိုဒ်(၇၄)(c) တွင်အကောင်အထည်ဖော်မှုနောက်ဆက်တွဲ သုံးသပ်ချက်လုပ်ငန်းစဉ်များသည် ပြည်သူလူထုဗဟိုပြု၊ ကျား /မ တန်းတူရှိမှု၊ လူ့အခွင့်အရေးကို လေးစားရန်နှင့် အထူးသဖြင့် အဆင်းရဲဆုံး၊ ထိခိုက်ရှလွယ်မှုအများဆုံးနှင့် ချန်ထားခံခဲ့ရသူများကို ဗဟိုပြုဆောင်ရွက်ရမည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ယနေ့ကမ္ဘာကြီးသည် စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးမှုကို လူသားတို့ရဲ့ ပျော်ရွှင်မှု၊ ငြိမ်းချမ်းမှု၊ တရားမျှတမှု၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှု ၊ လူ့အခွင့်အရေး အပြည့်အဝခံစားမှု စတာတွေနဲ့ တိုင်းတာရမယ်ဆိုတာကို ယုံကြည်လာကြပြီဆိုတာ ယနေ့ချမှတ်လိုက်တဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များကို ကြည့်ခြင်းအားဖြင့် သိနိုင်မည်ဖြစ်ပါသည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်ပါ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များကို အကောင်အထည်ဖော်ရန်အတွက် ကမ္ဘာ့နိုင်ငံများသည် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် စီမံချက်များအား အကောင်အထည်ဖော်ရေးဆွဲရတော့မည်ဖြစ်သည်။

ထိုသို့ရေးဆွဲရာတွင် ပြည်သူလူထုကိုဦးစားပေးပြီး ပြည်သူလူထုဗဟိုပြု၊ လူ့အခွင့်အရေးအခြေပြု ချဉ်းကပ်မှုလမ်းစဉ်များဖြင့် ဖွံ့ဖြိုးရေးတွေကို ဆောင်ရွက်ရမှာဖြစ်ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းကိုသာ ပဓာနထားပြီး ပြည်သူလူထုကို ချန်ထားခဲ့တာမျိုးမဖြစ်စေရပါ။ အကြောင်းမှာ ပြည်သူလူထုမှာ ၎င်းတို့နိုင်ငံ၏ လူမှုရေး၊ နိုင်ငံရေးနဲ့ စီးပွားရေးဖြစ်စဉ်တွေမှာ အပြည့်အဝပါဝင်နိုင်တဲ့ အခြေခံလူ့အခွင့်အရေးများ ရှိနေသောကြောင့် ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်၏ မျှော်မှန်းချက်တွင် လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာကိုလေးစားမှုရှိပြီး တရားဥပဒေစိုးမိုးမှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ ခွဲခြားမှု မရှိရေးတို့နှင့်လူမျိုး၊ မျိုးနွယ်စု၊ ယဉ်ကျေးမှု ကွဲပြားခြင်းတို့ကို လေးစားပြီး လူသားအားလုံးတန်းတူညီမျှ အခွင့်အရေးရရှိရေးနှင့် အသီးအပွင့်အကျိုးအမြတ်များကို မျှဝေခံစားနိုင်သည့် ကမ္ဘာလောကကြီး ဖြစ်ပေါ်လာရေး မျှော်မှန်းပါသည်ဟု ရေးသားထားသည့်အတွက် ကမ္ဘာ့နိုင်ငံများမှ ၂၀၁၆ ခုနှစ် မှ ၂၀၃၀ ပြည့်နှစ်အထိ ၁၅ နှစ်တာကာလအတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဖွံ့ဖြိုးမှုပန်းတိုင်များကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် လူ့အခွင့်အရေးကို အသိအမှတ်ပြု၍ လူ့အခွင့်အရေး၏ အခြေခံသဘောတရားများဖြစ်သည့် တန်းတူညီမျှမှုနှင့် ခွဲခြားမှုမရှိရေးကို အခြေခံ၍ လူသားအားလုံး (ယောကျာ်းမိန်းမ၊သက်ကြီးသူ၊ ငယ်ရွယ်သူ၊ မသန်စွမ်းသူ၊ သန်စွမ်းသူ၊ ကလေး၊ လူကြီး) အားလုံး အကျုံးဝင် ပါဝင်သောစီမံကိန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြလျှင်ဖြင့် ငြိမ်းချမ်း၊ သာယာ၊ တရားမျှတပြီး ပျော်ရွှင်သော လူသားများနေထိုင်သည့် ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာလောကကြီး ဖြစ်ပေါ်လာမည်ဟု ယုံကြည်မိပါသည်။

**ယနေ့ကမ္ဘာကြီးသည် စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးမှုကို လူသားတို့ရဲ့ ပျော်ရွှင်မှု၊ ငြိမ်းချမ်းမှု၊ တရားမျှတမှု၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှု၊ လူ့ခွင့်အရေးအပြည့်အဝခံစားမှု စတာတွေနဲ့ တိုင်းတာရမယ်ဆိုတာကို ယုံကြည်လာကြပြီဆိုတာ ယနေ့ချမှတ်လိုက်တဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကိုကြည့်ခြင်းအားဖြင့် သိနိုင်မည်**

# ဘားအံမြို့နယ်၌ ကျောင်းသား၊ ပြည်သူများက မူးယစ်ဆေးဝါးဆန့်ကျင်ရှုတ်ချ

**ဘားအံ ဩဂုတ် ၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျုံစောင့် ကျေးရွာအုပ်စု တံတားဦးကျေးရွာ ရွာဦး ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ငွေသန်း၊ ရပ်မိရပ်ဖ ဦးထွန်းနောင်တို့က ဦးစီး၍ ကျေးရွာအတွင်း မူးယစ်ဆေးဝါး ဆန့်ကျင်ရှုတ်ချပွဲ အခမ်းအနားကို ဇူလိုင် ၂၉ ရက်က ကျင်းပခဲ့သည်။




မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် ရှုတ်ချရေး လူထုဆန္ဒထုတ်ဖော်ပွဲသို့ ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြာညို၊ ဂျိုင်းနယ်မြေခံရဲကင်းစခန်းမှူး ရဲအုပ်မြင့်နိုင်နှင့် တပ်ဖွဲ့ဝင်များ တက်ရောက်အားပေးခဲ့ကြသည်။

ရဲတပ်ဖွဲ့ဝင်များက ကျေးရွာသို့လာရောက်၍ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲများမှ သိရှိရသည့် မူးယစ်ဆေးဝါးမှုများ၊ ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့်ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးခဲ့ပြီးနောက် မူးယစ်ဆေးဝါးတားဆီးရှုတ်ချလူထုဆန္ဒထုတ်ဖော်ပွဲသို့ တက်ရောက်လာသော ကျောင်းသား ကျောင်းသူ ၁၇၀ ၊ ကျေးရွာသူ ကျေးရွာသား ၁၅၀ တို့သည် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ကြွေးကြော်သံများဖြင့် ကျေးရွာလမ်းအတိုင်း လမ်းလျှောက်ချီတက်လာကာ မူးယစ်ကင်းစင်နယ်မြေဆိုင်းဘုတ်အား ကျေးရွာထိပ်တွင် စိုက်ထူခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# ပြင်ဦးလွင် ဝိုင်အမ်ဘီအေအသင်း အလွတ်တန်းဆောင်းပါး၊ ကဗျာရှည်၊ ဝတ္ထုတိုပြိုင်ပွဲစာမူများဖိတ်ခေါ်

**ပြင်ဦးလွင် ဩဂုတ် ၁**

ပြင်ဦးလွင်မြို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ခေါ်) ဝိုင်အမ်ဘီအေအသင်းကြီး၏ နှစ်တစ်ရာပြည့်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည်ဖြစ်ရာ အခြားသောပွဲတော်များနှင့်အတူ မြို့နယ်အတွင်း အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲများနှင့် မြန်မာတစ်နိုင်ငံလုံးရှိစာပေဝါသနာရှင်များအတွက် အလွတ်တန်း၊ ဆောင်းပါး၊ ကဗျာရှည်၊ ဝတ္ထုတိုပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အလွတ်တန်းဆောင်းပါးနှင့်ကဗျာရှည်ပြိုင်ပွဲအတွက် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာနှင့် ဝိုင်အမ်ဘီအေအသင်းကြီးခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဆောင်းပါးပြိုင်ပွဲအတွက် (A-4) စာမျက်နှာလေးမျက်နှာမှ ခြောက်မျက်နှာအထိကိုလည်းကောင်း၊ ကဗျာရှည်ပြိုင်ပွဲအတွက်(A-4) သုံးမျက်နှာမှငါးမျက်နှာအထိကိုလည်းကောင်း၊ ဝတ္ထုတိုပြိုင်ပွဲအတွက် မိမိကြိုက်နှစ်သက်ရာခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဝိုင်အမ်ဘီအေအသင်းကြီး၏ ဆောင်ပုဒ်ဖြစ်သောအမျိုးကိုချစ်ပါ၊ ဘာသာကိုလေးစားပါ၊ သာသနာကို ချီးမြှင့်ပါ၊ ပညာကိုအားပေးပါဟူသည့် ဖော်ကျူးရေးသားဖွဲ့ဆိုမှုများပါဝင်ရမည်ဖြစ်ပြီး (A-4)လေးမျက်နှာမှ ခြောက်မျက်နှာအထိရေးသားယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲအားလုံးအတွက် စာမျက်နှာတစ်ဖက်တည်းတွင် ကွန်ပျူတာစာစီ၍ စာမူနှစ်စုံ၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းနှင့် မည်သည့်သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း တို့တွင်မှ ပုံနှိပ်ဖော်ပြခြင်း၊ ပေးပို့ခြင်းတို့ လုံးဝမရှိသေးကြောင်း၊ ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံကတိပြုချက်များပါရှိရမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်စာမူများကို ၂၀၁၆ ခုနှစ်စက်တင်ဘာ ၃၀ ရက်နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပြီး ပြင်ဦးလွင် ဝိုင်အမ်ဘီအေရာပြည့်ပွဲတော်ကြီးတွင် ထိုက်ထိုက်တန်တန်ဆုချီးမြှင့်သွားမည်ဖြစ်ပြီး စာမူများကို ဦးသက်နိုင်(သက်နိုင်- ပြင်ဦးလွင်) အတွင်းရေးမှူး ဝိုင်အမ်ဘီအေအသင်း(၇)ရပ်ကွက် ရပ်ကွက်ကြီး (၄)ပြင်ဦးလွင်မြို့သို့ လိပ်မူ၍ပေးပို့ကြရန်နှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း၀၉-၄၀၀၄၄၅၂၃၇ သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ရက် ၁၀၀ စီမံချက်ဖြင့် မှုခင်းကျဆင်းရေး ဆောင်ရွက်

**မန္တလေး ဩဂုတ် ၁**

လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ဇူလိုင်လနောက်ဆုံးပတ်က မန္တလေးဘူတာကြီးအတွင်း လုံခြုံရေးလှည့်ကင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာ အမှတ်(၄) လုံခြုံရေးရဲတပ်ဖွဲ့(မန္တလေး)မှ ယာယီရဲမှူး ရဲလင်းအောင်နှင့်တပ်ဖွဲ့ဝင်များ၊ ချမ်းအေးသာစံမြို့နယ် အမှတ်(၈) မြို့မရဲစခန်းမှူးဒုတိယရဲမှူး ကျော်သာဦးနှင့် တပ်ဖွဲ့ဝင်များသည် လမ်း (၃၀ × ၇၈) လမ်းထောင့်ရှိ မန္တလေးအဆင့်မြင့် ဘူတာကြီးနှင့် ဘူတာနယ်မြေအတွင်း လှည့်ကင်းများ၊ ရပ်ကင်းများ၊ မော်တော်ယာဉ်များဖြင့် မှုခင်းကျဆင်းရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် သတ်မှတ်ကာလအတွင်း နေ့စဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

ပညာရေး ကမ္ဘာတွင် နှစ်ပေါင်း ၄၀ ကျော်တိုင် ဂုဏ်သရေ နှင့် တကွ အခွန့်ရှည်ကြာခဲ့ပြီ

ဂုဏ်ထူးဦးအောင်နိုင် ESSAYS & LETTERS
ဂုဏ်ထူးဦးအောင်နိုင် BASIC GRAMMAR
ဂုဏ်ထူးဦးအောင်နိုင် Grade 10 English ၁၀-တန်း အင်္ဂလိပ်စာ

ဂုဏ်ထူးဦးအောင်နိုင်
စာသင်သား လက်စွဲ စာအုပ်များ
၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။
01 252 919, 09 964 252 919

ဂုဏ်ထူးဦးအောင်နိုင် Grade 9 English ၉ တန်း အင်္ဂလိပ်စာ
ဂုဏ်ထူးဦးအောင်နိုင် Grade 8 English Reader Eight
ဂုဏ်ထူးဦးအောင်နိုင် Grade 4 English Reader Four

HYUNDAI
HEAVY INDUSTRIES CO.,LTD.




SHT
ရွှေထွက်တိုးကုမ္ပဏီလီမိတက်

Family United Power Co.Ltd ၏ Sold Distributor ဖြစ်သော ရွှေထွက်တိုး ကုမ္ပဏီ မှ
Warranty (၂) နှစ် (သို့) နာရီ(၃၀၀၀) အာမခံရှိသော (၆တန်) Brand New Mini Excavator များကို
အရစ်ကျ ငွေချေစနစ်ဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးနေပါသည်။ Stock ပစ္စည်းများ in hand ရှိပါသည်။

အမှတ် (၁၉၄၄)၊ ဗိုလ်ချုပ်လမ်း နှင့် ပီမိုးနင်းလမ်းထောင့်၊ ရန်ကုန် - ပုသိမ် အဝေးပြေးလမ်းမကြီးဘေး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့
အရောင်းဌာနဖုန်း - ၀၉ ၉၇၇၂၄၂၁၄၀၊ ၀၉ ၉၇၁၁၅၄၉၁၊ ဖက်(စ်) ၀၁ - ၆၈၄၇၃၃
စက်ပြင်ဌာနဖုန်း - ၀၉ ၂၆၃၉၅၂၃၀
Hotline - ၀၉ ၂၆၃၉၅၂၅၇၇
အီးမေးလ် - waillianzaw@shwehtwettoe.com/winsander@shwehtwettoe.com

## ဖခင်အမည်မှန်

မြွန်တန်ဆာမြို့နယ် အ. ထ. က (၁) ၁၁သမတန်း (ဒီ) မှ မမြတ်ဖူးဝေ၏ ဖခင်အမည်မှန်မှာ ဦးသိန်းဝေ (၇/ညလပ (နိုင်)၀၂၅၉၀၅) ဖြစ်ပါကြောင်း။

**ဦးသိန်းဝေ**

## ဖခင်အမည်မှန်

ဒိုက်ဦးမြို့နယ် အ. ထ. က (၁) ဆဋ္ဌမတန်း (ဒီ) မှ မောင်ဝေယံဦး၏ ဖခင်အမည်မှန်မှာ ဦးသိန်းဝေ (၇/ညလပ (နိုင်)၀၂၅၉၀၅) ဖြစ်ပါကြောင်း။

**ဦးသိန်းဝေ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မင်္ဂလာဒုံမြို့နယ်တရားရုံး**

**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၃၁**

ဒေါ်အေးမြင့် နှင့် ၁။ ဒေါ်ကြည်ရှိန်(ခ)ဒေါ်ကျင်ရှိန်
၂။ ဦးဝင်းနိုင်
၃။ ဦးကံကောင်း(ခ)ဦးကျော်ကျော်

**တရားလို** **တရားပြိုင်များ**

အထက်ပါအမှုမှ (၃) တရားပြိုင် ဦးကံကောင်း (ခ) ဦးကျော်ကျော် အောင်မင်္ဂလာလမ်း၊ ပလရရပ်ကွက်(ကြူစမ်း) ဝါယာလက်၊ မင်္ဂလာဒုံမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုဒေါ်အေးမြင့်က ဝယ်ယူပိုင်ဆိုင်လက်ရှိထားသည့် မြေကွက်ကို ခြံစည်းရိုးကာရံခြင်းအား နှောင့်ယှက်တားဆီးခြင်းမပြုရန် အမြဲတမ်းတားဝရမ်းထုတ်ဆင့်ပေးပါရန် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၆ ခုနှစ် ဩဂုတ် ၉ ရက် (၁၃၇၈ ခုနှစ် ဝါခေါင်လဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သန္တာ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

## အသိပေးကြေညာချက်

ဘားအံမြို့နယ်၊ ကျုံဖဲကျေးရွာပိုင်၊ ကျုံဖဲတာတမံကွင်း၊ ကွင်းအမှတ် ၁၂၈၃ ရှိ မြေဧရိယာ ၅၅၀ဧကသည်လည်းကောင်း၊ ဇာသပြင်ကျေးရွာအုပ်စုပိုင် ဦးပိုင်အမှတ် ၁၂၈၂ ရှိ လယ်လုပ်မြေဧရိယာ ၄၇၄ ဧကသည်လည်းကောင်း၊ ကော့သင်းကျေးရွာအုပ်စု၊ ကမာမွတ်မြောက်ကွင်း၊ ဦးပိုင်အမှတ် ၁၂၈၉၊ ၁၂၉၀-က၊ ၁၂၉၁-ခ၊ ၁၂၉၁၊ ၁၂၉၇၊ ၁၂၉၈ ရှိ မြေဧရိယာ ၁၇၂၂ ဧကသည်လည်းကောင်း၊ လှိုင်းဘွဲ့မြို့နယ်၊ ပိုင်ကျုံမြို့၊ ကြက်တူရွေးကုန်း၊ ကွင်းအမှတ် OSS ရှိမြေဧရိယာ ၈၀၀ ဧကသည်လည်းကောင်း၊ ကျွန်မဒေါ်ခင်နှင်းဆီ ၁၀/လမန(နိုင်)၀၃၄၆၂၅ တရားဝင်ပိုင်ဆိုင်ထားသော မြေဧရိယာများဖြစ်ပါသည်။ ကျွန်မ တရားဝင်ပိုင်ဆိုင်မှုရရှိထားသော ထိုမြေဧရိယာများတွင် ကျွန်မ၏ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ကျူးကျော်၊ စိုက်ပျိုးလုပ်ကိုင်ခြင်းမပြုရန် သတိပေးတားမြစ်ပါကြောင်းနှင့် ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ဥပဒေနှင့်အညီ ကန့်ကွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်နှင်းဆီ ဖုန်း-၀၉-၄၅၅၃၈၉၅၃၉**
**ဦးသက်ပိုင် LL.B (အထက်တန်းရှေ့နေ) (စဉ်-၃၁၈၅၇)**
**ဖုန်း-၀၉-၇၈၁၆၃၁၅၇၆**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၉ယ/၈၉၂၉၇ Dayang 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သက် ၈/မဘန(နိုင်)၁၂၈၀၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး(မင်းဘူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ယ/၁၂၈၄၇ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်လင်း ၈/မကန(နိုင်)၁၃၉၅၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ရောင်းရန်ကြော်ငြာ

**တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆**

**မန္တလေးခရိုင်တရားရုံး**

**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၄၈**

ဦးသိန်းဝင်း နှင့် ဒေါ်ခင်ခင်ကြိုင်

**တရားနိုင်** **တရားရှုံး**

မန္တလေးခရိုင်တရားရုံး ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၂၅၆ တွင် ၂၀၁၅ ခုနှစ် မတ် ၁၀ ရက်စွဲပါ ဒီကရီကိုအတည်ပြုရာတွင် တရားရှုံးပိုင် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၆ ခုနှစ် ဩဂုတ် ၂၇ ရက် နံနက် ၁၀:၀၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**ပစ္စည်းစာရင်း**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဒဒ-၂၂)၊ ဦးပိုင်အမှတ် ၄၉၊ ပေ(၆၀×၄၀) မြေကွက်၏အလယ်ပိုင်း အရှေ့အနောက် ပေ(၄၀)၊ တောင်မြောက်ပေ(၂၀)အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်နံကပ်တိုက်အပါအဝင်အကျိုးခံစားခွင့်အားလုံး။

**ကြမ်းခင်းဈေး ကျပ်သိန်း ၁၀၀**

**ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ**

၁။ အမည်စာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်လာပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့်လေလံငွေများကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၆ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်မြင့်)**
**ဒုတိယခရိုင်တရားသူကြီး (၄)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ဒလမြို့နယ်တရားရုံး**

**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၄၃**

ဒေါ်မြင့်မြင့်အေး (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်မြမြစိုး) နှင့် မတင်မေဝင်း

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အံကြီးအရှေ့ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ် ၁၀/၃၉၄ တွင် နေထိုင်သူ (ယခုနေရပ်လိပ်စာမသိ) တရားပြိုင် မတင်မေဝင်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၄၈၀၀၀၀၀/- ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဩဂုတ် ၁၂ ရက် (၁၃၇၈ ခုနှစ် ဝါခေါင်လဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းများအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(သီရိဝေ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒလမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

၁။ ပြင်ဦးလွင်ခရိုင်၊ ရပ်ကွက်ကြီး (၆)၊ အကွက်အမှတ် (RA-IV)၊ ဦးပိုင်အမှတ် (၆-ဃ)၊ မြေယာအမှတ် (47/357)၊ ဧရိယာ ၁ ဒသမ ၇၀ ဧကအား မြေငှားဂရန်အမှုတွဲအမှတ် (၂၈၅/၁၉၆၀-၁၉၆၁အရ) ဒေါ်ခင်မိမိအမည်ဖြင့် ၁-၁၀-၁၉၆၁မှ ၁-၁၀-၁၉၉၁ ထိ နှစ်(၃၀)ဂရန်ရရှိထားပြီး သက်တမ်းတိုးဆောင်ရွက်ခြင်းမရှိသည့်အတွက် ဒေါ်ခင်မိမိအမည်ပေါက် မြေငှားဂရန်အား ပယ်ဖျက်သွားမည်ဖြစ်ပါသည်။
၂။ ပြင်ဦးလွင်ခရိုင်၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ် (RA-IV)၊ ဦးပိုင်အမှတ် (၆-ဃ)၊ မြေယာအမှတ်(47/357)၊ ဧရိယာ ၁ ဒသမ ၇၀ ဧကအတွင်းမှ မြေဧရိယာ ၀ ဒသမ ၃၈ ဧကကို ဦးသက်လွင်၏ SP ရရှိသူ ဦးစိုးမိုးအောင်မှ ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။

အထက်ပါအပိုဒ် (၁) (၂)ကိစ္စရပ်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ၂၀၁၆ ခုနှစ် ဩဂုတ် ၁၄ ရက် နောက်ဆုံးထားပြီး ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေအပိုဒ်(၁၉)အရ ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးစိုးမိုးအောင်** | **ဦးသန်းဌေး** | **ဒေါ်မြမြဌေး** |
| **ဦးသက်လွင်၏** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **အထူးကိုယ်စားလှယ်** | **(စဉ်-၁၁၉၀၀)** | **(စဉ်-၉၅၉၆)** |
| **စာရသူ** | **ရုံးကြီးဝင်းအတွင်း၊ လမ်း(၃၀)၊** | |
| **လွှဲအပ်ညွှန်ကြားသူ** | **၆၈×၇၀လမ်းကြား၊ မန္တလေးမြို့** | |

## မိခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထကတောင်နီ၊ အဋ္ဌမတန်း(ဂ)မှ မောင်ပြည့်ဖြိုးအောင်၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်မြင့်ဌေး ၁၃/တကန(နိုင်)၂၇၂၂၄၁ ဖြစ်ပါကြောင်း။

**ဒေါ်မြင့်မြင့်ဌေး**

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက တောင်နီ၊ အဋ္ဌမတန်း(က)မှ မချစ်စုဝေ၏ ဖခင်အမည်မှန်မှာ ဦးတင်ဦး ဖြစ်ပါကြောင်း။ **ဦးတင်ဦး**

## အမည်ပြောင်း

ဦးစောအယ်စတိုလ္လီ၏ သမီး လှိုင်ကော်မြို့၊ အထက (၂)၊ ပဥ္စမတန်း(ခ)မှ နော်အယ်ဒိုဝေါထူးအား နော်အယ်လားရှီးဟု ပြောင်းလဲခေါ်ပါရန်။ **နော်အယ်လားရှီး**

## မွေးသက္ကရာဇ်အမှန်

ဦးစောအယ်စတိုလ္လီ၏ သမီး လှိုင်ကော်မြို့၊ အထက (၂)၊ ပဥ္စမတန်း(ခ)မှ နော်အယ်လားရှီး၏ မွေးသက္ကရာဇ်မှန်မှာ ၁၅-၁၂-၂၀၀၅ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက တောင်နီ၊ ဆဋ္ဌမတန်း(က)မှ မသဥ္ဇာနှင်း၏ မိခင်အမည်မှန်မှာ ဒေါ်ပြုံးကြည် ၁၃/တကန(နိုင်)၁၇၄၁၁၈ ဖြစ်ပါကြောင်း။ **ဒေါ်ပြုံးကြည်**

## အမည်ပြောင်းနှင့် ဖခင်အမည်မှန်

ဦးဆွန်းအုံ၏သား မြိတ်မြို့၊ အထက (၂)၊ နဝမတန်း(1-J)မှ မောင်ဟိန်းဇော်ဝင်းအား မောင်ဟိန်းဇော်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် မောင်ဟိန်းဇော်လင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဆွန်းအုံ ဖြစ်ပါကြောင်း။

**မောင်ဟိန်းဇော်လင်း၊ ဦးဆွန်းအုံ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၁၄၀၁၆ Honda Wave-100 ,M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှမြင့် ၆/တသရ(နိုင်)၀၁၄၁၅၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

## ပခုက္ကူတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပခုက္ကူတက္ကသိုလ်တွင် အသစ်ဖွင့်လှစ်မည့် ကျောင်းသားကျောင်းသူများ နားနေဆောင်ရှိ ဆိုင်ခန်း(၂၀)ခန်းအား စားသောက်ဆိုင်နှင့် စတိုးဆိုင်များ ဖွင့်လှစ်ရောင်းချရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ပါသည်-

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၅-၈-၂၀၁၆ရက် (သောကြာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၉-၈-၂၀၁၆ရက် (သောကြာနေ့) ညနေ ၄း၀၀နာရီ

၃။ အသေးစိတ်သိရှိလိုပါက ပခုက္ကူတက္ကသိုလ်၊ စီမံ/ဘဏ္ဍာဌာနတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဆိုင်ခန်းကြီးကြပ်မှုကော်မတီ**
**ပခုက္ကူတက္ကသိုလ်၊ ဖုန်း-၀၆၂-၂၁၁၇၇**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပခုက္ကူမြို့နယ်၊ ပခုက္ကူခရိုင် လူမှုဝန်ထမ်းရုံးဆောက်လုပ်ခြင်းလုပ်ငန်း။
(ခ) တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွားမူလတန်းကြိုကျောင်း ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် တရုတ်ကောမူလတန်းကြိုကျောင်း အုတ်တံတိုင်း ကာရံခြင်းလုပ်ငန်း။

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း လူမှုဝန်ထမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို၂၂-၈-၂၀၁၆ရက် ညနေ၁၆း၃၀ နာရီ နောက်ဆုံးထား၍ လူမှုဝန်ထမ်းဦးစီးဌာန၊မကွေးတိုင်းဒေသကြီးရုံးသို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၆၃-၂၈၃၃၈၊ ၀၉-၄၀၁၅၁၉၀၈၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ် ၂/၂၀၁၆-၂၀၁၇

၁။ လမ်းဦးစီးဌာန၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၀)၊ ရေကြည်မြို့၏ (ဒုတိယအကြိမ်) ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်လမ်းခင်းပစ္စည်းများကို လမ်းအလိုက် လမ်းအပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။ ပစ္စည်းအမျိုးအစားများမှာ ကျောက်ရွယ်စုံ၊ သဲ၊ မြေရောကျောက်စရစ်၊ မြစ်ကျောက်စရစ်၊ သံချောင်းရွယ်စုံ၊ ဘိလပ်မြေ၊ တောသစ်၊ သစ်မာများဖြစ်ပါသည်။

၂။ လိုအပ်သည့်လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့်တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းအထူးအဖွဲ့(၂၀) ရေကြည်မြို့ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၁၀-၈-၂၀၁၆ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၄-၈-၂၀၁၆ ရက် နံနက် ၉း၀၀ နာရီ
(ခ) **တင်ဒါလျှောက်လွှာဖွင့်မည့်ရက်/အချိန်** - ၂၄-၈-၂၀၁၆ ရက် နံနက် ၉း၃၀ နာရီ
(ဂ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၂၀)ရေကြည်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို လမ်းဆောက်လုပ်ရေးအထူးအဖွဲ့ (၂၀)၊ ရေကြည်မြို့တွင် ၁၇-၈-၂၀၁၆ ရက်မှစတင်၍ ရုံးချိန်အတွင်း လာရောက် ဝယ်ယူနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးအဖွဲ့**
**ဖုန်း-၀၄၆-၅၂၀၁၀၊ ၀၄၆-၅၂၀၁၁**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အတွင်း လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ(၈၀/၁၀၀)အမျိုးအစားများကို မြန်မာ (ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ကတ္တရာအိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် လျှောက်လွှာနှင့်အတူ တင်သွင်းမည့် ကတ္တရာများအားထုတ်လုပ်သည့်နိုင်ငံ၊ ကတ္တရာတစ်တန်တွင်ပါဝင်မည့် ကတ္တရာ ပီပါအရေအတွက်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ တရားဝင်တင်သွင်းခွင့်ပြုပြီး သွင်းကုန်ပစ္စည်းခွန် (Customs Duty)ပေးဆောင်ပြီးဖြစ်ကြောင်း ထောက်ခံချက်၊ လမ်းသုတေသနဓာတ်ခွဲခန်းများရုံး၏ ကတ္တရာအရည်အသွေး၊ စံချိန်စံညွှန်း ထောက်ခံချက်တို့နှင့်အတူ လျှောက်ထားရမည်။

၃။ **တင်ဒါတင်သွင်းရမည့်ရက်** - ၉-၈-၂၀၁၆ရက်မှ ၁၉-၈-၂၀၁၆ရက်ထိ
**တင်ဒါပိတ်မည့်ရက်** - ၁၉-၈-၂၀၁၆ရက် ၁၆း၀၀နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ အစည်းအဝေးခန်းမ၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့

၄။ လျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ၈-၈-၂၀၁၆ရက်မှစ၍ လမ်းဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၄၃-၂၂၁၅၃၊ ၀၄၃-၂၃၃၆၅၊ ၀၉-၈၅၂၂၃၇၆**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီးအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် တင်သွင်းရမည့် ဆေးဝါးစာရင်းကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁-၈-၂၀၁၆ရက်(တနင်္လာနေ့)
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၆-၈-၂၀၁၆ရက်(သောကြာနေ့) ညနေ ၄း၀၀နာရီ

**တင်ဒါဝယ်ယူရေးလုပ်ငန်းစိစစ်ရေးအဖွဲ့**
**အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီး**
**စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၆၄၅၇၅၆၊ ၀၁-၆၄၅၇၄၈**

## (၁/၂၀၁၆)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းတည်ဆောက်ရေး(၃)၊ လမ်းအထူးအဖွဲ့(၁၇)၊ စစ်တွေမြို့မှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အတွင်း ပြည်ထောင်စု/ပြည်နယ်ငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပေးသွင်းလိုသူများသည်အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၁၇)၊ စစ်တွေမြို့တွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၈-၈-၂၀၁၆ရက်
**နောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၉-၈-၂၀၁၆ရက် ညနေ ၄း၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၂၄-၈-၂၀၁၆ရက် နံနက် ၁၀း၀၀နာရီ
**နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ စစ်တွေမြို့

အသေးစိတ်သိလိုပါက ဖုန်း-၀၉-၄၂၁၇၁၀၃၄၄၊ ၀၉-၄၅၀၅၄၂၂၂၈၊ ၀၉-၄၂၁၇၆၁၇၄၄

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းအထူးအဖွဲ့(၁၇)၊ စစ်တွေမြို့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စက်မှုလယ်ယာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော်-ရေဆင်းရှိ စက်မှုလယ်ယာသင်တန်းကျောင်းတွင် အောက်ဖော်ပြပါ တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုင်စင်ရသည့် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) အုတ်ခြံစည်းရိုး၊ (၁၂၃၀'×၆')နှင့် ဂိတ်/ဂိတ်တံခါး (၂)စုံ
(ခ) (၁၆'×၁၆'×၃၂')သံရေစင်၊ ဂါလန် (၆၀၀၀)ဆံ့ Water Tankနှင့် ရေစက်ရုံ
(ဂ) ကွန်ကရစ်လမ်း (၈")ထု RCခင်းခြင်း၊
(ဃ) မြေသားလမ်း (၁၆")ထု(ရိုစာ) ခင်းခြင်း၊
(င) အုတ်ရေမြောင်း (၁၄၀၀'×၃'×၅')ပြုလုပ်ခြင်း၊
(စ) (၃၀'×၂၈'×၁၁')အရာရှိနေအိမ် RC(၁)ထပ်
(ဆ) (၄၀'×၃၀'×၁၁') (၂)ခန်းတွဲအိမ်ရာ RC(၁)ထပ်
(ဇ) (၁၂၀'×၂၄'×၁၁') (၈)ခန်းတွဲအိမ်ရာ RC(၁)ထပ်

၂။ (က) **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၈-၇-၂၀၁၆ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၅-၈-၂၀၁၆ရက်၊ ၁၆း၀၀နာရီ

၃။ အသေးစိတ်သိရှိလိုပါက စီမံရေးရာဌာနခွဲ၊ အထွေထွေလုပ်ငန်းဌာနစု ဖုန်း-၀၆၇-၄၃၁၄၃၇သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စက်မှုလယ်ယာဦးစီးဌာန၊ ရုံးအမှတ်(၅၀) နေပြည်တော်**

## CLAIMS DAY NOTICE
## M.V SPRING SKYVOY:NO(64)

Consignees of cargo carried by M.V SPRING SKY VOY: NO. (64) are here by notified that the vessel will arrive on about 3-8-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ယ/၅၉၀၀၄ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းအောင်စိုးလွင် ၃/ဘအန(နိုင်)၁၆၂၁၃၉(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၃၃၇၈၀ Honda Wave M/C ယာဉ်လက်ဝယ်ရှိသူ ဦးခွန်စံမင်း ၃/ဘအန(နိုင်)၂၆၂၄၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## အသက်မွေးဝမ်းကျောင်းပညာခေါင်းစဉ်မှ ဝင်ငွေခွန်ပေးဆောင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်

* **အကျုံးဝင်သည့်ဝင်ငွေများ**

- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဆိုသည်မှာ မိမိကျွမ်းကျင်သည့် လုပ်ငန်းကို ဝန်ဆောင်ခရယူ၍ ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုတစ်ရပ်ဖြစ်ပါသည်။ ဥပမာ-ဆရာဝန်၊ သူနာပြု၊ ဆရာမ၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဗိသုကာပညာရှင်၊ အနုပညာသည်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ စာရင်းကိုင်၊ စာရင်းစစ် စသည့် ပညာရှင်တို့က ဝန်ထမ်းအဖြစ် ဆောင်ရွက် ခြင်းမဟုတ်ဘဲ ဝန်ဆောင်ခရယူလျက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းကိုဆိုလိုပါသည်။
- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေမှာ လစာမဟုတ်သော ဝန်ဆောင်ခအဖြစ် ရရှိသည့်ဝင်ငွေဖြစ်ပါသည်။
- မိမိတတ်ကျွမ်းသည့်ပညာကို အခြေခံပြီး လုပ်ကိုင်ခြင်းမှန်သော်လည်း နေ့စဉ်(သို့မဟုတ်) လစဉ် ပုံသေလုပ်ခ သို့မဟုတ် လစာရယူ၍ လုပ်ကိုင်ခြင်းဖြစ်လျှင် အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းမှ ဝင်ငွေမဟုတ်ဘဲ လစာမှဝင်ငွေသာဖြစ်သည်။

* **အခွန်နှုန်း** ။ ၁-၄-၂၀၁၆ ရက်မှ စတင်ရရှိသည့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း ဝင်ငွေအပေါ် အောက်ဖော်ပြပါ အခွန်နှုန်းဖြင့် တွက်ချက်ပါမည်-

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (က) | ၁ | ၂၀၀၀၀၀၀ | ၀ ရာခိုင်နှုန်း |
| (ခ) | ၂၀၀၀၀၀၁ | ၅၀၀၀၀၀၀ | ၅ ရာခိုင်နှုန်း |
| (ဂ) | ၅၀၀၀၀၀၁ | ၁၀၀၀၀၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (ဃ) | ၁၀၀၀၀၀၀၁ | ၂၀၀၀၀၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (င) | ၂၀၀၀၀၀၀၁ | ၃၀၀၀၀၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (စ) | ၃၀၀၀၀၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

* **စာရင်းထားရှိခြင်း**။ သက်ဆိုင်ရာဝင်ငွေနှစ်အတွက် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေများနှင့် ထိုနှစ်အတွင်းလုပ်ငန်းအတွက် ကုန်ကျသည့်စရိတ်များကို ဖော်ပြသည့် ဘဏ္ဍာရေး ရှင်းတမ်း (Financial Statement) တင်ပြရပါမည်။

* **ဝင်ငွေတွက်ချက်ခြင်း**။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေကို တွက်ချက်ရာတွင် ဝင်ငွေရရှိရန် ကုန်ကျသည့်စရိတ်များနှင့် ပစ္စည်းတန်ဖိုးလျော့ငွေကို နုတ်ပေးပါသည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်ပယ်ခွင့်မပေးပါ။ ဝင်ငွေမှ ကုန်ကျစရိတ်နုတ်ပယ်ပြီးသည့် အသားတင်ဝင်ငွေအပေါ် သက်သာခွင့်များနုတ်ပယ်ပြီး သတ်မှတ်အခွန်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်-

- မတည်စရိတ်
- ကိုယ်ရေးကိုယ်တာစရိတ်
- လုပ်ငန်းပမာဏနှင့် မမျှအောင်များသည့်စရိတ်

* အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းသည် အတတ်ပညာ၊ အသိပညာကို အရင်းအနှီးပြု၍ လုပ်ကိုင်ရသဖြင့် လုပ်ငန်းသဘာဝကိုလိုက်၍ ခွင့်ပြုရမည့်စရိတ်များမှာလည်း ပြောင်းလဲမှု ရှိနိုင်ပါသည်။ ဆရာဝန်တစ်ဦး၏ စရိတ်နှင့်ရှေ့နေတစ်ဦး၏ စရိတ်တူညီနိုင်မည်မဟုတ်ပါ။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းအားလုံးနှင့် အကျုံးဝင်မည့်စရိတ်များကို ပုံသေသတ်မှတ်ပေး ထားခြင်းမရှိပါ။

* **အခွန်တွက်ချက်ခြင်း**။ အောက်ဖော်ပြပါ နမူနာဖြင့် ရှင်းလင်းအပ်ပါသည်-

ဦးကျော်၏ ပုဂ္ဂလိက စာရင်းကိုင်လုပ်ငန်းမှ တစ်နှစ်ဝန်ဆောင်ခရငွေစုစုပေါင်း ကျပ်သိန်း ၁၂၀ ရရှိသော်လည်း အသုံးစရိတ်များ နုတ်ပယ်ပြီးသည့် အသားတင် ဝင်ငွေမှာ ကျပ် ၆၀၀၀၀၀၀ ရရှိသည်ကို တွေ့ရှိရပါသည်။ ဦးကျော်တွင် မှီခိုသူ ဇနီးရှိပြီး သားသမီးနှစ်ဦးအနက် တစ်ဦးမှာ အိမ်ထောင်သည်သားဖြစ်၍ ကျန်တစ်ဦးမှာ ၁၀ တန်းကျောင်းသူဖြစ်ပါသည်။ ဦးကျော်သည် မိမိတတ်ကျွမ်းသည့် စာရင်းပညာဖြင့် စာရင်းရေးဆွဲပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုကို ဝန်ဆောင်ခ ရယူဆောင်ရွက်ပေးခြင်းသာဖြစ်သဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှ ဝင်ငွေအဖြစ် အောက်ပါအတိုင်းအခွန်တွက်ချက်ရမည်ဖြစ်ပါသည်-

အသားတင်ဝင်ငွေ = ၆၀၀၀၀၀၀

**(နုတ်)သက်သာခွင့်များ**
(က) အခြေခံသက်သာခွင့် = ၁၂၀၀၀၀၀
(စုစုပေါင်းဝင်ငွေ၏ ၂၀%ဖြင့်)
(ခ) အိမ်ထောင်ဖက်အတွက် = ၁၀၀၀၀၀၀
(ဂ) အိမ်ထောင်သည်သားအတွက် = ခွင့်မပြု
(ဃ) ကျောင်းသူသမီးအတွက် = ၅၀၀၀၀၀
= ——— = ၂၇၀၀၀၀၀

**အခွန်စည်းကြပ်ရန်ဝင်ငွေ** = ၃၃၀၀၀၀၀
**အခွန်တွက်ချက်ခြင်း**
၁ ကျပ်မှ ၂၀၀၀၀၀၀ ထိ ပထမ ၂၀၀၀၀၀၀ အတွက် ၀%ဖြင့်
၂၀၀၀၀၀၁ ကျပ်မှ ၃၃၀၀၀၀၀ ထိ ကျန် ၁၃၀၀၀၀၀ အတွက် ၅%ဖြင့် ၆၅၀၀၀
စုစုပေါင်းကျသင့်အခွန် ၆၅၀၀၀

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရွှေဘိုမြို့နယ်တရားရုံး၌
## ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၄၅

ဒေါ်နီနီဝင်း(ခ)ဒေါ်ရီရီဝင်း **နှင့်** ၁။ ဦးညွှန့်ဝင်း
၂။ ဦးကျော်နိုင်ဝင်း
**တရားလို** **တရားပြိုင်များ**

ဦးညွှန့်ဝင်း(ဘ)ဦးကုလားကြီး၊ တောင်သူ၊ မောင်းတက်ရွာ၊ အုန်းပေါက်ကျေးရွာအုပ်စု၊ ကျောက်မြောင်းမြို့နယ်ခွဲ၊ ရွှေဘိုမြို့နယ်နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်နီနီဝင်း(ခ)ဒေါ်ရီရီဝင်းက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၆ ခုနှစ် ဩဂုတ် ၁၅ ရက် (၁၃၇၈ ခုနှစ် ဝါခေါင်လဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထိပ်ထားလေး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ရွှေဘိုမြို့နယ်တရားရုံး**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ခန်းကို လက်ရှိအမည်ပေါက် (ကွယ်လွန်)၏သမီးမှ ၎င်း၏အမည်ဖြင့် အဆောက်အအုံနေထိုင်ခွင့် စာချုပ်ချုပ်ဆိုခွင့် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးလှရွှေ(ကွယ်လွန်) ၁၂/သကတ(နိုင်)၀၁၅၂၂၅ | ဒေါ်နီလာ(သမီး) ၁၂/သကတ(နိုင်)၁၁၃၈၀၀ | တိုက် B၊အခန်းအမှတ် ၁၀၄၊ ရွှေပြည်သာတန်ဖိုးနည်းအိမ်ရာ၊ ရွှေပြည်သာမြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထကတောင်နီ၊ စတုတ္ထတန်း(က)မှ မသွန်းသီရိဟန်နှင့် တတိယတန်း(က)မှ စိုင်းဇင်ဖြိုးသန့်တို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်အောင် ၁၃/တကန(နိုင်)၁၆၀၈၆၁ ဖြစ်ပါကြောင်း။
**ဦးမြင့်အောင်**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့၊ အထက(နမ့်စန်)၊ အဋ္ဌမတန်းမှ မောင်ကျော်ကျော်အောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်းအောင် ၁၃/နစန(နိုင်)၀၅၈၂၅၆ ဖြစ်ပါကြောင်း။ **ဦးဇော်လင်းအောင်**

## အမည်ပြောင်း

ပင်လောင်းမြို့၊ အထက(၁)၊ ဆဋ္ဌမတန်းမှ ခွန်အောင်ပန်းအား ယနေ့မှစ၍ ခွန်အောင်သိန်းထွန်းဟု ပြောင်းလဲခေါ်ပါရန်။
**ခွန်အောင်သိန်းထွန်း**

## မိဘအမည်မှန်

တောင်ကြီးမြို့နယ်၊ အထကတောင်နီ၊ သတ္တမတန်း(ဂ)မှ မောင်ဟိန်းမင်းထက်၏ မိဘအမည်မှန်မှာ ဦးသူရကိုကို၁၃/တကန(နိုင်)၁၇၃၂၆၉နှင့် ဒေါ်နွယ်ဝင်း ၁၃/တကန(နိုင်)၁၇၅၆၅၃ ဖြစ်ပါကြောင်း။
**ဦးသူရကိုကို-ဒေါ်နွယ်ဝင်း**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၄)၊ နဝမတန်း(G)မှ မနဒီဝင့်ထည်၏ ဖခင်အမည်မှန်မှာ ဦးမြင့်အောင် ၁၃/တကန(နိုင်)၁၆၀၈၆၁ ဖြစ်ပါကြောင်း။ **ဦးမြင့်အောင်**



# တောင်သမန်အင်း ရေဝင်ရောက်မှုမြင့်တက်သဖြင့် ဦးပိန်တံတားယာယီပိတ်ထား

**မန္တလေး ဩဂုတ် ၁**

မန္တလေး(အမရပူရ) တောင်သမန်းအင်းအတွင်းသို့ ရေဝင်ရောက်မှုတဖြည်းဖြည်းမြင့်တက်လာသောကြောင့် ဩဂုတ် ၁ ရက်မှစ၍ ဦးပိန်တံတားပေါ်ဖြတ်သန်းသွားလာမှုအား ယာယီပိတ်ထားကြောင်း သိရသည်။

"မန္တလေးမှာ ဇူလိုင် ၃၀ ရက်ကစပြီး မြစ်ရေက စိုးရိမ်ရေမှတ်အထက် ကျော်လာတာ ဒီနေ့ဆိုရင် နှစ်ပေလောက်ထိရှိနေတယ်။ မြစ်ရေနဲ့ မြို့ထဲကရေတွေကြောင့် တောင်သမန်အင်းမှာ ရေများလာပြီး ဦးပိန်တံတား တချို့နိမ့်တဲ့နေရာတွေဆို ကြမ်းခင်းအထိကိုရောက်လာပြီ။တာဝန်ရှိသူတွေကတော့ ထိန်းသိမ်းမှုတွေလုပ်နေတယ်"ဟု လာရောက်ကူညီပေးသည့် လူမှုရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။

တောင်သမန်အင်း ရေများလာခြင်းကြောင့် အင်းအရှေ့ဘက်ခြမ်း အုတ်ရိုးနံရံများမှ ရေများစိမ့်ထွက်လာပြီး ကန်ပတ်လမ်းပေါ်တွင်ရေကျော်ကာ တစ်ဘက်ခြမ်းရှိ နံ့သာကျေးရွာသို့ ရေများဝင်ရောက်လာကြောင်း၊ အင်းရေတံခါးကိုလည်း

စာမျက်နှာ ၈ ကော်လံ ၅ ✻

## ဒုဋ္ဌဝတီနှင့်ဝေန်မြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်

**နေပြည်တော် ဩဂုတ် ၁**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်လေးရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မြစ်ငယ်မြို့နှင့် ဝေန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(မြန်မာ့အလင်း)**

## အာဆီယံအမျိုးသမီးပြိုင်ပွဲ ဆီမီးပွဲများ ယနေ့ကစားမည်

**ရန်ကုန် ဩဂုတ် ၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၁၆ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲများကို ဩဂုတ် ၂ ရက်(ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ညနေ ၃ နာရီတွင် ဩစတြေးလျ ယူ-၂၀ အသင်းနှင့် လက်ရှိချန်ပီယံ ထိုင်းအသင်း၊ ညနေ ၆ နာရီတွင်

စာမျက်နှာ ၁၄ ကော်လံ ၄ ◆

## SIM Card များ မှတ်ပုံတင်သုံးစွဲရန် ကိစ္စနှင့်စပ်လျဉ်း၍ အသိပေး

**နေပြည်တော် ဩဂုတ် ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် အများပြည်သူလုံခြုံရေးကို ထိရောက်စွာအကာအကွယ်ပေးနိုင်ရန်၊ အများပြည်သူများအနေဖြင့် မိုဘိုင်းဖုန်းအသုံးပြု၍ mobile banking၊ mobile money၊ online shopping စသည့်ကိစ္စရပ်များ ပြုလုပ်ရာတွင် အသိအမှတ်ပြုပစ္စည်း (Identification Device) တစ်ခုအနေဖြင့် ဆက်စပ်အသုံးပြုနိုင်ရန်၊ SIM Card ပျက်စီး၊ ပျောက်ဆုံးမှုများ ဖြစ်ပေါ်ပါက အလွယ်တကူ ပြန်လည်ရရှိသုံးစွဲနိုင်ရန်တို့အတွက် မိုဘိုင်းဖုန်း သုံးစွဲသူများ၏ SIM Card များကို စနစ်တကျ မှတ်ပုံတင်၍သုံးစွဲခြင်း (SIM Card Registration)စနစ်အား

စာမျက်နှာ ၈ ကော်လံ ၅ ■



မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် ချင်းတွင်းမြစ်ရေ မြင့်တက်လာခြင်းကြောင့် ဩဂုတ် ၁ရက်က ရေဘေးရှောင်စခန်းများတွင် ပြောင်းရွှေ့နေလိုသော အိမ်ထောင်စု၊ လူနှင့်အိမ်မွေးတိရစ္ဆာန်များကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များက ကူညီပြောင်းရွှေ့ပေးစဉ် (မြို့နယ် ပြန်/ဆက်)


